# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်၊ တနင်္လာနေ့။ Monday 22 October 2018 ၆၄၄၇


## ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ်(၅/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်**
**ဒသမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ)တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်) တနင်္လာနေ့၊ ၁၃း၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)တီခွန်မြတ်**
**နာယက**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ်(၃/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**
**ဒသမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ) တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)တီခွန်မြတ်**
**ဥက္ကဋ္ဌ**

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ်(၃/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်**
**ဒသမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ)မန်းဝင်းခိုင်သန်း**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

# ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဒေသစာရီကြွချီပွဲနှင့် သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

**နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ် ၁၀၀ ပြည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီအပူဇော်ခံပွဲနှင့် သီတင်းကျွတ်မီးထွန်းပွဲတော်ကို ယနေ့ ညနေပိုင်းမှစ၍ အောက်တိုဘာ ၂၅ ရက်အထိ ပျဉ်းမနားမြို့ ရှမ်းကန်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖



ပျဉ်းမနားမြို့ ရှမ်းကန်ဝန်းကျင်၌ ရောင်စုံမီးအလှများ ထွန်းညှိထားသည်ကို တွေ့ရစဉ်။




ကြေးမုံ

# သတိတရားနှင့် စုပေါင်းအားဖြင့် အန်တုယူ

မျက်မှောက်ကာလတွင် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုအကျိုးဆက်အဖြစ် ဆိုးရွားလှသည့် သဘာဝဘေးအမျိုးမျိုးတို့ကို ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်ကြုံတွေ့ခံစားနေကြရသည်။ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအမျိုးမျိုးနှင့် နှစ်စဉ်ကြုံတွေ့ခဲ့ရပြီး ယခုနှစ်တွင်မူ ယခင်နှစ်များထက်စာလျှင် ပိုမိုကြုံတွေ့ရင်ဆိုင်ရလျက်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကြုံတွေ့လာရသော သဘာဝဘေးအမျိုးမျိုးတို့မှာ အင်အားမပြင်းထန်ခြင်း၊ သတိတရား၊ အသိတရား၊ ညီညွတ်သည့် စုပေါင်းအင်အားတို့ဖြင့် အန်တုရင်ဆိုင်နိုင်ခြင်းတို့ကြောင့် အခြားနိုင်ငံများနှင့်နှိုင်းစာလျှင် ထိခိုက်ခံစားနိုင်ခြေ နည်းပါးသည်ဟု ခန့်မှန်းရမည်ဖြစ်သည်။ သို့ရာတွင် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ဘေးအန္တရာယ်ဖြစ်ပွားမှုပေါင်း ၂၅၀၀ ကျော်ရှိခဲ့ပြီး လူဦးရေငါးသိန်းကျော် ဘေးဒုက္ခများ ခံစားခဲ့ကြရသည်ဟု ဆိုထားသောကြောင့် လျှော့တွက်၍လည်း မရနိုင်ချေ။

သဘာဝဘေးဟူသည် ကြိုတင်မျှော်မှန်း၍ မရနိုင်သည့် သဘာဝဟုဆိုသော်လည်း ကမ္ဘာတစ်ဝန်းလုံး၌ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအမျိုးမျိုးတို့ကို ယခုနှစ်ဖြစ်ပေါ်နေသော တစ်ကမ္ဘာလုံးဆိုင်ရာ မိုးလေဝသနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေတို့က ခန့်မှန်းဖော်ပြသည့်အတိုင်း ဖြစ်ပေါ်နေသည်ကို မြင်တွေ့နိုင်ပါသည်။

မကြာသေးမီ ရက်သတ္တပတ်ကာလအတွင်း ဒေသတွင်းနိုင်ငံများတွင် အင်အားပြင်းထန်သောမုန်တိုင်းဘေးတို့ကို ကြုံတွေ့ခံစားခဲ့ကြရသော်လည်း မြန်မာနိုင်ငံအနေဖြင့်မူ ထိုဘေးတို့မှ ကင်းလွတ်ခဲ့ရပြီး အဖျားအနားမျှလောက်သာ ထိတွေ့ခံစားခဲ့ကြရသည်။ လုံးဝကင်းလွတ်သော အနေအထားတော့မရှိသေးချေ။ ယခုရက်ပိုင်းတွင်မူ မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်သည့် အလားအလာရှိနေပြီး အိမ်နီးချင်းထိုင်းနိုင်ငံ၏ ပင်လယ်ကွေ့တွင် အပူပိုင်းမုန်တိုင်းငယ် ဖြစ်ပေါ်နေသောကြောင့် ယင်းတို့၏ပွတ်တိုက်ထိတွေ့မှုဒဏ်ကို အနည်းနှင့်အများ ခံရနိုင်ဖွယ်ရှိနေသည်။

ထိုင်းနိုင်ငံမှ အပူပိုင်းမုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်လာနိုင်ဖွယ်နှင့် ထိုသို့ဝင်ရောက်လာချိန်၊ ဝင်ရောက်ပြီးချိန်တို့တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းမှ လေဖိအားနည်းရပ်ဝန်းအားကောင်းလာနိုင်ပြီး မုန်တိုင်းဖြစ်မည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ကို ကြိုတင်ကာကွယ်၍ ရှောင်ရှားကြရမည်ဖြစ်သည်။ လက်ရှိတွင် မုတ်သုံထွက်ခွာသွားပြီဖြစ်သော်လည်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများ ယခုနှစ်ကုန်အထိရှိနေမည်ဟု ခန့်မှန်းထားသဖြင့် သဘာဝဘေးကို စုပေါင်းညီညာစွာဖြင့် အန်တုရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်သည်။

သဘာဝဘေးသည် နိုင်ငံတစ်နိုင်ငံ၏ ရေရှည်တည်တံ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေသည့် အဓိကစိန်ခေါ်မှုဖြစ်သည်။ ထို့ကြောင့် ယင်းအရေးကို နိုင်ငံတော်က မြော်တွေး၍ နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာလုပ်ငန်းစဉ်များနှင့် စီမံကိန်းများရေးဆွဲဆောင်ရွက်ကြရာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ်များကို ပေါင်းစပ်ထည့်သွင်းဆောင်ရွက်နေသည်ကိုတွေ့ရသည်။ သဘာဝဘေးနှင့်ပြည်သူများမှာ အစဉ်အမြဲလိုလို ထိတွေ့နေရသဖြင့် မည်သို့နေထိုင်ဆောင်ရွက်ကြရမည်ကို အားလုံးနားလည်သိရှိထားကြပြီး ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကို ဆောင်ရွက်ကြရာတွင် သဘာဝဘေးကြောင့် လူမှုစီးပွားဆုံးရှုံး ထိခိုက်နိုင်ခြေကို လျှော့ချနိုင်ရန်အတွက် နိုင်ငံသားတိုင်း ပိုမိုပူးပေါင်းပါဝင်နိုင်သည့် အခွင့်အလမ်းကောင်းများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပြီး သတိတရား စုပေါင်းအားဖြင့် သဘာဝဘေးကိုအန်တုကာ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## သီတင်းကျွတ်လပြည့်နေ့အကြို ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ပုဗ္ဗသီရိ အောက်တိုဘာ ၂၁**

အဘိဓမ္မာအခါတော်နေ့(သီတင်းကျွတ်လပြည့်နေ့)အကြို စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက ပုဗ္ဗသီရိမြို့နယ် အထက(၂၀)နှင့် နဝဒေးရပ်ကွက်တို့တွင် လောင်းလှူပူဇော်ခဲ့သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲတွင် ဉာဏဂုဏ်ရည်စာသင်တိုက်မှ သံဃာတော် အပါး ၉၀ အား ဆွမ်းဆန်များ၊ အမွှေးတိုင်ထုပ်များ၊ ဆပ်ပြာထုပ်များ၊ သွားတိုက်ဆေးဘူးများနှင့် ဆေးဝါးများ စသည့် လှူဖွယ်ဝတ္ထုတို့ကို အထက(၂၀) မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် နဝဒေးရပ်ကွက်ရှိ ချမ်းမြေ့ဓမ္မာရုံ ဆွမ်းလောင်းအသင်းတို့



ပူးပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

ဓမ္မပူဇာ တရားပွဲကို အဘိဓမ္မာအခါတော်နေ့ (သီတင်းကျွတ်လပြည့်နေ့)ညတွင် မဟာဗောဓိမြိုင်ဆရာတော် ဘဒ္ဒန္တကေလာသ ခြောက်ဘွဲ့ရ နယ်လှည့်သာသနာပြုဓမ္မကထိက ဆရာတော်က နဝဒေးရပ်ကွက်ရှိ ချမ်းမြေ့ဓမ္မာရုံတွင် တရားတော်များ ဟောကြားပေးတော်မူမည်ဖြစ်ကြောင်း သိရသည်။

**ကံချွန်(မြန်/ဆက်)**

## တနင်္သာရီ၌ ရွှေနန်းသာရီ နဂါးလှေတော်ရေချမင်္ဂလာနှင့် နဂါးလှေတော်ဓလေ့စာတမ်းဖတ်ပွဲ ကျင်းပ

**တနင်္သာရီ အောက်တိုဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ အောက်တိုဘာ ၂၈ ရက်တွင် ၈၆၅ နှစ်မြောက် ရိုးရာနဂါးလှေသဘင်ပွဲတော်ကို စည်ကားစွာ ကျင်းပနိုင်ရန် ရွှေနန်းသာရီ နဂါးလှေတော်ရေချမင်္ဂလာနှင့် နဂါးလှေတော်ရေလယ်ဆုများ ချီးမြှင့်ပေးနိုင်ရန် နဂါးလှေတော်ဓလေ့ စာတမ်းဖတ်ခြင်းကို ယနေ့ နံနက်ပိုင်းက တနင်္သာရီမြို့ ချောင်းကြီးကျောင်းတိုက်မှ ရွှေလိပ်ပြာကမ်းနား



လမ်းရေဆိပ်သို့ လှေတော်သားများက ရေချမင်္ဂလာ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ငွေနန်းသာရီနဂါးလှေရုံအရှေ့ ရေဆိပ်နေရာတွင် ရွှေနန်းသာရီနှင့် ငွေနန်းသာရီနဂါးလှေမှ လှေတော်သားများအား တနင်္သာရီမြို့ နဂါးလှေတော်များ၏ ရာဇဦးပေါက်ဖြစ်သူ နောင်သန်းစိုးဝင်းက ထူးထူးခြားခြား တနင်္သာရီရိုးရာ နဂါးလှေတော်ဓလေ့နှင့် နဂါးလှေကဗျာ မင်္ဂလာစော(အေစာ) စာတမ်းကို ငွေနန်းသာရီနဂါးလှေပေါ်၌ ဖတ်ကြားသည်။

အဆိုပါ ရွှေနန်းသာရီ နဂါးလှေတော်သည် ချောင်းကြီးကျောင်းတိုက် ပဓာနဆရာတော်ကြီး အရှင်ပညာဒီပက ၁၃၈၀ ပြည့်နှစ်ကတည်းက စံကားရွှေဝါသစ်သားကို ထွင်းထုထားသည့်အတွက် သက်တမ်း ၈၀ ရှိပြီဖြစ်ကာ တနင်္သာရီမြို့နယ်အတွင်း သက်တမ်းအရင့်ဆုံး နဂါးလှေတော် ဖြစ်သည်။ လှေတော်သား ၁၄ ဦး စီးနင်းလှော်ခတ်နိုင်ပြီး ယနေ့မှစ၍ လှော်ခတ်လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်သည်။

ယင်းတနင်္သာရီရိုးရာ နဂါးလှေရေခင်းသဘင်ပွဲကို တနင်္သာရီမြို့မှ ရွှေနန်းသာရီနှင့် ငွေနန်းသာရီ၊ လယ်သစ်ကျေးရွာအုပ်စုမှ ရန်ကြီးအောင်၊ မြကြီးအောင်၊ ပတ္တမြားသွယ်နှင့် စိန်ပန်းသွယ် နဂါးလှေ စုစုပေါင်း ခြောက်စင်းတို့က လှေတော်သားအင်အား ၂၅၀ ခန့်ဖြင့် နဂါးလှေကဗျာ(အေစာ)ကို သီဆိုဟစ်ကြွေးလျက် လှော်ခတ်ပွဲပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ထိန်ဝင်း(မြန်ဆက်)**




## သီတင်းကျွတ်လပြည့်နေ့တွင် မိုင်းဖုန်းဆရာတော်ကြီးက ဂူထွက်တရားရေအေး တိုက်ကျွေးမည်

**မိုင်းဆတ် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့နယ် မုန်းကျက်ဂူအတွင်း ဝါတွင်းကာလ သီတင်းသုံးတော်မူနေသော သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မိုင်းဖုန်းဆရာတော်ကြီး ဘဒ္ဒန္တဉာဏသံဝရသည် အောက်တိုဘာ ၂၄ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ဂူထွက်တော်မူပြီး တပည့် ဒါယကာ၊ ဒါယိကာမများအား တရားရေအေးတိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

မိုင်းဖုန်းဆရာတော်ကြီး တရားရေအေးတိုက်ကျွေးမည့်နေရာ ပြင်ဆင်ထားရှိမှုနှင့် ဆရာတော်ကြီးအား ဖူးမြော်ရန်ရောက်ရှိလာမည့် ရပ်နီးရပ်ဝေးမှ ဧည့်သည်များတည်းခိုနေထိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို အောက်တိုဘာ ၂၀ ရက်က ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(မိုင်းဆတ်)**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၈၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၇၂

# နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် အောက်တိုဘာ ၂၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၂ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော် ပြည်သူ့လွှတ်တော်ရုံး ရေးရာဆောင်အမှတ်-၁၂ (I-12)သို့ **နိုဝင်ဘာ ၁၀ ရက်(စနေနေ့)ထက်မစော နိုဝင်ဘာ ၁၁ ရက်(တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ** ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် အောက်တိုဘာ ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ နိုဝင်ဘာလ ၁၂ ရက် တနင်္လာနေ့ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားကြောင်း သိရသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင် I-19 (အိုင်-၁၉)သို့ **နိုဝင်ဘာ ၁၀ ရက်ထက်မစော ၁၁ ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ပန်ကြားထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ တွေ့ဆုံ



**နောင်ချို အောက်တိုဘာ ၂၁**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ တွေ့ဆုံပွဲကို အောက်တိုဘာ ၂၁ ရက်က နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့က လွှတ်တော်အတွေ့အကြုံများကိုလည်းကောင်း၊ ကျေးလက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ကြပ် ဦးမျိုးမင်းထွန်းက မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းမှုနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာပြည်သူများက မိမိတို့၏ ကျေးရွာအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာများက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ပြန်လည်ရှင်းလင်းဖြေကြားပြီး ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

ယနေ့ အခမ်းအနားသို့ ဆမ္မဆယ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ကျေးရွာပြည်သူလူထု ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**နောင်ချို(ပြန်/ဆက်)**

# မျိုးစေ့ဆိုင်ရာကော်မတီမှ သီးနှံမျိုးကွဲ ၇၅၀ နှင့် မိဘမျိုးလိုင်း ၁၀၂ မျိုးအား အသိအမှတ်ပြုလက်မှတ်ပေးပြီးဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၁**

မျိုးစေ့ဆိုင်ရာ အမျိုးသားမူဝါဒကို လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် လိုအပ်သည့် ဖြည့်စွက်ပြင်ဆင်မှုများ ပြုလုပ်ရန်လည်းလိုအပ်ကြောင်း၊ အပင်မျိုးသစ်ကာကွယ်ရေး ဥပဒေနှင့်အညီ အရည်အသွေးကောင်းမျိုးသစ်များ၊ ရာသီဥတုနှင့်ကိုက်ညီပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိသောမျိုးများ တိုးတက်ထုတ်လုပ်ခြင်းအားဖြင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးတက်ပြီး မျိုးစေ့ကဏ္ဍလည်း ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရုံးအမှတ် ၁၅ ၌ ကျင်းပသည့် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၁၃)ကြိမ်မြောက် အစည်းအဝေးတွင် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။



အစည်းအဝေးတွင် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီအတွင်းရေးမှူး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက သီးနှံမျိုးသစ် အသိအမှတ်ပြု လက်မှတ်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဦးသက်ဇင်မောင်က (၁၁)ကြိမ်မြောက် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိရန် စမ်းသပ်စိုက်ပျိုးထားသော သီးနှံငါးမျိုး၏ မျိုးသစ် ၁၃ မျိုး၊ မှတ်တမ်းပြုစုပြီး တင်ပြသော သီးနှံကိုးမျိုး၏ မျိုးသစ် ၁၇ မျိုး၊ မိဘမျိုးလိုင်း ၁၉ မျိုးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင်များက တင်ပြလာသည့် သီးနှံမျိုးသစ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ခြင်းနှင့် အတည်ပြုပြီးနောက် GW1 စပ်မျိုးစပါးနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြကြသည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီသည် မျိုးစေ့ဥပဒေ၊ မျိုးစေ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇူလိုင်လအထိ သီးနှံမျိုးကွဲ ၇၅၀ မျိုးနှင့် မိဘမျိုးလိုင်း ၁၀၂ မျိုး စုစုပေါင်း ၈၅၂ မျိုးအား အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခဲ့ပြီးဖြစ်သည်။ ယခု အစည်းအဝေးတွင် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီအဖွဲ့ဝင်များက မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ၏ သဘောထားမှတ်ချက်များနှင့်အတူ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ အသိအမှတ်ပြုလက်မှတ်ရရှိရန် လျှောက်ထားတင်ပြလာမှုများအပေါ် ဝိုင်းဝန်းဆွေးနွေးကြပြီး မျိုးသစ်များကို ကြပ်မတ်စိစစ်၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ် စတုတ္ထအကြိမ် ထူးချွန်သတင်းဆုပေးပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စတုတ္ထအကြိမ် ထူးချွန်သတင်းဆုပေးပွဲကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထူးချွန်သတင်းဆုပေးအပ်ပွဲတွင် အင်းစိန်မြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင့်မိုးသာနှင့် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးသက်တင်(မောင်သာတင့်)တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ၊ တောင်တွင်းကြီး)က ဆုပေးပွဲကျင်းပရခြင်းတို့ကို ရှင်းလင်းပြောကြား၍ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ တိုင်းဒေသကြီးနှင့် မြို့နယ်သတင်းစာဆရာအသင်း ရာသက်ပန်နာယကကြီး ဒါရိုက်တာမောင်ယဉ်ကျော်က ဆုရွေးချယ်ပေးမှုနှင့်ပတ်သက်၍ မုဒိတာစကားပြောကြားသည်။

ထို့နောက် သတင်းပုဒ်ရေ အများဆုံးရေးသားသူ သတင်းထူးချွန်ဆု တစ်ဆုရတစ်ဦး၊ တိုင်းကျိုးပြည်ပြု အကောင်းဆုံးသတင်းဆု တစ်ဆုရတစ်ဦး၊ အကောင်းဆုံး ဆောင်းပါးဆုတစ်ဆုရ တစ်ဦး၊ သတင်းဓာတ်ပုံဆု တစ်ဆုရတစ်ဦး၊ နှစ်သိမ့်ဆုသုံးဦးတို့ ရရှိခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်**

# အင်းတော်မြို့တွင် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

**အင်းတော် အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့တွင် အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အသက် ၂၁ အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အင်းတော်မြို့ မီတာ ၄၀၀ အားကစားကွင်း၌ အောက်တိုဘာ ၂၀ ရက် ညနေ ၃ နာရီခွဲတွင် ကျင်းပခဲ့သည်။

ပြိုင်ပွဲဗိုလ်လုပွဲတွင် မော်လူးလက်ရွေးစင်ဘောလုံးအသင်းနှင့် မဲဇာလက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကြရာ မော်လူးဘောလုံးအသင်းက မဲဇာဘောလုံးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသွားခဲ့ကြောင်း သိရသည်။ ဆုများကို အင်းတော်မြို့နယ်စီမံခန့်ခွဲရေးဥက္ကဋ္ဌ ဦးမြတ်ကိုထွေး၊ ကသာခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးကျော်အောင်၊ အင်းတော်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဒေါ်မြင့်မြင့်စန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အလှူရှင်များက အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ရှိ ရွှေစင်ရွှေပြားထုတ်လုပ်သည့်စက်ရုံတည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးတွင် စက်မှုဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိသော ရွှေစင်ရွှေပြားထုတ်လုပ်မည့် စက်ရုံတည်ဆောက်နေမှုအခြေအနေနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရွှေစင်ရွှေပြားစက်ရုံ၏ တည်ဆောက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးကာ ရေးဆွဲထားသော ဒီဇိုင်းနှင့် ခေတ်မီနည်းပညာများအတိုင်း တည်ဆောက်ရေး၊ လုံခြုံစိတ်ချရသောအစီအမံများထားရှိရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ စီမံဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ရုံးခန်းမတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန တိုင်းဒေသကြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်မော်၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းပေးပြီး ရွှေစင်ရွှေပြားစက်ရုံအတွက် လိုအပ်သော စက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ စနစ်တကျဝယ်ယူတပ်ဆင်ရေး၊ စံချိန်စံညွှန်းနှင့်ညီသော ရွှေစင်ရွှေပြားများရရှိရေးကို စနစ်တကျမှတ်တမ်းထားရှိ၍ ကပ်လှူပူဇော်မည့်နေရာများကို ခေတ်မီနည်းပညာများဖြင့် ထိန်းချုပ်မှတ်တမ်းထားရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

ရွှေစင်ရွှေပြား သက်န်းတော်များကို ရာသီဥတုမရွေး တာရှည်တည်တံ့ခိုင်မြဲစေရန် အဆင့်မြင့်နည်းပညာကို အသုံးပြုပြီး ရွှေစင်ရွှေပြားစက်ရုံငယ်တစ်ခုကို ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး အောက်ပစ္စယံတွင် လုံခြုံစိတ်ချစွာစနစ်တကျတည်ဆောက်၍ ခေတ်မီနည်းစနစ် စက်ကိရိယာများအသုံးပြုကာ တာရှည်ခိုင်မြဲတည်တံ့သည့် ရွှေစင်ရွှေပြားများကို မကြာမီကပ်လှူပူဇော်နိုင်မည်ဖြစ်သည်။ ရွှေစင်ရွှေပြားထုတ်လုပ်သည့် ကြိတ်စက်ကို စက်မှုဝန်ကြီးဌာနက ခေတ်မီနည်းပညာများဖြင့် ပြည်တွင်း၌ ဒီဇိုင်းရေးဆွဲ၍ ထုတ်လုပ်ခဲ့ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပူးပေါင်း၍အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

၂၀၁၈ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (စတုတ္ထ)ပွဲစဉ် နောက်ဆုံးနေ့နှင့် ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းက ရဲမွန်တပ်မြို့ရှိ ရဲမွန်ကျွန်းသာယာဂေါက်ကွင်း၌ ကျင်းပသည်။

ဆုပေးပွဲအခမ်းအနားတွင် ပြိုင်ပွဲအား လက်ခံကျင်းပပေးသော ရဲမွန်ကျွန်းသာယာဂေါက်ကွင်းအား အမှတ်တရလက်ဆောင်နှင့် လှူဒါန်းငွေကျပ် သိန်း ၂၀ ကို Myanmar Golf Tour ကိုယ်စား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ ဥက္ကဋ္ဌ ဦးကိုကိုအေးက ပေးအပ်ရာ ရဲမွန်ကျွန်းသာယာဂေါက်ကွင်း (ကိုယ်စား) နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဇော်မင်းက လက်ခံရယူသည်။ ထို့နောက် ပြိုင်ပွဲအား အဓိကကူညီပံ့ပိုးပေးသော Mottama Holdings Ltd. အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ Mottama Holdings Ltd. မန်နေဂျင်းဒါရိုက်တာ ဦးရန်ဟော်က လက်ခံရယူသည်။

ရှေးဦးစွာ Hole In One ဆုရရှိခဲ့သော ပညာရှင်အဆင့် ကစားသမား သန်းနိုင်အား ဗိုလ်မှူးချုပ်ခင်မောင်ဦးက ဆုပေးအပ်သည်။ ဆက်လက်၍ ဗိုလ်မှူးချုပ်ညွန့်ဝင်းဆွေက ဝါသနာရှင်အဆင့်(အမျိုးသမီး)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၃၈ ချက်ဖြင့် ဒုတိယဆုရရှိခဲ့သော ပြုံးပြုံးထွေးနှင့် စုစုပေါင်းရိုက်ချက် ၂၃၂ ချက်ဖြင့် ပထမဆုရရှိခဲ့သော မေဦးခိုင်တို့ကို ဆုများချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေးက ဝါသနာရှင်အဆင့်(အမျိုးသား)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၀ ဖြင့် ဒုတိယရရှိခဲ့သော ဇော်ဇော်ထွန်းနှင့် စုစုပေါင်းရိုက်ချက် ၂၈၅ ချက်ဖြင့် ပထမရရှိသော မင်းနိုင်စိုးတို့ကို ဆုများချီးမြှင့်သည်။

ဆက်လက်၍ ပညာရှင်အဆင့်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၈၀ ဖြင့် ပထမဆုရရှိသွားသော ဇော်ဇော်လတ် (Han Golf Academy) အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပိုက ဆုချီးမြှင့်သည်။ ထို့နောက် Mottama Holdings Ltd. မန်နေဂျင်းဒါရိုက်တာ ဦးရန်ဟော်က ပညာရှင်အဆင့်တွင် ပထမဆုရရှိသွားသော ဇော်ဇော်လတ် (Han Golf Academy)အား ဂုဏ်ပြုချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်**

# အောင်ပွဲရမြန်မာ့လက်ရွေးစင် မသန်စွမ်းအားကစားအဖွဲ့အား ဂုဏ်ပြု

**ရန်ကုန် အောက်တိုဘာ ၂၁**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အောက်တိုဘာ ၆ ရက်မှ ၁၃ ရက်အထိကျင်းပသည့် (၃)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိသော နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင် မသန်စွမ်းအားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ M3 Food Center ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလွင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မီတာ ၅၀ နောက်ပြန်ကူးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ ကျော်ထူးနှင့် မီတာ ၁၀၀ နောက်ပြန်ကူးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ အောင်မြင့်မြတ်၊ မျက်မမြင်စစ်တုရင် တစ်ဦးချင်းပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ ကောင်းစံနှင့် မျက်မမြင် စစ်တုရင်အသင်းလိုက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ ကောင်းစံ၊ မျိုးဆန်းအောင်နှင့် သန်းဌေးတို့အား ငွေတံဆိပ်တစ်ခုလျှင် ငွေကျပ် သိန်း ၁၀ စီအား ပေးအပ်ချီးမြှင့်၍ လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်**(အောက်ပုံ)**က ရေကူးမီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ အောင်မြင့်မြတ်နှင့် မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ အောင်ငြိမ်းဦးတို့ကို ဂုဏ်ပြုဆုငွေကျပ် သိန်း ၂၀ စီနှင့် နည်းပြဆရာများကို တစ်ဦးလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် နည်းပြသုံးဦးအတွက် ငွေကျပ် ၁၅ သိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အောင်ပွဲရမြန်မာ့လက်ရွေးစင် မသန်စွမ်းအဖွဲ့နှင့် အာရှအဆင့် ၇ မှ အဆင့် ၅ သို့ တက်လှမ်းနိုင်ခဲ့သော ထိုင်လျက်ဘော်လီဘော အသင်းတို့အတွက် အလှူရှင်အသီးသီးက ဂုဏ်ပြုဆုငွေကျပ် ၁၃၂ သိန်းကို ပေးအပ်လှူဒါန်းရာ ဗိုလ်ချုပ်ဝင်းလွင်က လက်ခံရယူခဲ့ပြီး မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့မှ ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါဂုဏ်ပြုပွဲတွင် ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ် နှစ်ခုရရှိသော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ငွေတံဆိပ်တစ်ခုလျှင် ငွေကျပ် သိန်း ၃၀၊ ကြေးတံဆိပ်တစ်ခုလျှင် ငွေကျပ် သိန်း ၂၀၊ နည်းပြတစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၇၅ သိန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# သန်လျင်၌ ပြည်သူ့ဝန်ဆောင်မှုရုံး၏ ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)၏ ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းအား အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက ငပကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွင် သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ခရိုင်အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ သန်လျင်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများပူးပေါင်းကာ ကျေးရွာနေပြည်သူ ၃၀၀ ကျော်အား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးကြပြီး သက်ဆိုင်ရာဌာနများက ကဏ္ဍများအလိုက် ဝန်ဆောင်မှုများပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဝန်ဆောင်မှုပူးပေါင်းဆောင်ရွက်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ တိုင်းဒေသကြီး အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာနေပြည်သူများအား ဝန်ဆောင်မှုပေးနေကြသည်များကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## ဥပဒေဆိုင်ရာ အထောက်အကူပေးရေး

■ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကူးစက်ရောဂါခံစားနေရသူများ စသည့် အားနည်းချက်အမျိုးမျိုးကြောင့် တရားရင်ဆိုင်နိုင်စွမ်းနည်းပါးသူများကို ဥပဒေပညာဖြင့် ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းနေပါသည်။

*(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)*

# ရန်ကုန်မြို့တွင် ယခုနှစ်သီတင်းကျွတ်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံတွင် သီတင်းကျွတ်မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်(၄) ဒေါ်မေမေသွယ်က ပြောသည်။

အဆိုပါမီးထွန်းပွဲတော်ကို BMB Entertainment Group မှ ဆောင်ရွက်ခြင်းဖြစ်ပြီး ပန်းခြံတွင်ဆီမီးခွက်များ ထွန်းညှိခြင်း၊ အလှမီးပုံးများ ချိတ်ဆွဲခြင်းတို့ကို အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ညနေ ၃ နာရီမှ ည ၁၀ နာရီအထိ ထွန်းညှိသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရန်ကုန်မြို့တော်ခန်းမကြီးကိုလည်း ရောင်စုံမီးအလှများဖြင့် အလှဆင်မည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ်ကတော့ ရန်ကုန်မြို့က ပိုစည်မယ်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မိုးလေဝသပညာရှင် ဦးထွန်းလွင်က သီတင်းကျွတ်ကာလ မုန်တိုင်းရှိတယ်ပြောထားတော့ ခရီးထွက်မယ့်သူတွေ နည်းမယ်ထင်တယ်။ ကျွန်မတို့မိသားစုကတော့ ညနေဘက်လျှောက်လည်မယ်။ ကိုးနာရီလောက်ဆို အိမ်ပြန်မယ်။ သွားစရာတွေကတော့ အများကြီးပဲ ဗဟာဗန္ဓုလပန်းခြံသွားမယ်၊ ပြည်သူ့ရင်ပြင်သွားမယ်၊ ရေကျော်ပွဲတော်သွားမယ်၊ ကန်တော်ကြီးသွားမယ်”ဟု မဟာဗန္ဓုလပန်းခြံတွင် လာရောက်အနားယူသည့် ဒေါ်နွဲ့ယဉ်က ပြောသည်။

ရန်ကုန်မြို့ သီတင်းကျွတ်မီးထွန်းပွဲတော်ကာလရောက်တိုင်း နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသည့် ပုဇွန်တောင်မြို့နယ် ရေကျော်ပွဲတော်ကို အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ၂၁ ရက်တွင် အလှဖန်တီးရှင်၊ ၂၂ ရက်တွင် မြန်မာသံစဉ်တီးဝိုင်း၊ ၂၃ ရက်တွင် ဟားငါးကောင်လူရွှင်တော်အဖွဲ့၊ ၂၄ ရက်တွင် အိပ်မက်ဆုံရာ တီးဝိုင်းနှင့်အဆိုတော်များ၊ ၂၅ ရက်တွင် ဖိုက်စတားအငြိမ့်တို့ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

“ရေကျော်ပွဲကို လာရောက်ကြတဲ့ အများပြည်သူ စိတ်အေးချမ်းသာစွာ အပန်းဖြေလည်ပတ်နိုင်အောင် လုံခြုံရေးအပိုင်းအနေနဲ့လည်း မနှစ်ကထက်ပိုပြီး ဆောင်ရွက်ထားတယ်”ဟု ပုဇွန်တောင်မြို့နယ် အမှတ်(၉) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ပြောသည်။




ဆူးလေလမ်းပေါ်ရှိ ဆူးလေစကွဲယားရှေ့၌ ရောင်စုံမီးများ အလှဆင်ထားသည်ကို တွေ့ရစဉ်။

သီတင်းကျွတ်မီးထွန်းပွဲတော်ကို အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်တိုင်တိုင် မြန်မာတစ်နိုင်ငံလုံး ကျင်းပမည်ဖြစ်သည်။ ရန်ကုန်မြို့တွင်လည်း မြို့နယ်အလိုက်၊ လမ်းအလိုက် ရောင်စုံမီးများကို အလှဆင်ထွန်းညှိထားရာ ပန်းဘဲတန်းမြို့နယ် ဆူးလေလမ်းပေါ်ရှိ ဆူးလေစကွဲယားရှေ့ရောင်စုံမီးများ အလှဆင်ထားသည်ကိုလည်းကောင်း၊ လသာမြို့နယ် ဗိုလ်ချုပ်လမ်းမပေါ်ရှိ ဗိုလ်ချုပ်ဈေးရှေ့ရောင်စုံမီးများ အလှဆင်ထားသည်ကိုလည်းကောင်း လှပစွာတွေ့မြင်ရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇာနည်မောင်၊ အေးမင်းသူ**

# SMID Bank က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဝန်ထမ်းချေးငွေကို အောက်တိုဘာလမှ စတင်ထုတ်ချေးရန်ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၁**

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMID Bank) က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် နိုင်ငံ့ဝန်ထမ်းများကို သတ်မှတ် စည်းကမ်းချက်များနှင့် ကိုက်ညီပါက အရာထမ်းများအား လစာငွေ၏ ငါးဆ၊ အမှုထမ်းများအား လစာငွေ၏ သုံးဆကို ၂၀၁၈ ခုနှစ် အောက်တိုဘာလမှစတင်၍ ထုတ်ချေးပေးရန် ဆောင်ရွက်နေကြောင်း ဘဏ်အမှုဆောင်အရာရှိချုပ် ဒေါက်တာဇေယျာညွန့်က ယနေ့နံနက် ၉ နာရီတွင် Melia Hotel Yangon ၌ ကျင်းပသည့် SMID Bank ၏ ၂၃ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် ပြောကြားခြင်းဖြစ်သည်။

အစည်းအဝေးတွင် သဘာပတိ SMID Bank နာယက ဒေါက်တာခင်ရွှေက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဘဏ်ဥက္ကဋ္ဌ ဒေါ်စန်းစန်းရီက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးကို အစီအစဉ်အတိုင်းကျင်းပပြီး SMID Bank က မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း၊ ဦးလှထွန်း (မေတ္တာရိပ်မွန်) ကင်ဆာဖောင်ဒေးရှင်းနှင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီးတို့သို့ အလှူငွေကျပ်သိန်း ၃၀ စီ လှူဒါန်းရာ တာဝန်ရှိသူများကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

SMID Bank က နိုင်ငံ့ဝန်ထမ်းများကို ၂၀၁၇ ခုနှစ် ဇွန်လမှစတင်ကာ ချေးငွေများကို သက်တမ်းတစ်နှစ်ဖြင့် ထုတ်ချေးပေးခဲ့သည်။

ယခင် ချေးငွေသက်တမ်းပြည့်ပြီး အကျေ ပြန်လည်ပေးဆပ်ပြီးသည့် ဝန်ကြီးဌာနအောက်ရှိ အမှုထမ်း၊ အရာထမ်းများကို တစ်ဦးချင်း ထုတ်ချေးပေးမည်မဟုတ်ဘဲ ဌာနအလိုက် အုပ်စုစနစ်ဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် ချေးငွေအကြောင်း အသေးစိတ်သိရှိလိုပါက SMID Bank ရုံးချုပ် ဖုန်း-၀၁-၂၃၀၂၃၃၉၊ ၂၃၀၂၃၄၀၊ ၂၃၀၂၃၈၅၊ ၂၃၀၂၃၉၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ရီရီမြင့်**

✪ **အာရှ ယူ-၁၆ မှ**

ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအပါအဝင် တရုတ်၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အီရန်နှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပထမအဆင့်ခြေစစ်ပွဲတွင် အုပ်စု (င) ၌ ပါဝင်ပြီး သုံးပွဲစလုံးအနိုင်ရကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် မလေးရှားအသင်းကို သုံးဂိုး-ဂိုးမရှိ၊ နီပေါအသင်းကို ၁၁ ဂိုး-တစ်ဂိုး၊ ဖိလစ်ပိုင်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို နီပေါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

○ **မုန်တိုင်းငယ်မှ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများရှိ ပြည်သူများအနေဖြင့် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြီးခြင်းတို့ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုထားသည်။

**မိုး/ဇလ**

❖ **ကျောဖုံးမှ**

အောက်တိုဘာ ၂၁ ရက်မှ ပွဲတော်ကျင်းပပြီးစီးမည့် အောက်တိုဘာ ၂၅ ရက် ညပိုင်းအထိ ပွဲတော်ကျင်းပလျက်ရှိသည့် ရပ်ကွက်အသီးသီး၌ ကလေး၊ လူကြီးအကြိုက် အပျော်စီးချားရဟတ်များ၊ ပင်လယ်ဓားပြလှေများ၊ ပျော့ပျော့အိအိ ကစားစရာများနှင့် နိုင်ငံကျော် ဟစ်ဟော့အဆိုတော်များ၏ ဖျော်ဖြေတင်ဆက်မှုများ အပါအဝင် မြန်မာသံစဉ်ဖျော်ဖြေတင်ဆက်မှုများ၊ အငြိမ့်အဖွဲ့နှင့် တီးဝိုင်းများမှ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ပွဲတော်လုံခြုံရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့်ရပ်ကွက်များရှိ လူငယ်များ စုပေါင်းကာ လုံခြုံရေးဆောင်ရွက်ထားရှိကြောင်း၊ ပွဲတော်လာပြည်သူများ လုံခြုံမှုရှိစေရန်အတွက် လမ်းများအလိုက် စီစီတီဗွီမှတ်တမ်းကင်မရာ ၇၇ လုံးကိုစနစ်တကျ တပ်ဆင်ထားရှိပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ တစ်မြို့နယ်လျှင် ရဲတပ်ဖွဲ့အင်အား သုံးယောက်နှုန်းဖြင့် လုံခြုံရေးတာဝန်ချထားကြောင်းနှင့်



ရေကျော် သီတင်းကျွတ်မီးထွန်းပွဲတော်တွင် အပျော်စီးပင်လယ်ဓားပြလှေအား တွေ့ရစဉ်။
ဓာတ်ပုံ-ခင်မောင်ဝင်း(ရွှေအင်းသား)

ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း ပွဲတော်ကျင်းပစဉ် ကာလအတွင်း လမ်းပိတ်ထားသည်ကို တာဝန်ယူဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပုဇွန်တောင်မြို့နယ် အမှတ်(၉) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ပြောသည်။

ရေကျော်သီတင်းကျွတ် မီးထွန်းပွဲတော်လာ မြောင်းကြီးလမ်းမှ မချိုက “အရင်ကထက်စာရင် ဒီနှစ်ပိုစည်လာသလိုပါပဲ။ ကလေးတွေက အခုဆို ပျော့ပျော့အိအိကစားစရာများနဲ့ ဆော့ကစားနေကြပါတယ်။ ဒါလည်းကလေးတစ်ဦးမှ ငွေကျပ် ၁၀၀၀ တည်းပါ။ နှုန်းထားကလည်း တန်ပါတယ်။ ဒီနှစ်ဆိုကလေးတွေ ဆော့ကစားတဲ့ ပျော့ပျော့အိအိနဲ့ ပင်လယ်ဓားပြလှေက နှစ်ခုစီရှိသွားပြီဆိုတော့ ကလေးတွေများများ ပိုဆော့လို့ရတာပေါ့နော်။ ကျွန်မတို့နေအိမ်နဲ့ ပွဲတော်က နီးကပ်နေတာဆိုတော့ ကလေးတွေက ပွဲတော်ပြီးတဲ့အထိ နေ့စဉ် လာဆော့ကြပါလိမ့်မယ်။ ပြီးတော့ဒီပွဲဈေးတန်းက လမ်းကြိုလမ်းကြားတွေမှာ စီစီတီဗွီကင်မရာတွေတပ်ထားတော့ ပြည်သူတွေအတွက် လုံခြုံမှုရှိပါတယ်။ စိတ်ချရပါတယ်။ လုံခြုံရေးအပြည့်အဝထားရှိတော့ ခါးပိုက်နှိုက်ဆိုတာလည်း မရှိပါဘူး။ ဒီနေရာက ကျွန်မရဲ့ မွေးဇာတိဆိုပေမယ့် ရပ်နီးရပ်ဝေးက ပြည်သူတွေအပန်းဖြေ အနားယူကြစေဖို့အတွက် လာရောက်လည်ပတ်ကြဖို့ ဖိတ်ခေါ်ပါတယ်”ဟု ပြောသည်။

ရေကျော် သီတင်းကျွတ်မီးထွန်း ပွဲတော်ကို ၂၀၁၁ ခုနှစ်မှ စတင်၍ ပြန်လည်ကျင်းပခဲ့ရာ ယခုအခါ ရှစ်နှစ်(ရှစ်ကြိမ်)မြောက် ရှိခဲ့ပြီဖြစ်ကြောင်း၊ ယခင်က ပုဇွန်တောင်မြို့နယ် ရှစ်ရပ်ကွက်ရှိ ဝတ်ကျောင်းလမ်း၊ ယုဇနလမ်း၊ ဇီဇဝါလမ်းတို့တွင် စင်များထိုးကာ တေးသရုပ်ဖော်အနေဖြင့် ကကြ၍ ပွဲတော်အား စတင်ပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ- စိုးမြင့်အောင်**

# ဘရပ်ဆဲလ်မြို့၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာရှ-ဥရောပဆွေးနွေးပွဲ(အေဆမ်) ထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၁**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပသည့် (၁၂) ကြိမ်မြောက် အာရှ-ဥရောပဆွေးနွေးပွဲ (အေဆမ်) ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၈ ရက် ညနေပိုင်းတွင် ဥရောပကောင်စီရုံးချုပ်၌ ကျင်းပသော (၁၂)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် ဥရောပကောင်စီဥက္ကဋ္ဌ H.E. Mr. Donald Tusk က ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် အေဆမ်အဖွဲ့ဝင်များမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**ပေါင်းကူးတံတားသဖွယ်**

ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ဥရောပကောင်စီရုံးချုပ်၌ ကျင်းပသော ထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေး၌ Building the future together : Promoting inclusive growth and sustainable connectivity ခေါင်းစဉ်အောက်တွင် မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာ၌ အေဆမ်အနေဖြင့် အာရှနှင့် ဥရောပတိုက်ကြီး နှစ်ခုအကြား ပေါင်းစည်းဆက်နွယ်မှုများ မြှင့်တင်ခြင်းဖြင့် ဒေသကြီးနှစ်ခုအကြား ပိုမိုနီးကပ်လာအောင် ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အေဆမ်အဖွဲ့ဝင်နိုင်ငံများအကြား ပေါင်းစည်းဆက်နွယ်မှု (Connectivity) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သဘောတူညီချက်ရရှိခဲ့ပြီးနောက် အဆိုပါကဏ္ဍတွင် သိသာထင်ရှားသော တိုးတက်မှုများရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်နှင့် ဆက်သွယ်ရေးကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့တွင် ဒေသကြီးနှစ်ခုအကြား ပေါင်းစည်းဆက်နွယ်မှုကို အလေးထားမြှင့်တင်ရေးကို စိတ်ဝင်စားကြောင်း၊ အေဆမ်အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး လွတ်လပ်စွာစီးဆင်းမှုကို အဟန့်အတားဖြစ်စေနိုင်သည့် လုပ်ဆောင်မှုများ၊ ကုန်သွယ်ရေးတားဆီးပိတ်ဆို့မှုများ ပြုလုပ်ခြင်းများကို ရှောင်ရှားသင့်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**သီးသန့်အစည်းအဝေး တက်ရောက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၁၂)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေး၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ သီးသန့်အစည်းအဝေးတွင် အေဆမ်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များပြည့်မီရေး၊ ရာသီဥတုပြောင်းလဲမှု၊ ရွှေ့ပြောင်းသွားလာမှု၊ ဆိုက်ဘာလုံခြုံရေး၊ မျှတသော ကုန်သွယ်မှု၊ အမျိုးသမီးအခွင့်အရေးကိစ္စအပါအဝင် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးတွင် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အချို့က ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ရည်ညွှန်းပြောကြားလာသဖြင့် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ တုံ့ပြန်ရှင်းလင်းပြောကြားခဲ့သည်။




**(၁၂)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဥရောပကောင်စီဥက္ကဋ္ဌ H.E.Mr.Donald Tusk နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ H.E.Mr. Jean-Claude Juncker တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

**အလွန်ရှုပ်ထွေးသိမ်မွေ့**

ယင်းသို့ ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက အေဆမ်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ ယမန်နှစ်က မြန်မာနိုင်ငံအနောက်ဘက် ရခိုင်ပြည်နယ်တွင်လည်း အကြမ်းဖက်တိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ပထမအကြိမ်မှာ ကိုဖီအာနန် ကော်မရှင်ဖွဲ့စည်းပြီး တစ်လမပြည့်မီတွင်လည်းကောင်း၊ ဒုတိယအကြိမ်မှာ ကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာထွက်ရှိပြီး နာရီပိုင်းအတွင်းတွင် လည်းကောင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ပြဿနာမှာ လူဝင်မှုကိစ္စ၊ ဆင်းရဲနွမ်းပါးမှု၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့ပါ ပါဝင်နေသည့် အလွန်ရှုပ်ထွေးသိမ်မွေ့သည့် ပြဿနာဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ရခိုင်အရေးကိစ္စ ဖြေရှင်းရေးမှာ ဒီမိုကရေစီပြောင်းလဲရေးလုပ်ငန်းစဉ် အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဦးစားပေးဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ယုံကြည်မှုကင်းမဲ့နေကြသည့် အသိုက်အဝန်းနှစ်ခုအကြား အပြန်အလှန် ချစ်ခင်လာကြစေရေးအတွက် ဥပဒေ၊ အမိန့်ပြဋ္ဌာန်းဆောင်ရွက်၍ မရသည့်အလျောက် နေ့ချင်းညချင်း ဖြေရှင်းနိုင်မည့်ကိစ္စမဟုတ်ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများသည် လုံခြုံရေးအဖွဲ့အစည်းများကိုသာမက ရခိုင်ပြည်နယ်ရှိ အခြားအရပ်သား အသိုင်းအဝိုင်းများကိုလည်း တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံများအကြား ကြောက်ရွံ့မှုနှင့် မတည်မငြိမ်မှုများကို ဖြစ်ပေါ်စေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လူအများအပြား ရွှေ့ပြောင်းမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း။

ARSA အကြမ်းဖက်အဖွဲ့၏အန္တရာယ်ကို နိုင်ငံတကာအသိုင်းအဝိုင်းက လျစ်လျူရှုထားကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့သည့် ရွှေ့ပြောင်းထွက်ခွာသွားသူများအား စိစစ်လက်ခံသွားရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် သဘောတူညီချက်များနှင့်အညီ မြန်မာဘက်မှ လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်ပို့လာပါက လက်ခံရန်အသင့်ရှိကြောင်း၊ ကုလသမဂ္ဂအေဂျင်စီနှစ်ခုနှင့်လည်း သဘောတူညီချက် လက်မှတ်ရေးထိုးထားပြီး ကွင်းဆင်းစစ်ဆေးမှု ပထမအဆင့် ပြီးစီးသွားပြီး ဒုတိယအဆင့်စတင်ဆောင်ရွက်ရန် သဘောတူခွင့်ပြုထားပြီးဖြစ်ကြောင်း၊ သက်သေအထောက်အထား လုံလောက်သည့် လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များနှင့်ပတ်သက်၍ တာဝန်ခံမှုရှိစေရေးအတွက်လည်း ဖိလစ်ပိုင်နှင့် ဂျပန်နိုင်ငံတို့မှထင်ရှားသည့် သံတမန်နှစ်ဦးပါဝင်သည့် လွတ်လပ်သော စုံစမ်းရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံခေါင်းဆောင်များအနေဖြင့် အရေးကြီးသည့် ကိစ္စရပ်များအပေါ် မူဝါဒရေးရာဆုံးဖြတ်ချက်များ ချမှတ်ကြရာတွင် တိကျမှန်ကန်ပြီး ဘက်လိုက်မှုကင်းသည့်အစီရင်ခံစာ အချက်အလက်များအပေါ် အခြေခံ၍ စဉ်းစားဆောင်ရွက်သွားရန် အရေးကြီးကြောင်း စသည်ဖြင့် ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။

**ကြေညာချက်ထုတ်ပြန်**

အစည်းအဝေးအပြီးတွင် Global Partners for Global Challenges ခေါင်းစဉ်ဖြင့် (၁၂)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ၊ စီးပွားရေးနှင့် ငွေကြေးကဏ္ဍ၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးမဏ္ဍိုင်ကြီး ၃ ရပ်အောက်တွင် ဒေသကြီး ၂ ခုအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာအစိုးရအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်ဖက်သဘောတူညီချက်များ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိမှုနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့မှုတို့အပေါ် ကြိုဆိုကြောင်း၊ တာဝန်ခံမှုနှင့်ပတ်သက်၍ ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အေဆမ် အဖွဲ့ဝင်နိုင်ငံများမှ ဆက်လက်အကူအညီပေးအပ်သွားမည်ဖြစ်ကြောင်း အပြုသဘောထည့်သွင်းဖော်ပြခဲ့သည်။

**ပွင့်လင်းစွာဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် ထိပ်သီးအစည်းအဝေးကာလအတွင်း ဆွစ်ဇာလန်နိုင်ငံသမ္မတ H.E. Mr. Alain Berset၊ ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Margot Wallstrom၊ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Marise Payne တို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စများနှင့် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နောက်ဆုံး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ပွင့်လင်းစွာဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဥရောပကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် H.E. Ms. Federica Mogherini နှင့်လည်း သီးခြားတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား ဆက်ဆံရေးကိစ္စရပ်များ၊ ကုန်သွယ်မှုဆိုင်ရာ အခွင့်အရေးပေးမှုအား ပြန်လည်သုံးသပ်နေသည့်ကိစ္စနှင့် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးမှ အီးယူအနေဖြင့် မြန်မာနိုင်ငံသို့ ပေးအပ်လျက်ရှိသော ကုန်သွယ်ရေးဆိုင်ရာ အထူးအခွင့်အရေးပေးမှုသည် မြန်မာနိုင်ငံ၏ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းအတွက် အကျိုးပြုလျက်ရှိကြောင်း၊ အဓိကအားဖြင့် အီးယူသို့ တင်ပို့နေသည့် အထည်ချုပ်လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသော အလုပ်သမားထုမှာ လေးသိန်းကျော်ရှိပြီး ယင်းတို့အနက် ၉၀ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများ ဖြစ်ကြကြောင်း၊ ၎င်းတို့ကိုမှီခိုနေသူများအား ထည့်သွင်းတွက်ချက်ပါက လူဦးရေစုစုပေါင်း နှစ်သန်းနီးပါးရှိကြောင်း၊ အီးယူမှ ကုန်သွယ်ရေးဆိုင်ရာ အထူးအခွင့်အရေးပေးမှုအား ရုပ်သိမ်းခဲ့မည်ဆိုပါက သာမန်ပြည်သူများအား ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဥရောပသမဂ္ဂမှ စေလွှတ်ရန်အဆိုပြုထားသည့် ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံအနေဖြင့် လက်ခံတွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားရန် စီစဉ်လျက်ရှိကြောင်း အသိပေးဆွေးနွေးပြောကြားခဲ့သည်။

အေဆမ်ကို အာရှနှင့် ဥရောပနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် အာရှမှ ၂၁ နိုင်ငံ၊ ဥရောပမှ နိုင်ငံ ၃၀ စုစုပေါင်း ၅၁ နိုင်ငံနှင့် အဖွဲ့အစည်း နှစ်ခုဖြစ်သည့် ဥရောပသမဂ္ဂ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ဖြင့် ဖွဲ့စည်းထားသည်။ အေဆမ်ထိပ်သီးအစည်းအဝေးများကို နှစ်နှစ်လျှင်တစ်ကြိမ် အာရှနှင့် ဥရောပတို့တွင် တစ်လှည့်စီ ကျင်းပလေ့ရှိပြီး (၁၃)ကြိမ်မြောက် အာရှ-ဥရောပ ဆွေးနွေးပွဲ(အေဆမ်) ထိပ်သီးအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

# ကျောက်ပန်းတောင်း-ဂွေးကုန်းလမ်းအား ပြန်လည်ပြုပြင်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကန်ပတ်လည်ရွာ၊ ခွေးတောက်ပင်ကျေးရွာ၊ ကန်ပေါက်ရွာ၊ ဂွေးကုန်းရွာသို့ ဖောက်လုပ်ပေးထားသည့် ကျေးလက်လမ်းသည် လမ်းတစ်လျှောက်လုံး ပျက်စီးနေသည့်အတွက် ပျက်စီးနေသော ချိုင့်ခွက်ကြီးများအား ကျောက်သေးလေးများဝယ်ယူကာ နေ့စဉ်တစ်ပိုင်တစ်နိုင် ပြုပြင်နေကြောင်း သိရသည်။

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းသည် ကျောက်ပန်းတောင်းမြို့ ပွဲစားတန်းလမ်းမှ ဂွေးကုန်းရွာအထိ ဖောက်လုပ်ထားပြီး ကားအသွားအလာ အလွန်များပြားခြင်း၊ ကျောင်းသား ကျောင်းသူများ ကျောက်ပန်းတောင်းသို့ နေ့ချင်းပြန်တက်ရောက်သည့် လမ်းဖြစ်နေခြင်းကြောင့် ကန်ပတ်လည်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏ ဦးဆောင်၍ ကျောက်များဝယ်ယူပြီး ပျက်စီးနေသည့် လမ်းတစ်လျှောက်အား နိုင်သလောက်ပြုပြင်ပေးနေကြောင်း၊ လုပ်အားဒါန ကုသိုလ်ရှင်များကလည်း လူအား၊ ငွေအား စိုက်ထုတ်ကာ လမ်းပြုပြင်မှုများပြုလုပ်ကြကြောင်း သိရသည်။ ညနေတိုင်း ပျက်စီးနေသည့် လမ်းနေရာများအား အမြဲတမ်းပြုပြင်နေရာ ကျောက်ကားထော်လာဂျီ တစ်စီးလျှင် ကျပ် ၁၀၀၀၀ ပေးဝယ်ရကြောင်း၊ ချိုင့်ခွက်များအား ကျောက်များချပြီးလျှင် ကျောက်ခဲများအပေါ် အနီးအနားမှမြေများတူးယူပြီး ဖုံးထားကြောင်းနှင့် ကျောက်ပန်းတောင်းမြို့ နေ့ချင်းပြန်တက်ရောက်သည့် ကျောင်းသားကျောင်းသူများကလည်း ကျောင်းပြန်လုပ်အားပေးအမြဲကူလေ့ရှိကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# တင်ဒါလုပ်ငန်းနှင့် ဥပဒေအမြင်

## ဦးဟန်ညွန့်(ဥပဒေ)

နိဒါန်း

**အစိုးရဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းအား နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ ဖြင့် ၂၀၁၇ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါထုတ်ပြန်ချက်တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းများ၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်မည့်အချက်များအား ဆောက်လုပ်ရေးဝန်ကြီးဌာနက "ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်"ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့နှင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တို့တွင် ဆက်လက်ထုတ်ပြန်ခဲ့ပါသည်။**

ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန အဖွဲ့အစည်းများ၏တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

**တင်ဒါကော်မတီဖွဲ့စည်းခြင်း**

"**တင်ဒါကော်မတီ**"ဖွဲ့စည်းရာတွင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်က "**တင်ဒါကော်မတီ**"ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်း၏ အကြီးအကဲများပါဝင်သော "**တင်ဒါကော်မတီ**"ကို ဖွဲ့စည်းရမည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံ၍ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ခေါ်ယူသည့် တင်ဒါများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးများက "**တင်ဒါကော်မတီ** "ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဝယ်ယူမည့် တိုင်းဒေသကြီး၊ ပြည်နယ် ဌာနအကြီးအကဲများနှင့် ပြည်ထောင်စုအဆင့် ဌာနများမှ ကိုယ်စားလှယ်များပါဝင်သော "**တင်ဒါကော်မတီ**" ကို ဖွဲ့စည်းရမည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျခံ၍ တင်ဒါခေါ်ယူခြင်းများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဝယ်ယူမည့်ဌာနနှင့် ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ ပါဝင်သော "**တင်ဒါကော်မတီ**" ကို ဖွဲ့စည်းရမည်။

"**တင်ဒါကော်မတီ** " အနေဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကျပ် ၁၀ သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန်မလိုဘဲ "**တင်ဒါကော်မတီ**"အနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံး ကုမ္ပဏီသုံးခုအား ဈေးနှုန်းအဆိုပြုလွှာ တောင်းခံပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း ဆောင်ရွက်နိုင်သည်။

(ခ) ကျပ် ၁၀ သန်းမှ ကျပ်သန်း ၁၀၀ အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တ နှစ်ပတ် ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာရမည်။ ထို့အပြင် "**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**" ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဌာနက တာဝန်ပေးအပ်ထားသူများအပြင် အခြားသောဆက်စပ်ဌာန အဖွဲ့အစည်းများမှ အနည်းဆုံး သုံးဦး ပါဝင်ဖွဲ့စည်းရမည်။

(ဂ) ကျပ်သန်း ၁၀၀ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် တစ်လ ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး နှစ်ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် အနည်းဆုံး တစ်လ ကြိုတင်ကြေညာရမည်။

(ဃ) နိုင်ငံတကာ တင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေ မဖြစ်မနေသုံးစွဲရမည့်ကိစ္စရပ်များမှအပ ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သည့် ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူရမည်။

(င) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်း ရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာ ယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေးဆောင်ရွက်နိုင်ပြီး ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေရမည်။

"**တင်ဒါကော်မတီ**"သည် ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတင်ဒါများအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် အနိမ့်ဆုံး ကြမ်းခင်းဈေးတန်ဖိုး တစ်နှစ်အတွက် ကျပ် ၁၀ သန်းအောက်ဖြစ်ပါက "**တင်ဒါကော်မတီ**" မှ ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့်လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းတွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် ရက်သတ္တနှစ်ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာရမည်။ ထို့အပြင် "**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**" ဖွဲ့စည်းရာတွင် သက်ဆိုင်ရာဌာနက တာဝန်ပေးအပ်ထားသူများအပြင် အခြားသော ဆက်စပ်ဌာန၊ အဖွဲ့အစည်းများမှ အနည်းဆုံး သုံးဦး ပါဝင်ဖွဲ့စည်းရမည်။

(ခ) ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် အနိမ့်ဆုံးကြမ်းခင်းဈေး တန်ဖိုး တစ်နှစ်အတွက် ကျပ် ၁၀ သန်းနှင့်အထက်ဖြစ်ပါက ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့်လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် တစ်လ ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံးနှစ်ကြိမ် သိသာထင်ရှားစွာ ကြော်ငြာ၍ တင်ဒါခေါ်ယူရမည်။ အလားတူ ဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် တစ်လ ကြိုတင်ကြေညာရမည်။

"**တင်ဒါကော်မတီ**" သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ဆောင်ရွက်မည့် စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ၊ မရှိ စိစစ်ခြင်း၊

(ခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်း၊

(ဃ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါ အချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေး အချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(င) နည်းပညာအရ မြင့်မားပြီး ရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(စ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့် နေ့ရက်သတ်မှတ်ခြင်း၊

(ဆ) "**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**" ကို တာဝန်ပေးအပ်ခြင်း၊

(ဇ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

(ဈ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ည) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင် ဆောင်ရွက်ခြင်း၊

(ဋ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံး ကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း။

**တင်ဒါအောင်မြင်သူအား ထုတ်ပြန်ကြေညာခြင်း**

"**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**"သည် အကဲဖြတ်မှုအစီရင်ခံစာအား အကြံပြုချက်များနှင့်အတူပြုစု၍ "**တင်ဒါကော်မတီ**" ထံတင်ပြရမည်။ အစီရင်ခံစာတွင် တင်ဒါမအောင်မြင်သူများနှင့် မရွေးချယ်ရသည့် ရှင်းလင်းချက်များကို ဖော်ပြရမည်။ "**တင်ဒါကော်မတီ**"မှ တင်ဒါရွေးချယ်မှုအား သက်ဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ရရှိပြီးပါက တင်ဒါအောင်မြင်သူကို ထုတ်ပြန်ကြေညာပြီး ကန်ထရိုက်အပ်နှင်းခြင်းကို ဆောင်ရွက်ရမည်။ ကော်မတီသည် အစီရင်ခံစာတွင် တင်ဒါမအောင်မြင်သော တင်ဒါတင်သွင်းသူများအား တရားဝင်အကြောင်းကြားပြီး တင်ဒါအာမခံကြေးကို ခုနစ်ရက်အတွင်း ပြန်လည်ထုတ်ပေးရမည်။ တင်ဒါအောင်မြင်သူသည် လုပ်ငန်းအာမခံကြေးအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုသည့် ဘဏ်တစ်ခုခုမှရယူ၍ တင်ဒါစာရွက်စာတမ်းများတွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း တင်သွင်းရမည်။ လုပ်ငန်းအာမခံကြေးတင်သွင်းပြီးပါက စာချုပ်တွင် လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး တင်ဒါအောင်မြင်သူ ပေးသွင်းထားသည့် တင်ဒါအာမခံကြေးအား ပြန်လည်ထုတ်ပေးရမည်။ လုပ်ငန်းအာမခံကြေးသည် စာချုပ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း ဖြစ်သည်။ ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်းအတွက် လုပ်ငန်းအာမခံကြေး မလိုအပ်ပါ။

**လုပ်ထုံးလုပ်နည်းထုတ်ပြန်ခြင်း**

ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ဆောင်ရွက်ခွင့်ပြုရာတွင် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ အဂတိလိုက်စားမှုများမရှိစေရန်၊ တင်ဒါကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများမဖြစ်စေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ နိုင်ငံတော်နှင့် အများပြည်သူအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြစ်ရန် ရည်ရွယ်၍ ဤလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။

ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူများအမြင်တွင် သံသယကင်းရှင်းစေရန်အတွက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်သည့်အခါ တင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်၊ ကုမ္ပဏီသည် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန အကြီးအကဲများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်များနှင့် မိသားစုအရ၊ လူမှုရေးအရ၊ စီးပွားရေးအရနှင့် လုပ်ငန်းအရ ပတ်သက်ခြင်းတို့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူရပါမည်။ ထို့အပြင် တင်ဒါရွေးချယ်မှုကို မလျော်ဩဇာသုံး၍ တစ်နည်းနည်းဖြင့် လွှမ်းမိုးဆောင်ရွက်ခြင်းများကိုလည်း လက်မခံဘဲ တရားမျှတမှုရှိစွာနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် ဖြစ်ပါသည်။

**တိကျသေချာစွာ**

နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် အမှတ် ၁/၂၀၁၇ အရ တင်ဒါလုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်ထားပြီးဖြစ်ရာ သက်ဆိုင်သူများအနေဖြင့် တိကျသေချာစွာ လေ့လာဖတ်ရှုပြီး လက်တွေ့လိုက်နာ ဆောင်ရွက်သင့်ပါသည်။

နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရေး အဓိက ဦးတည်ချက်ထားရှိပါသည်။ အဂတိလိုက်စားမှုမရှိစေရေး၊ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းမဖြစ်စေရေး၊ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရေး၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေး အထူးလိုအပ်လှပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**တင်ပြချက်**

တင်ဒါလုပ်ငန်းစဉ်တစ်ခုတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် အမှတ် ၁/၂၀၁၇ ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်းကို ထိခိုက်နစ်နာဆုံးရှုံးလျှင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃(က)(၂)အရ အဂတိလိုက်စားမှုကျူးလွန်ခြင်းဖြစ်သည့်အတွက် အရေးယူခံရနိုင်ကြောင်း ရှင်းရှင်းလင်းလင်း သိရှိနားလည်သင့်ပါကြောင်းနှင့် တင်ဒါလုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာခြင်းဖြင့် အဂတိလိုက်စားမှုကျူးလွန်ခြင်း မပြုကြရေး နှိုးဆော်တိုက်တွန်းလျက် အကြံပြုတင်ပြအပ်ပါသည်။ ။

**တင်ဒါရွေးချယ်မှုကို မလျော်ဩဇာသုံး၍ တစ်နည်းနည်းဖြင့် လွှမ်းမိုး ဆောင်ရွက်ခြင်းများကိုလည်း လက်မခံဘဲ တရားမျှတမှုရှိစွာနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် ဖြစ်ပါသည်။**

# စွန့်ဦးတီထွင် ရခိုင်ပြည်တစ်ခွင် စီးပွားရေးဆိုင်ရာဟောပြောပွဲ ကျင်းပ

**စစ်တွေ အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ်အတွင်း လူငယ်နှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ၊ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ကြီးထွားဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းနှင့် ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပါဝင်ကျင်းပသည့် စွန့်ဦးတီထွင် ရခိုင်ပြည်တစ်ခွင် စီးပွားရေးဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွန့်ဦးတီထွင် လုပ်ငန်းရှင်များအနေဖြင့် တတ်နိုင်သည့်ဘက်မှ ပူးပေါင်းပါဝင်ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းအပေါ် ကျေးဇူးတင်ပါကြောင်း၊ ယခုကဲ့သို့ ဟောပြောပွဲများ ကျင်းပခြင်းသည် ပြည်နယ်၏ အနာဂတ်အတွက် အလွန်အလားအလာကောင်းများစွာ ရရှိမည်ဟုမျှော်လင့်ပါကြောင်း၊ ယခုလို မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းနှင့် ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းပါဝင်ကျင်းပခြင်းသည် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များ ပြည်နယ်အတွင်း ပေါ်ပေါက်လာရန်အတွက် အဓိကရည်ရွယ်ပြီး ကျင်းပခြင်းလည်း ဖြစ်ကြောင်း၊

ထိုသို့လုပ်ငန်းရှင်များ ပေါ်ပေါက်လာခြင်းအားဖြင့် ပြည်နယ်အတွင်းမှာ ရှိနေသည့် အခြေခံအဆောက်အအုံများ၊ ပေါကြွယ်ဝသည့် သဘာဝသယံဇာတများကို လုပ်ငန်းရှင်လူငယ်များအနေဖြင့် အကောင်းဆုံးဖြစ်အောင် အသုံးချပြီး ဆောင်ရွက်သွားမည်ဆိုလျှင် အလုပ်အကိုင်အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံနိုင်သည့်လုပ်ငန်းများ အမြန်ဆုံးပေါ်ထွက်လာပြီး ဒေသအတွက် အကျိုးပြုမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာအောင်၊ လူမှုစီးပွားဘဝများ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အများအပြားပေါ်ပေါက်လာရန် နိုင်ငံတော်ကလည်း များစွာကူညီပံ့ပိုးလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် လူငယ်များ၏ စွန့်ဦးတီထွင် လုပ်ငန်းများကို တတ်နိုင်သလောက် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။



ထို့နောက် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က Promoting Entrepreneurship in Rakhine ခေါင်းစဉ်ဖြင့် ဟောပြောပြီး တက်ရောက်လာကြသောလူငယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က စွန့်ဦးတီထွင် စီးပွားရေးလုပ်ကိုင်ခြင်းနှင့် ပတ်သက်၍ ဟောပြောပြီး ဦးထွန်းထွန်းနိုင်၊ ဦးလှဦး၊ ဦးကျော်သိန်းနိုင်နှင့် ဦးအောင်အောင်တို့က စီးပွားရေးဆိုင်ရာစကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

❖ ရှေ့ဖုံးမှ

ပွဲတော်ဖြစ်မြောက်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသိန်းသန်းဦးက "အခုပွဲတော်မှာ မြန်မာ့ရိုးရာခြင်းအလှခတ်ပြပွဲ၊ မြန်မာ့သိုင်းအလှပြပွဲ၊ ဗုဒ္ဓဝင်ပြခန်း၊ ပန်းချီပြခန်း၊ ပျဉ်းမနားမြို့နယ်က ထင်ရှားကျော်ကြားတဲ့ အထင်ကရပုဂ္ဂိုလ်များရဲ့ ဓာတ်ပုံပြခန်း၊ ဒေသထွက်ကုန်ပြခန်း အပါအဝင် ပြခန်းပေါင်း ၅၀ ကျော်ကို ခင်းကျင်းပြသသွားမှာပါ"ဟု ပြောသည်။



နှစ် ၁၀၀ ပြည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီအပူဇော်ခံပွဲနှင့် သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကြစဉ်။

ရှမ်းကန်ပတ်ဝန်းကျင်၌လည်း နှစ် ၁၀၀ ပြည့်အဖြစ် ရောင်စုံမီးအလှများကို ထွန်းညှိထားပြီး ပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လည်ပတ်နိုင်ရန်အတွက် ပွဲတော်လုံခြုံရေးကော်မတီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး လုံခြုံရေးကိုလည်း စနစ်တကျဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ပွဲတော်လာပြည်သူများ၏ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်ကျန်းမာရေး ဦးစီးဌာန ပျဉ်းမနားမြို့နယ် ကြက်ခြေနီအသင်းနှင့် မိုးစေတနာပရဟိတအသင်းတို့က ဆောင်ရွက်ပေးလျက်ရှိသည်။

အောက်တိုဘာ ၂၅ ရက် ညနေပိုင်းတွင် ပျဉ်းမနားမြို့နယ် တပ်တွင်းဓမ္မာရုံ (နှစ်ကျိပ်ရှစ်ဆူ ဘုရားစံကျောင်းတော်)မှ စတင်ပြီး ဘုရားပင့်ဆောင်ရေးယာဉ်များဖြင့် မြို့တွင်းသို့ ဒေသစာရီကြွချီအပူဇော်ခံမည့်အပြင် နိုင်ငံကျော်အနုပညာရှင်များ၊ တေးသံရှင်များ ပါဝင်သော ဖျော်ဖြေရေးယာဉ်များကလည်း လိုက်ပါဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပင့်ဆောင်ရေးယာဉ်တွေနဲ့ပတ်သက်ပြီး ဆုပေးပွဲကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းမှာ လုပ်ဆောင်သွားဖို့ ရှိပါတယ်။ မွန်းလွဲပိုင်းမှာ မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးကိုလည်း ပြုလုပ်သွားဖို့ရှိပါတယ်။ ဒီနှစ်က နှစ် ၁၀၀ ပြည့် ဖြစ်တဲ့အတွက် ယခင်နှစ်များနှင့်မတူဘဲ အစစအရာရာ ဘက်စုံပြည့်စုံအောင်လို့ ကဏ္ဍအသီးသီးက ဆောင်ရွက်ထားပါတယ်။ ဒီရှမ်းကန် သီတင်းကျွတ်မီးထွန်းပွဲတော်မှာ မီးအလှဆင်တာဟာ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အနေနဲ့ မီးအလှဆင်ထားတာပါ။ ဒါကို အဓိကပံ့ပိုးတာက စိုးလျှပ်စစ်ဖောင်ဒေးရှင်း ဖြစ်ပါတယ်"ဟု အတွင်းရေးမှူး ဦးသိန်းသန်းဦးက ပြောကြားသည်။

"ကျွန်တော်တို့ ပျဉ်းမနားမှာ နှစ်ကျိပ်ရှစ်ဆူပွဲတော်နဲ့ အလှပြယာဉ်တွေ လှည့်လည်တာကိုတော့ နှစ်တိုင်းလုပ်ပါတယ်။ ဒီနှစ်မှာ ယခင်နှစ်တွေနဲ့ မတူတာကတော့ ရှမ်းကန်ထဲမှာ အလှဆင်မီးတွေ ထွန်းထားတယ်၊ ပြခန်းတွေအများကြီး ပြသထားတာ ကြည့်ရတဲ့အတွက် ဗဟုသုတရတဲ့အပြင် ဆိုင်းဝိုင်းနဲ့ မြေဝိုင်းအကတွေကလည်း ဒီနှစ်မှပါလာပါတယ်။ ဒါက ပျဉ်းမနားမြို့ရဲ့ ဂုဏ်ကိုဖော်ဆောင်နိုင်တာပဲဖြစ်ပါတယ်။ ဒါကြောင့် ပျဉ်းမနားမြို့ခံတစ်ဦးအနေနဲ့ ဂုဏ်ယူပါတယ်"ဟု မြို့မိမြို့ဖ ဦးညီငယ်က ပြောသည်။

ယခုပွဲတော်၌ တန်ဖိုးကြီးမားသော မြန်မာ့ယဉ်ကျေးမှု သရုပ်သကန်ကို ဖော်ထုတ်ရန်၊ ဒေသတွင်းကုန်ထုတ်လုပ်ငန်းများကို အထောက်အကူပြုရန်၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းများကို အများပြည်သူသို့ ချပြနိုင်ပြီး မြန်မာ့အစားအစာ ယဉ်ကျေးမှု ထွန်းကားစေရန်၊ မြန်မာ့လက်မှုပညာများ၊ မြန်မာ့မီးပုံးများ ပြန်လည်ထွန်းကားလာစေရန်၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစေရန်၊ ပျဉ်းမနားမြို့သူ မြို့သားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ လုပ်အားငွေကို စုပေါင်း၍ ယဉ်ကျေးမှုပွဲတော်ကြီးတစ်ခု ကျင်းပသော အလေ့အထထွန်းကားစေရန်နှင့် ကလေးသူငယ်များကို ဗုဒ္ဓဝင်နှင့်ပတ်သက်သည့် ဗဟုသုတများ သိရှိစေပြီး မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို တန်ဖိုးထားတတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်၊**
**ဓာတ်ပုံ- ကျော်ရဲဆွေ**

---



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ဒေသခံပြည်သူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။

## ခမ်းပါတ်မြို့၌ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**တမူး အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ခမ်းပါတ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပုတီးခန်းမ၌ အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးသန်းညွန့်ဦး၊ တမူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ဦး၊ တမူးခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်အောင်၊ တမူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုး၊ တမူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ကိုးအုပ်စုတွင် သစ္စာစီမံချက်ဖြင့် ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၃၅ ကတ် ပေးအပ်ခဲ့ကြောင်း သိရသည်။ **အေးသန်း (စိန်တုံးကြီး)**

---

## သုဝဏ္ဏဝတီမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ ပျက်စီး



**သုဝဏ္ဏဝတီ အောက်တိုဘာ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ အောက်တိုဘာ ၂၀ ရက် ည ၈ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ၊ လူနေအိမ်တချို့တို့ ပြိုလဲခြင်းများဖြစ်ပေါ်ခဲ့ပြီး လူထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်း သိရသည်။

သိမ်ဆိပ်ရပ်ကွက် သာသနာလမ်းရှိ အမကစာသင်ကျောင်းပေါ်သို့ သစ်ကိုင်းများလဲပြိုခြင်း၊ ကန့်ကော်ကုန်းပိုင်းရှိ လူနေအိမ်တစ်လုံး ပြိုကျပျက်စီးခြင်းနှင့် တံတားဦးကျေးရွာအနီး ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ် ကုက္ကိုပင်လဲကျ၍ တယ်လီဖုန်းတိုင်များ လဲကျခြင်း၊ လျှပ်စစ်မီးကြိုးများ ပြတ်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်သွားခဲ့သည်။ သုဝဏ္ဏဝတီမြို့အနီးရှိ ကျေးရွာများမှ ရော်ဘာပင်အများအပြား ပျက်စီးလဲပြိုခဲ့ကြောင်း သိရသည်။

ဖြစ်ပွားရာနေရာများသို့ သထုံခရိုင် မီးသတ်တပ်ဖွဲ့ဝင်များ၊ သိမ်ဆိပ်နယ်မြေရဲတပ်ဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းများ၊ တာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းပေးလျက်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် အောက်တိုဘာ ၂၀ ရက်တွင် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့ ၁၃၂ ကေဗွီဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူးက ပင်မဓာတ်အားခွဲရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ သန့်ရှင်းကြံ့ခိုင်ကောင်းမွန်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ မီးသုံးစွဲသူပြည်သူများ ဓာတ်အားပြတ်တောက်မှု လျော့နည်းပပျောက်စေရေးနှင့် ဗို့အားတည်ငြိမ်ပြည့်ဝစွာရရှိရေးတို့အတွက် အထူးဂရုပြုဆောင်ရွက်သွားရန် မှာကြားပြီး ခွဲရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၏ မိုးဗြဲရေလှောင်ကန်သို့ရောက်ရှိပြီး တာဝန်ရှိသူများက ရေလှောင်ကန်အတွင်း ရေဝင်ရောက်မှုနှင့် ရေစုဆောင်းထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး ရေလှောင်ကန်အတွင်း ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လွိုင်ကော်မြို့အရှေ့တောင်ဘက်ရှိ ဘီလူးချောင်းအမှတ် (၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း စက်မောင်းနှင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် Future Energy Co., Ltd. ၏ ဘီလူးချောင်း အမှတ် (၃) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံ၏ ဓာတ်အား ထုတ်လုပ်နိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဘီလူးချောင်း အမှတ် (၃) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် လွိုင်ကော်မြို့၏အရှေ့တောင်ဘက် ၂၅ ကီလိုမီတာအကွာ ဘီလူးချောင်းနှင့် ပွန်းချောင်းဆုံရာအနီးတွင်တည်ရှိပြီး အမှတ်(၂) ဓာတ်အားပေးစက်ရုံမှ ထုတ်လွှတ်သော ရေကိုရယူ၍ စက်တပ်ဆင် အင်အား ၅၂ မဂ္ဂါဝပ်ဖြင့် တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၃၃၄ ကီလိုဝပ် ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ဘီလူးချောင်း ဓာတ်အားပေးစက်ရုံအမှတ် (၁)၊ (၂)နှင့် (၃) တို့မှ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ၂၃၀ ကေဗွီဓာတ်အားလိုင်းများဖြင့် ချိတ်ဆက်၍ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆင်မ မိုမို ၆၅ နှစ်ပြည့် မွေးနေ့ပွဲ ပျော်ရွှင်စွာ ဆင်ကာနွှဲ

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးထဲတွင် သက်တမ်းရှည်ကြာစွာ နေထိုင်ကြီးပြင်းခဲ့သည့် ဆင်မမိုမို၏ ၆၅ နှစ်ပြည့်မွေးနေ့ မင်္ဂလာပွဲသည် မိုမိုကိုချစ်သောပြည်သူတို့၏ Happy Birthday ဆုတောင်းသံများဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း ပွဲတင်ထပ်လျက်ရှိသည်။



"ဆင်မကြီးမိုမိုကို သူ့ရဲ့မွေးနေ့မှာ ပရိသတ်တွေက အသက်ရာကျော်ရှည်ပါစေလို့ ဆုတောင်းပေးသံတွေ ကြားရတဲ့အတွက် အခုလို မွေးနေ့ကျင်းပပေးရတာကို ကျေနပ်ဝမ်းသာဖြစ်မိပါတယ်"ဟု ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ စီမံမန်နေဂျာ ကိုမျိုးကျော်သူက ပြောသည်။

ယနေ့ကျင်းပသည့် ၆၅ နှစ်ပြည့်မွေးနေ့တွင် ဆင်မလေး မေသဲဖြူ၊ မျိုးမျိုး၊ မိုသော်ပြည့်၊ မလှချော စသည့် ဆင်များကို ခြံရံပြီး ပျော်ရွှင်စွာ မွေးနေ့ပွဲဆင်နွှဲနေသည့် ဆင်မမိုမိုသည် ၁၉၆၁ ခုနှစ်မှစတင်၍ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ရောက်ရှိခဲ့သူဖြစ်သည်။ ထိုစဉ်က ဆင်မလေးမှာ အသက် ခုနစ်နှစ်အရွယ်။

မိခင်နှင့်ကွဲကွာပြီး တောထဲမျက်စိလည်နေခဲ့သည့် ဆင်မလေးမှာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ရောက်ခဲ့ရာ သူ၏ ပထမဆုံးသခင် ဦးခွန်စန္ဒက တောခေါင်းကြီး၏ ဇနီး ကရင်မလေး နော်မိုးမို၏ အမည်ကိုယူပြီး မိုမိုဟု အမည်ခေါ်ခဲ့ရာမှ ပြည်သူ့အချစ်တော် မိုမို ဖြစ်လာခဲ့သည်။

ယနေ့ မိုမို၏မွေးနေ့ပွဲကို နံနက် ၆ နာရီက သံဃာတော်များအား ဆွမ်းကပ်လောင်းလှူမှုဖြင့် စတင်ခဲ့ပြီး မိုမို မွေးနေ့အခမ်းအနားကို ဆင်မလေးမေသဲဖြူက ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် တစ်မူထူးခြားစွာ မိုမိုနှင့်အတူ ဆင်နွှဲသည့် ဆင်များအား မွေးနေ့ကိတ်အစား ဘူဖေးစားသုံးစေခဲ့သည်။ မိုမို၏ ဘဝဖြတ်သန်းရာ ဘဝဖြစ်စဉ်ကို ဟောပြောခဲ့ရာ လာရောက်သူဧည့်ပရိသတ်များ မိုမိုကို ချစ်အားပိုခဲ့ကြသည်။

"မိုမိုကလေ ဆံမဖြူ သွားမကျိုးဘူး။ ကျန်းမာရေးက တော့ အခုလက်ရှိ ဒေါင်ဒေါင်မြည်ပါပဲ။ ဧည့်သည်လာရင် တကျင်ကျင်လို့ နှုတ်ဆက်နေဆဲပဲ။ အသက်ရာကျော် ရှည်ပါစေလို့ ဆုတောင်းပါတယ်"ဟု ရန်ကုန်တိရစ္ဆာန် ဥယျာဉ်မှ အကြီးတန်း တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာမြင့်သိန်းက ပြောသည်။

တိရစ္ဆာန်ပင်ဖြစ်လင့်ကစား၊ ဆင်မည်းပင်ဖြစ်လင့်ကစား သိနားလည်ပြီး လိမ္မာသည့် ဆင်မလေးမိုမိုသည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ဖျော်ဖြေပွဲများစွာတွင် ပြည်သူများ နှစ်ခြိုက်စေသည့်အကများကို ကြီးမားသောသူ၏ ခန္ဓာကိုယ်ကြီးကို လှုပ်ရမ်းကပြရင်း မိမိ၏အခန်းကဏ္ဍကို ကျေပွန်စွာ ဆောင်ရွက်ခဲ့သူပင်ဖြစ်သည်။ နိုင်ငံတော် အထင်ကရ အခမ်းအနားများတွင်လည်း တတ်စွမ်းသမျှ ပါဝင်ခဲ့ဖူးသည့် ပြည်သူ့အချစ်တော် မိုမိုပင်ဖြစ်သည်။

"အခုလည်း ဆိုင်းသံ ဗုံသံကြားရင် ကချင်စိတ်ရှိနေတုန်းပဲ။ ခန္ဓာကိုယ်က လှုပ်နေတာ။ သူ့နာမည်ခေါ်ရင်လည်း အမြဲထူးတယ်၊ အစာကျွေးမှ မကျွေးမှ မဟုတ်ဘူး။ ပြီးတော့ သူက ဒီမှာ ဆင်တွေအားလုံးထဲမှာ အသက်လည်းအကြီးဆုံးပဲ။ သူကခေါင်းဆောင်ပဲ"ဟု ဆင်ဦးစီး ကိုအောင်ဝင်းသောင်းက ပြောသည်။

ဆင်မမိုမို၏ မွေးနေ့ပွဲကို မျက်လှည့်ကိုခိုင်၏ ဆန်းပြားသောပြကွက်များနှင့် ဖျော်ဖြေမှု၊ မြန်မာ့ခြင်းလုံး အလှကစားခြင်း၊ တိရစ္ဆာန်လေးများ၏ လိမ္မာကျွမ်းကျင်မှု ပြကွက်များ၊ ချစ်စရာ့အရွယ် ကလေးငယ်များ၏ ဖျော်ဖြေမှု၊ ပျော်ရွှင်စရာ ဉာဏ်စမ်းပဟေဠိနှင့် ကလေးငယ်များ အတွက် ကံစမ်းမဲအစီအစဉ်၊ Life & Dance အဖွဲ့သားများ၏ ကကွက်ဆန်းများနှင့် ဖျော်ဖြေမှု၊ Myanmar Idol Season 3 မှ နေခန့်မင်းသစ်၏ သီဆိုဖျော်ဖြေမှု၊ ဧည့်သည် အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ ဈေးရောင်း ပွဲတော်နှင့် အနုပညာရှင်များ၏ ပရဟိတ ဈေးရောင်းပွဲတော် များကလည်း ပါဝင်အားဖြည့်ထားပြန်သည်။

တစ်ခေတ်တစ်ခါက မြန်မာ့အသံရေဒီယိုကနေ တနင်္ဂနွေနေ့များ၌ ထုတ်လွှင့်နေကျ "မိသားစု တနင်္ဂနွေ" သီချင်းစာသားကနေ အောင်မြင်ကျော်ကြားလာသည့် မိုမို၊ မိဘတို့က သားငယ်သမီးငယ်များကို ဆင်သဖွယ် ကျီစယ်ကစားသည့်အခါ "မိုမိုရေ --- ဝူး"ဆိုသည့် မိုမိုနာမည်ကို ထည့်သွင်းကစားသည်အထိ ပြည်သူ့အသည်းကျော်လေး ဖြစ်ခဲ့သည့် မိုမို ။

တောဆင်ရိုင်းများ သတ်ဖြတ်မှုမှ ကာကွယ်ရန်၊ ထိန်းသိမ်းပေးရန် လှုံ့ဆော်ရာတွင်လည်း ဆင်များအားလုံးကို ကိုယ်စားပြုသည့်အမည်မှာ "မိုမို"ပင်ဖြစ်သည်။ ယခု ဆင်မမိုမို အသက် ၆၅ နှစ်ပြည့်ပါပြီ။ ပြည်သူချစ်သော မိုမို အသက်ရာကျော်ရှည်ပါစေ " Happy Birthday"ပါ မိုမို။ **သတင်း-သီသီမင်း၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ကြေးကြီးတယ် ရုပ်ရှင်ဇာတ်ကား အောက်တိုဘာ ၂၆ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

R-SQUARE ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ) ရိုက်ကူးထားသည့် "ကြေးကြီးတယ်" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး အောက်တိုဘာ ၂၆ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။

ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)က "ဒီကားကို ၂၀၁၆ ခုနှစ်က ရိုက်ခဲ့တာပါ။ တိုင်းပြည် ကောင်းစားဖို့အတွက် လူတိုင်းမှာတာဝန်ရှိတယ်၊ ဥပဒေကို လူတိုင်း လေးစားလိုက်နာဖို့လိုတယ် ဆိုတဲ့အကြောင်းကို သတင်းစကားပေးထားတယ်။ ဒီဇာတ်ကားကိုကြည့်ပြီးသွားရင်တော့ ပရိသတ်တွေအနေနဲ့ နည်းနည်းလေး ပြောင်းလဲသွားမယ်လို့မျှော်လင့်မိပါတယ်။ ဒီကားရိုက်ဖို့လုပ်တော့ ဆင်ဆာအခက်အခဲရှိခဲ့တယ်။ နောက်တစ်ခုကတော့ ဒီထဲမှာပါတဲ့ ဇာတ်ကောင်တစ်ခုက သရုပ်ဆောင်မဟုတ်ပါဘူး။ သူ့ကို အချိန်ပေးပြီးတော့ သင်ပြပြီးရိုက်ဖို့ အခက်အခဲဖြစ်ခဲ့ရတယ်။ ဒါကြောင့် ရိုက်တဲ့အခါမှာ ကိုယ်ဖြစ်ချင်တဲ့အတိုင်း မဖြစ်ခဲ့တာတွေရှိခဲ့တယ်"ဟု ပြောသည်။



ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)



သရုပ်ဆောင် ထွန်းကိုကို



သရုပ်ဆောင် ROSHAM



သရုပ်ဆောင် အိချောပို

အဆိုပါ ဇာတ်ကားတွင် မြင့်မြတ်၊ နေမျိုးအောင်၊ ဇွဲနိုင်ဝင်း၊ ထွန်းကိုကို၊ အိချောပို၊ နေဆန်း၊ သတ္တိ၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော်၊ မေမြတ်နိုး၊ အထူးသရုပ်ဆောင် ROSHAM နှင့် အခြားသော အနုပညာရှင်များပါဝင်ထားပြီး ဥပဒေကိုဖော်ဆောင်သူများအပါအဝင် ပြည်သူများအားလုံး ဥပဒေကို လေးစားလိုက်နာတတ်စေရန်၊ စည်းကမ်းတကျ နေထိုင်တတ်စေရန်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများအားလုံး ပူးပေါင်းပါဝင်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ရိုက်ကူးထားသည့် ပညာပေးဟာသအက်ရှင်ဇာတ်ကား တစ်ကားဖြစ်သည်။

သရုပ်ဆောင် ထွန်းကိုကိုက "ဒီကားထဲမှာ ကုမ္ပဏီပိုင်ရှင်တစ်ဦးပါ။ အနုနည်းနဲ့ ပညာသားပါပါကြမ်းတဲ့ ပုံစံမျိုးပါဝင်ထားတာပါ။ သူလုပ်လိုက်တဲ့ အလုပ်တစ်ခုကြောင့် ကလေးတွေ သေတဲ့သူသေခဲ့ရတယ်။ ကိုယ်လုပ်လိုက်တဲ့ အရာလေးက ဘာမှမဟုတ်ပေမယ့် ပရိသတ်ဘက်က ပြန်ကြည့်ရင် ရင်နာစရာ အဖြစ်အပျက်မျိုးလေးပါ။ ကလေးတွေ အသည်းရောင်အသားဝါ ကာကွယ်ဆေးထိုးလိုက်တယ်။ ထိုးပြီးတဲ့အခါမှာ ကလေးတွေအကုန်လုံး ဆေးရုံရောက်ပြီး တချို့ကလေးတွေ အသက်ဆုံးရှုံးမှုဖြစ်သွားရတယ်။ အပြင်မှာလည်း ဒီကားထဲက အဖြစ်အပျက်မျိုးတွေ ရှိနေတတ်ပါတယ်။ ဒါကြောင့် ကိုယ်ကစီးပွားရေး ဆန်ဆန်လုပ်ပေမယ့် အများအတွက် ဆိုးကျိုးဖြစ်နေရင် မကောင်းပါဘူး။ ဒီကားလေးက အသိပညာတွေ အများကြီးပေးထားပါတယ်"ဟု ပြောသည်။

အထူးသရုပ်ဆောင် ROSHAM ကလည်း ရုပ်ရှင်ဇာတ်ကားကြီးအနေဖြင့် ပါဝင်သရုပ်ဆောင်ခဲ့သည်မှာ ဇာတ်ကားနှစ်ကားရှိပြီဖြစ်သော်လည်း ယခုဇာတ်ကားသည် ပထမဆုံးရိုက်ကူးခဲ့သည့် ဇာတ်ကားဖြစ်ကြောင်း၊ ဆရာဝန်၏ ပေါ့ဆမှုကြောင့် အမျိုးသမီးသေဆုံးခဲ့သည့်အတွက် စိတ္တဇဆန်သည့် လူသတ်သမားတစ်ဦးအဖြစ် ပါဝင်ထားကြောင်း၊ ဇာတ်လမ်းသဘောအရ ယခုခေတ်အခြေအနေနှင့် ကိုက်ညီမှုရှိကြောင်း ပြောသည်။

သရုပ်ဆောင် အိချောပိုက "ကိုမြင့်မြတ်ရဲ့ မိန်းမနေရာက ပါဝင်ထားတာပါ။ အိမ်ထောင်ရှင်မပီသတဲ့ ခပ်ဆိုးဆိုးမိန်းမပုံစံမျိုးပါ။ ပါဝင်ရတဲ့အခန်းက နည်းပါတယ်။ ဒါပေမယ့် ပါရတဲ့အခန်းတွေက လုပ်ကွက်တွေရှိပါတယ်။ လူတွေရဲ့ စိတ်နေစိတ်ထား၊ အကျင့်စရိုက်နဲ့ စည်းကမ်းပိုင်းတွေကို ဖော်ပြပေးထားတဲ့ ပညာပေးဇာတ်ကားပါ။ လူတွေရဲ့လိုအပ်ချက်လေးတွေကို ဖြည့်စွက်ပြီး ပြသွားတဲ့ ပုံစံလေးတွေပါတယ်။ ပရိသတ်တွေလည်း ကြိုက်နှစ်သက်လိမ့်မယ်လို့ ထင်ပါတယ်"ဟု ပြောသည်။

စည်းကမ်းမဲ့အမှိုက်ပစ်ခြင်းမှ အစပြုကာ ကျန်ရှိသည့် စည်းကမ်းပိုင်းများကိုလည်း ပရိသတ်များ သတိပြုမိစေရန် ပေါ်လွင်အောင်ရိုက်ကူးထောက်ပြထားကြောင်း၊ ပရိသတ်အနေဖြင့်လည်း အဆိုပါရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုပြီးပါက စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကို ဆင်ခြင်သွားနိုင်လိမ့်မည်ဖြစ်သည့်အပြင် မိမိ၏ပတ်ဝန်းကျင်ကိုလည်း အလေးထားဆောင်ရွက်တတ်သည့် အလေ့အထများ တိုးပွားလာနိုင်လိမ့်မည်ဖြစ်ကြောင်း၊ မိမိသိရှိထားသည့် အသိပညာများကို ပြန်လည်ဝေမျှခြင်းဖြစ်ပြီး ဥပဒေကိုလိုက်နာကာ စည်းကမ်းတကျနေထိုင်တတ်စေရန်အတွက် အသိပညာပေးရိုက်ကူးထားခြင်းဖြစ်ကြောင်း ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ)က ဆိုသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# ပန်းချီဝသုန် ကွယ်လွန်ခြင်း (၁၀)နှစ်ပြည့် ပန်းချီပြပွဲနှင့် စာအုပ်ပြပွဲ ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၁**
ပန်းချီမျိုးဆက်သစ်လူငယ်များ လေ့လာမှတ်သားနိုင်ရန်နှင့် လက်ဆင့်ကမ်းအမွေများရရှိစေရန်ရည်ရွယ်၍ သရုပ်ဖော်ပန်းချီလောကတွင် ထင်ရှားကျော်ကြားသော ပန်းချီဆရာကြီးတစ်ဦးဖြစ်သည့် ပန်းချီဝသုန်ကွယ်လွန်ခြင်း (၁၀)နှစ်ပြည့် အမှတ်တရ ပန်းချီပြပွဲနှင့် စာအုပ်ပြပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သံဈေးရှိ Yangon Book Plaza ၌ ကျင်းပသည်။

ပြပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ငါတို့စာပေစာအုပ်တိုက်မှ ကိုမြေမှုန်လွင်က "လက်ရှိမှာ သရုပ်ဖော်ပန်းချီဆရာတွေဟာ မျိုးဆက်တိမ်ကောလုနီးပါး ဖြစ်နေပါပြီ။ ဆရာကြီးက သရုပ်ဖော်ပန်းချီကို အသေးစိတ်ရေးတယ်။ ဇာတ်ကောင်တွေကို ပေါ်လွင်ထင်ရှားအောင် သရုပ်ဖော်နိုင်တယ်။ အင်မတန်ရှားပါးတဲ့ သရုပ်ဖော်ဆရာဖြစ်တယ်။ ရေဆေးရေးတဲ့နေရာမှာ အင်မတန်ကျွမ်းကျင်တယ်။ ရေဆေးဘုရင်လို့တောင် ပြောလို့ရတယ်။ ဒါကြောင့်လည်း ဆရာဝသုန်ရဲ့ သရုပ်ဖော်ပန်းချီလက်ရာတွေကို ဒီလိုပွဲတွေပြသခြင်းအားဖြင့် နောက်မျိုးဆက်သစ်တွေ လေ့လာနိုင်အောင်၊ လက်ဆင့်ကမ်းနိုင်အောင် ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်ပါတယ်"ဟု ပြောသည်။

ပန်းချီဆရာကြီး ဝသုန်သည် သူ၏ ပန်းချီအနုပညာပေါ်တွင် တန်ဖိုးထားလေးစားပြီး တပည့်များအပေါ် မျှော်လင့်ချက်မထားဘဲ လိုအပ်ချက်များကိုသာ ဖြည့်ဆည်းပေးခဲ့ကြောင်းကို သူ၏ဇနီးဖြစ်သူ ဒေါ်စန်းအေးက ပြန်ပြောင်းပြောပြသလို သမီးဖြစ်သူ မအင်ကြင်းမွှေးကလည်း သူမ၏ဘဝတွင် ဖခင်၏ပန်းချီအမွေကို မရရှိခဲ့သော်လည်း ဖခင်၏ရိုးဂုဏ်နှင့် စိတ်ဓာတ်အမွေများကို ရရှိခဲ့ပြီး ဖခင်၏ ပန်းချီလက်ရာများနှင့် စာအုပ်များကို ထိန်းသိမ်းစောင့်ရှောက်ရသည်မှာလည်း အမွေတစ်ခုဖြစ်ကြောင်း ပြောသည်။

ပြပွဲကို ငါတို့စာပေစာအုပ်တိုက်နှင့် ပန်းချီဆရာကြီး ဝသုန်၏ မိသားစုများက စုပေါင်းကျင်းပခြင်းဖြစ်ပြီး ငါတို့စာပေစာအုပ်တိုက်မှ ပြန်လည်ဆန်းသစ်ထုတ်ဝေသော ပန်းချီဆရာကြီးဝသုန် သရုပ်ဖော်ရေးဆွဲထားသည့် ဆရာကြီးရွှေဥဒေါင်း၏ စုံထောက်ဦးစံရှားစာအုပ်ကို မိတ်ဆက်ရောင်းချသွားမည်ဖြစ်ရာ အဆိုပါစာအုပ်ရောင်းချမှုမှရရှိသော အကျိုးအမြတ်နှင့် မိသားစုထည့်ဝင်ငွေများ စုပေါင်းကာ မိဘမဲ့ကလေး ၂၀၀ ကျော်ရှိသည့် ရတနာပုံရိပ်ငြိမ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်မှုတွင် လှူဒါန်းသွားမည်ဖြစ်သည်။

ပန်းချီဆရာကြီးဝသုန်ကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် အဘဦးလှမောင်နှင့် မိခင်ဒေါ်သန်းတို့က ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ရန်ကုန်ပန်းချီပန်းပုကျောင်း၌ ပန်းချီပညာကို စတင်သင်ကြားခဲ့ပြီး ၁၉၆၇-၆၈ ခုနှစ်တွင် ပန်းပုပညာကို ဆက်လက်သင်ကြားခဲ့သည်။ ပန်းချီပညာများ သင်ကြားနေစဉ်ကာလအတွင်း စာနယ်ဇင်းသရုပ်ဖော်ပန်းချီလောကသို့ လျှို့ဝှက်သည်းဖိုမဂ္ဂဇင်းမှ စတင်ဝင်ရောက်ခဲ့ပြီး ကာတွန်းပေါက်စမောင်ခင်လှအမည်ဖြင့် ကာတွန်းပန်းချီများ ရေးဆွဲခဲ့သည်။

နောက်ပိုင်းတွင် ပန်းချီဝသုန် အမည်ခံ၍ သရုပ်ဖော်ပန်းချီလောကသို့ ဝင်ရောက်ခဲ့ပြီး သရုပ်ဖော်ပန်းချီနှင့် ပန်းချီများစွာကို ရေးဆွဲခဲ့သည်။ ထိုသို့ စာနယ်ဇင်းသရုပ်ဖော်ပန်းချီများကို တစိုက်မတ်မတ် ရေးဆွဲနေစဉ် ၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၁ ရက် အသက် (၆၁) နှစ်တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် သားသမီးလေးဦးနှင့် မြေးနှစ်ဦး ကျန်ရစ်ခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**



# မိုးညှင်းနှင့် ရွှေတောင်တို့တွင် နိုင်ငံတော်အစိုးရနှင့် တပ်မတော်ကိုထောက်ခံခြင်းနှင့် ပြည်ပဝင်ရောက်စွက်ဖက်မှုကို ဆန့်ကျင်ကြောင်း ဆန္ဒဖော်ထုတ်

**မိုးညှင်း အောက်တိုဘာ ၂၁**
ကချင်ပြည်နယ် မိုးညှင်းမြို့ အရှေ့စုရပ်ကွက် ရွှေသာလျောင်းဇာတ်ရုံကြီးတွင် အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက မိုးညှင်းမြို့နယ် သျှမ်းနီတိုင်းရင်းသားများနှင့် ဒေသခံများက ဦးဆောင်ပြုလုပ်သော နိုင်ငံတော်အစိုးရနှင့် မြန်မာ့တပ်မတော်အပေါ် ဖိအားပေးစွက်ဖက်နေသော ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများအား ဆန့်ကျင်ရှုတ်ချပွဲနှင့် လူထုဆန္ဒဖော်ထုတ်ပွဲတွင် အင်အား ၁၀၀၀ ခန့်တို့က စုပေါင်းလှည့်လည် ဆန္ဒဖော်ထုတ်ကြသည်။ (အပေါ်ပုံ)

**နီတိုး(မိုးညှင်း)**

အလားတူ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ရွှေတောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း) ကြီးကြပ်မှုဖြင့် တပ်မတော်အား ထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်လုပ်ဆောင်မှုများကို ဆန့်ကျင်သည့်ဆန္ဒပြပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက ရွှေတောင်မြို့တော်ခန်းမရှေ့ ပြည်- ရန်ကုန်လမ်းဘေးတွင် ကျင်းပရာ အင်အား ၁၇၀ ကျော်ခန့်သည် သတ်မှတ်ဗီနိုင်းပိုစတာများကို ကိုင်ဆောင်ပြီး အေးချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

**မြင့်နိုင်**

# ကြို့ပင်ကောက်မြို့နယ်တွင် ဘော်ဘင်ရေလှောင်တမံမှ မိုးစပါးအောင်ရေ ပေးဝေလျက်ရှိ

**ကြို့ပင်ကောက် အောက်တိုဘာ ၂၁**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်ရှိ ဘော်ဘင်ရေလှောင်တမံမှ အောက်တိုဘာလဆန်းပိုင်းမှ စတင်ကာ မိုးစပါးအောင်ရေ ပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အေအီးဦးအောင်လွင်သိန်း၏ ပြောကြားချက်အရ သိရသည်။

ကြို့ပင်ကောက်မြို့နယ်တွင် မိုးစပါးအောင်ရေ လိုအပ်သော ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများက တင်ပြတောင်းဆိုလာသည့်အတွက် မိုးစပါးအောင်ရေ ပေးဝေခဲ့ခြင်းဖြစ်သည်။ ယခုနှစ်တွင် ဘော်ဘင်ရေလှောင်တမံဆည်ရေဖြင့် ကြို့ပင်ကောက်၊ ဇီးကုန်းမြို့နယ်များတွင် နွေစပါးဧက ၇၆၀၀ နှင့် မိုးစပါးဧက ၁၃၂၀၀ စိုက်ပျိုးနိုင်ခဲ့သည်။

ဘော်ဘင်ရေလှောင်တမံ ရေပေးမြောင်းများသည် မြေသားမြောင်းများဖြစ်သည့်အတွက် မိုးရာသီတွင် တူးမြောင်းပျက်စီးမှုများကို စက်အား၊ လူအားဖြင့် ပြုပြင်ပြီး အချိန်မီရေပေးဝေနိုင်ခဲ့ကြောင်း၊ မိုးစပါးအောင်ရေပေးဝေရသည့် အချို့သော လယ်ကွင်းများမှာ တမံမှ ၁၂ မိုင်ကွာဝေးသည့်အတွက် အောင်ရေအပြည့်အဝရရှိရန် အထက်ပိုင်းရေသုံးစွဲသူ တောင်သူများအနေဖြင့် တူးမြောင်းဥပဒေကို လိုက်နာရန်နှင့် ဆည်ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် စနစ်တကျရယူသုံးစွဲရန်လိုအပ်ကြောင်း၊ ဌာနနှင့် တောင်သူများ ညှိနှိုင်းရေးဆွဲထားသော ရေအလှည့်ကျသုံးစွဲရေး ဇယားအတိုင်း ရေပေးဝေလျက်ရှိကြောင်း သိရသည်။

**ညဏ်ကောင်းဆက်**



»» စာမျက်နှာ ၁၀ မှ
ဒီ Social Network ဆိုတာကလည်း ဒီ Social Network ကို များသောအားဖြင့် အသုံးပြုကြတယ်ဆိုတာကလည်း ကိုယ့်ရဲ့မိတ်ဆွေတွေ တိုးပွားဖို့ရယ်၊ အပြင်မှာတွေ့တဲ့ မိတ်ဆွေတွေ၊ ကိုယ့်ရဲ့ဆွေမျိုးတွေနဲ့ အွန်လိုင်းကနေတစ်ဆင့် ချိတ်ဆက်ပြီး ဆက်သွယ်နိုင်ဖို့တွေ၊ ကိုယ်ရရှိလာတဲ့ အတွေ့အကြုံ ဗဟုသုတတွေကို မျှဝေနိုင်ဖို့အတွက် ဒီ Social Network ကို သုံးတာဖြစ်ပါတယ်။ ဒါပေမယ့် တကယ့်တကယ် ငွေပေးငွေယူလုပ်တဲ့ကိစ္စတွေမှာဆိုရင် ယုံကြည်စိတ်ချရလောက်အောင် ခိုင်မာတဲ့နေရာ မဟုတ်ဘူးဆိုတာကို အသိပေးလိုပါတယ်။

နောက်တစ်ခုက Facebook Social Network ကို လူသုံးများလာတဲ့အခါကျတော့ ဖေ့စ်ဘွတ်က ဈေးကွက်ရှာတဲ့နေရာတွေဖြစ်လာပြီး နာမည်ကြီးပြီးတော့ လူသိများလာတဲ့ လိမ်လည်မှုနှစ်ခုရှိပါတယ်။ စုမဲလိမ်ခြင်းနဲ့ ရှယ်ယာငွေတွေကို လိမ်တဲ့ လိမ်လည်မှုတွေဖြစ်ပါတယ်။ ရှယ်ယာခေါ်ယူပြီး လိမ်လည်တဲ့အမှုဆိုတာက အွန်လိုင်းပေါ်ကနေ ရှယ်ယာအမည်ခံတယ်၊ ပိုက်ဆံတွေထည့်ခိုင်းတယ်၊ ထည့်ခိုင်းပြီးတော့ လိမ်လည်တယ်။ ဘယ်လိုလိမ်လဲဆိုတော့ အမြတ်ငွေရဲ့ ၁၅ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းအထိပေါ့။ အမြတ်ငွေတွေကို လစဉ်ပုံမှန်ပေးပြီး ယုံကြည်လာတယ်၊ ယုံကြည်အောင်စည်းရုံးပြီးမှ နောက်ထပ်ထည့်ဝင်သူတွေရဲ့ ငွေတွေကို ရှေ့လူတွေကို အမြတ်ငွေပေးတယ်။ အယုံလွယ်တဲ့ ဖေ့စ်ဘွတ်သုံးသူတွေကို အသုံးပြုပြီးတော့ ကျူးလွန်ကြတာ ဖြစ်ပါတယ်။

တည်ဆဲဥပဒေအရဆိုရင်တော့ ငွေကြေးရှယ်ယာခေါ်ယူတဲ့လုပ်ငန်းအမျိုးအစားဆိုတာက သာမန်ကုမ္ပဏီမှတ်ပုံတင်ရှိရုံနဲ့ လုပ်ကိုင်ခွင့်ရတဲ့ လုပ်ငန်းအမျိုးအစားမဟုတ်ဘူး။ သူတို့ကကျတော့ ဒီလုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို ကျော်ဖြတ်ပြီးတော့မှသာလျှင် အများပိုင်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ပြီး လုပ်ကိုင်လို့ရတဲ့ လုပ်ငန်းအမျိုးအစားဖြစ်ပါတယ်။

ဒါကြောင့်မို့ တရားဝင်လုပ်ကိုင်ခွင့်မရှိတဲ့ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်တွေကို ကျော်ဖြတ်ပြီးမှ ရှယ်ယာခေါ်ယူလုပ်ကိုင်တယ်ဆိုတာ ဥပဒေကိုချိုးဖောက်တာပဲဖြစ်တယ်။ အဲဒီလိုဥပဒေကို ချိုးဖောက်တဲ့အခါကျတော့ ငွေကြေးဆုံးရှုံးနစ်နာတဲ့သူတွေက အမှုဖွင့်တိုင်တန်းရပါတယ်ရှင်။ အခုခေတ်မှာ ငွေကြေးသုံးစွဲတဲ့ နည်းပညာမြင့်မားလာတဲ့အတွက် ငွေချေတဲ့အခါမှာဆိုရင် အရင်ကပိုက်ဆံလေးတွေကိုင်ပြီး ငွေချေနေကြတာလေ။ ဒါပေမယ့် အခုနည်းပညာတွေ မြင့်မားလာတော့ သူတို့တွေက ဘာတွေသုံးလာသလဲဆိုရင် Credit Card တို့၊ Prepaid Card တို့၊ MPU Card ၊ Master Card တို့၊ နောက်ပြီးတော့ Union Pay Card အဲဒီလိုမျိုးနဲ့ ငွေပေးချေနေကြတာပေါ့။ အဲဒါကို e-Banking , Mobile Banking လို့လည်း ခေါ်တာပေါ့။ နောက်တစ်ခု အဖြစ်များလာတာကတော့ Bitcoin ပေါ့။ Bitcoin က လျှို့ဝှက်ငွေကြေးဖြစ်တယ်။ Bitcoin ရဲ့ နောက်ဆက်တွဲအနေနဲ့ Cryptocurrency ငွေကြေးတွေကလည်း အမျိုးအစားပေါင်း ၁၅၀၀ ကျော်လောက် ပေါ်ထွက်နေတာပေါ့။ ဒါတောင်မှ ဈေးကွက်မဝင်ဘဲ ဈေးကွက်ဝင်ဖို့ ပြင်ဆင်ထားတဲ့ ငွေကြေးအမျိုးအစားပေါင်း Cryptocurrency, Pre-Coin တွေကလည်း အများအပြားရှိနေပါတယ်။

အခုလတ်တလော ဖြစ်ပွားခဲ့တဲ့အမှုတစ်ခုဆိုရင် တရားခံကနေ နာမည်တစ်ခုကိုသုံးပြီး Online ကနေတစ်ဆင့် ဆင့်ပွားကြော်ငြာတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို Agent နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ ပြီးတော့မှ ရှယ်ယာရှင်တွေကို ခေါ်တာပေါ့နော်။ အဲဒီလို ရှယ်ယာရှင်တွေ ခေါ်လိုက်တဲ့အခါကျတော့ ကြော်ငြာ Page တွေကို သူပြန်ရောင်းတယ်။ Bitcoin ရောင်းဝယ်တဲ့အလုပ်တွေ သူလုပ်ပြီးတော့ ပြည်သူတွေကို စည်းရုံးပါတယ်။ ကုမ္ပဏီတွေဖွင့်ထားတယ်။ နိုင်ငံတကာတရားဝင် အစုရှယ်ယာ ရောင်းချခွင့်ပြုထားတဲ့ကုမ္ပဏီထဲမှာ မပါဝင်ဘူး။ အဲဒီတော့ ဒီလိုတရားမဝင်လုပ်ပြီးတော့ ဖေ့စ်ဘွတ်ကိုအသုံးပြုပြီးတော့မှ ကျူးလွန်ခံရတဲ့ ပြည်သူတွေအတွက်ကျတော့ အများကြီးနစ်နာဆုံးရှုံးမှုတွေ ရှိတာပေါ့။

ဒါကြောင့်မို့ ပြည်သူတွေကလည်း ဖေ့စ်ဘွတ်ပေါ်က လိမ်လည်မှုတွေမှာ သားကောင်မဖြစ်စေဖို့အတွက် အဲဒါလေးကို သတိပြုမိစေဖို့ အသိပညာပေးလိုပါတယ်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ယနေ့ မြန်မာစံတော်ချိန် ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# နျူကလီးယားဒုံးကျည်ဆိုင်ရာ သမိုင်းဝင်သဘောတူညီချက်မှ နုတ်ထွက်မည်ဟု အမေရိကန်သမ္မတ ထရန့်ပြော



**ဝါရှင်တန် အောက်တိုဘာ ၂၁**
ယခင် ဆိုဗီယက်ပြည်ထောင်စုနှင့် လက်မှတ်ရေးထိုးထားသော နျူကလီးယားဒုံးကျည်ဆိုင်ရာ သမိုင်းဝင်သဘောတူညီချက်မှနုတ်ထွက်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောဆိုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

**ပြောကြား**

နျူကလီးယားတပ်ဖွဲ့ အင်အားဆိုင်ရာသဘောတူညီချက်ကို ရုရှားနိုင်ငံက နှစ်ပေါင်းများစွာ ချိုးဖောက်နေခဲ့ကြောင်း သမ္မတထရန့်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသည် လက်နက်ထိန်းချုပ်ရေးသဘောတူစာချုပ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း သမ္မတထရန့်က အောက်တိုဘာ ၂၀ ရက်တွင် ကြေညာခဲ့သည်။ နျူကလီးယားသဘောတူညီချက်ကို ရုရှားဘက်မှ ဆက်လက်ဖောက်ဖျက်မှုမျိုးကို မိမိတို့ လက်ခံနိုင်မည်မဟုတ်ကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။

**ပိတ်ပင်တားမြစ်ထား**

စစ်အေးခေတ်က ရရှိခဲ့သော သဘောတူညီချက်မှာ တာလတ်ပစ်ဒုံးလက်နက်ဆိုင်ရာ နျူကလီးယားတပ်ဖွဲ့စာချုပ် (အိုင်အင်န်အက်ဖ်)ဖြစ်ပြီး ယင်းစာချုပ်ကို ၁၉၈၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်နှင့် ခရုဇ်ဒုံးကျည်ဆိုင်ရာ နျူကလီးယားစွမ်းရည်ကို စမ်းသပ်ခြင်း၊ ပစ်လွှတ်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ပိုင်ဆိုင်ခြင်းတို့ကို ယင်းစာချုပ်တွင် ပိတ်ပင်တားမြစ်ထားသည်။

သမ္မတထရန့်၏ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်သည် ရုရှားတာဝန်ရှိသူများနှင့် ဆွေးနွေးနိုင်ရန် အောက်တိုဘာ ၂၁ ရက်တွင် မြို့တော်မော်စကိုသို့ ဆိုက်ရောက်လာမည်ဖြစ်သည်။

**အေအက်ဖ်ပီ**

# လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် စင်ကာပူနှင့် ဥရောပသမဂ္ဂ လက်မှတ်ရေးထိုး



**ဘရပ်ဆယ် အောက်တိုဘာ ၂၁**
အမေရိကန်ပြည်ထောင်စု၏ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒကို တုံ့ပြန်ရန်ရည်ရွယ်လျက် ဥရောပနှင့် အာရှနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသော ဥရောပ-အာရှ ထိပ်သီးဆွေးနွေးပွဲ ကျင်းပချိန်ကာလအတွင်း စင်ကာပူနှင့် ဥရောပသမဂ္ဂ(အီးယူ)အကြား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းသည် ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တပ်စ်၊ ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျင်းကလော့ယွန်ကာနှင့် ဩစတြီးယားဝန်ကြီးချုပ် ဆီဘက်ရှန်ကာ့ဇ်တို့နှင့်အတူ ဘယ်လ်ဂျီယံနိုင်ငံမြို့တော် ဘရပ်ဆယ်၌ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို အောက်တိုဘာ ၁၉ ရက်က လက်မှတ်ရေးထိုးခဲ့သည်။

ဩစတြီးယားနိုင်ငံသည် လောလောဆယ်တွင် အီးယူ၏ဥက္ကဋ္ဌရာထူးနေရာကို ရယူထားသည်။

အဆိုပါ သဘောတူညီချက်သည် ၂၀၁၉ ခုနှစ်တွင် အာဏာသက်ဝင်လာခြင်းမရှိမီ ဥရောပပါလီမန်က အတည်ပြုပေးရန် လိုအပ်သေးသည်။

အီးယူ-စင်ကာပူ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေး သဘောတူချက်ကိုလည်း ခေါင်းဆောင်များက သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

**အေအက်ဖ်ပီ**

# တရုတ်(တိုင်ပေ)တွင် ခရီးသည်တင်ရထားတစ်စင်း ပြေးလမ်းချော်တိမ်းမှောက်၊ လူ ၁၇ ဦးသေဆုံး



**တရုတ်(တိုင်ပေ) အောက်တိုဘာ ၂၁**
တရုတ်(တိုင်ပေ) အရှေ့မြောက်ပိုင်း ယီလန်မြို့တွင် ခရီးသည်တင်မီးရထားတစ်စင်း လမ်းချော်တိမ်းမှောက်ခဲ့ရာ လူ ၁၇ ဦးအနည်းဆုံးသေဆုံးခဲ့ပြီး ၁၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

**တိမ်းမှောက်ခဲ့**

ခရီးသည် ၃၆၆ ဦးကို သယ်ဆောင်လာခဲ့သော အဆိုပါရထားသည် အောက်တိုဘာ ၂၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၄ နာရီမိနစ် ၅၀ တွင် ၎င်း၏တွဲဆိုင်းအားလုံး ပြေးလမ်းချော်ခဲ့ပြီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

**ကယ်ဆယ်ရေးဆောင်ရွက်**

ရထားတိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်သားများက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။ ရထားအတွဲများအတွင်း ပိတ်မိနေသူ တစ်ဦးတစ်ယောက်မျှမရှိနိုင်ကြောင်း ကယ်ဆယ်ရေး လုပ်သားများက ဆိုသည်။

ရဲအရာရှိများက အဆိုပါအခင်းဖြစ်ပွားမှု၏ အကြောင်းရင်းခံကိုသိရှိရန် စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံတကာစစ်လေယာဉ်များ ထိပ်တိုက်တွေ့မှုမှ ရှောင်ရှားနိုင်ရေး လမ်းညွှန်ချက်မူဘောင် သဘောတူညီမှုရရှိ



**စင်ကာပူ အောက်တိုဘာ ၂၁**
တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား စစ်လေယာဉ်များစစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်တွေ့မှုမှ ရှောင်လွှဲနိုင်စေမည့် လမ်းညွှန်ချက်မူဘောင်များနှင့် ပတ်သက်၍ အမေရိကန်၊ တရုတ်နှင့် အခြားသောနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများက မူအားဖြင့် သဘောတူညီမှုရရှိကြကြောင်း အေအက်ဖ်ပီသတင်းဌာနက အောက်တိုဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အာရှဒေသ၌ တစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား စစ်ရေးအရ ထိပ်တိုက်တွေ့မှုမှ ရှောင်လွှဲနိုင်စေမည့် ကြိုးပမ်းချက်တစ်ရပ်အဖြစ် စင်ကာပူနိုင်ငံ၌ ကျင်းပသော အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ကာကွယ်ရေးဝန်ကြီးများ၏ နှစ်ပတ်လည်အစည်းဝေးတွင် အထက်ပါအတိုင်း သဘောတူညီမှုရရှိခြင်းဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း တောင်တရုတ်ပင်လယ်ပြင်အတွင်း စစ်လေယာဉ်များအကြား ထိပ်တိုက်ရင်ဆိုင်တွေ့သည့် ဖြစ်ရပ်များပေါ်ပေါက်ခဲ့ခြင်းကို အကြောင်းပြု၍ တရုတ်နှင့် အမေရိကန်တို့ အပါအဝင် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများအကြား စစ်ရေးအရ ထိပ်တိုက်တွေ့မှုမှ ရှောင်လွှဲနိုင်စေမည့် စည်းမျဉ်းများ ရေးဆွဲဆောင်ရွက်သွားကြရန် အောက်တိုဘာ ၂၁ ရက်က ကျင်းပသော အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးများ သဘောတူညီခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံဒေသပြင်ပမှ တက်ရောက်လာကြသော ကာကွယ်ရေးဝန်ကြီး ရှစ်ဦးအနက် အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂျိမ်းမက်တစ်နှင့် တရုတ်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဝေဖန်ဟဲတို့ ပါဝင်ကြသည်။ စစ်ဘက်ဆိုင်ရာ လေယာဉ်များ လိုက်နာကျင့်သုံးအပ်သည့် ကျင့်ဝတ်များနှင့်ပတ်သက်၍ အာဆီယံနှင့် အခြားနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများက မူအားဖြင့် သဘောတူညီကြကြောင်း အစည်းအဝေးအပြီးတွင် ထုတ်ပြန်သော ပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

နိုင်ငံတကာ စစ်လေယာဉ်များ ထိပ်တိုက်ရင်ဆိုင်မှုမပြုရေး အခြေခံမူဘောင်သစ်ကို အိန္ဒိယ၊ ရုရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန် နိုင်ငံတို့မှ ကာကွယ်ရေးဝန်ကြီးများက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံခဲ့ကြကြောင်း စင်ကာပူကာကွယ်ရေးဝန်ကြီး ငွအင်းဟန်က ပြောကြားသည်။

**အေအက်ဖ်ပီ**

# တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမားဦးကြီးများသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဆင့် ရာသီအလိုက်ထုတ်ချေးလျက်ရှိရာ ယခုအစိုးရသစ်လက်ထက်တွင် တစ်ဧကချေးငွေ နှုန်းထား များကို အောက်ပါအတိုင်း တိုးမြှင့်ထုတ်ချေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင်လည်း အခြားသီးနှံ တစ်ဧက နှုန်းထားကို ကျပ် ၅၀၀၀၀/-မှ ကျပ် ၁၀၀၀၀၀/-သို့ တိုးမြှင့်ထုတ်ချေးသွားမည် ဖြစ်ပါသည်-

| စဉ် | ဘဏ္ဍာရေးနှစ် | သီးနှံအမျိုးအစား | တစ်ဧကချေးငွေနှုန်းထား(ကျပ်) |
|---|---|---|---|
| (က) | ၂၀၁၆-၂၀၁၇ | စပါး | ကျပ် ၁၀၀၀၀၀ မှ ၁၅၀၀၀၀ |
| (ခ) | ၂၀၁၇-၂၀၁၈ | အခြားသီးနှံ | ကျပ် ၂၀၀၀၀ မှ ၅၀၀၀၀ |
| (ဂ) | ၂၀၁၈-၂၀၁၉ | အခြားသီးနှံ | ကျပ် ၅၀၀၀၀ မှ ၁၀၀၀၀၀ |

၂။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်နှစ် ၂၀၁၈ မိုးချေးငွေ ထုတ်ချေးသကဲ့သို့ပင် **“တောင်သူတစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇)မူရင်းကို ဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ တောင်သူတစ်ဦးချင်း ကိုယ်တိုင်အာမခံသောစနစ်”** ဖြင့် လွယ်ကူရှင်းလင်းစွာ ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။

၃။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေများကို အောက်ပါအတိုင်း ထုတ်ချေး ပေးမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ၂၀၁၈ ခုနှစ် ဆောင်းချေးငွေ | ၂၀၁၈ ခုနှစ် | **အောက်တိုဘာလ (၂၆) ရက်နေ့မှ ဒီဇင်ဘာလကုန်အထိ** |
| (ခ) | ၂၀၁၉ ခုနှစ် မိုးကြိုချေးငွေ | ၂၀၁၉ ခုနှစ် | **ဇန်နဝါရီလ (၁) ရက်နေ့မှ မတ်လကုန်အထိ** |
| (ဂ) | ၂၀၁၉ ခုနှစ် မိုးချေးငွေ | ၂၀၁၉ ခုနှစ် | **မေလ (၂) ရက်နေ့မှ စက်တင်ဘာလကုန်အထိ** |

၄။ သို့ပါ၍ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# ထိုင်းနိုင်ငံ ဗန်ကောက် - မဲဆောက်လမ်းပိုင်းတွင် ယာဉ်မတော်တဆမှုကြောင့် မြန်မာအလုပ်သမား ၁၁ ဦး သေဆုံး

**နေပြည်တော် အောက်တိုဘာ ၂၁**

ထိုင်းနိုင်ငံ ဗန်ကောက် - မဲဆောက်လမ်းပိုင်းတွင် အောက်တိုဘာ ၂၁ ရက် နံနက် ၇ နာရီခန့်က မြန်မာ အလုပ်သမား ၁၄ ဦး လိုက်ပါလာသည့် မော်တော်ယာဉ် လမ်းဘေးသစ်ပင်ဝင်တိုက်မိ၍ ယာဉ်မောင်းအပါအဝင် ၁၁ ဦး သေဆုံးကြောင်း မြန်မာအလုပ်သမား သံအရာရှိရုံးက သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံသား ယာဉ်မောင်း တစ်ဦးအပါအဝင် ၁၅ ဦး လိုက်ပါလာသည့် ခရီးသည်ပို့ဆောင်ရေးယာဉ်သည် ဗန်ကောက်မြို့အနီးရှိ ဆမွတ်ဆခွန်ခရိုင် မဟာချိုင်မြို့မှ မဲဆောက်မြို့သို့ မောင်းနှင်လာစဉ် ကန်ဖယ်ဖစ်ခရိုင် ခေါင်းခူမြို့နယ် လုံစီခုံဒစ်(ချ်)အနီးကားလမ်း မိုင်တိုင် ၄၂၁ ကီလိုမီတာ၌ လမ်းချော်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်ကို ဝင်တိုက်ကာ မီးလောင်ကျွမ်းခဲ့မှု ဖြစ်ပွားခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် ယာဉ်မောင်း အပါအဝင် မြန်မာအလုပ်သမားကိုးဦး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သူ ခုနစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ထားစဉ် မြန်မာအလုပ်သမား နှစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသူ ငါးဦးကို ကန်ဖယ်ဖစ်ဆေးရုံနှင့် Klong Kronk ဆေးရုံများတွင် ကုသလျက်ရှိသည်။ မြန်မာအလုပ်သမားများအတွက် လိုအပ်သည့်အုပ်ချုပ်မှု ကိစ္စရပ်များကို ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမား သံအရာရှိရုံးမှ အလုပ်သမားသံအရာရှိ ဦးအောင်မင်းက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးနေပြီး မြန်မာ အလုပ်သမားများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စိစစ်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း အလုပ်သမား သံအရာရှိရုံးက ကြေညာထားသည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းနိုင်ရန် အလုပ်သမားသံအရာရှိရုံး ဖုန်း-ဦးစန်းမောင်ဦး ၀၉-၄၈၈၄၅၄၈၄၊ ဦးသန်းနိုင် ၀၆၅၂၂၀၆၉၅၂၊ ဦးအောင်မင်း ၀၆၅၃၂၀၆၉၅၁၊ ဦးဇော်မင်းအောင် ၀၆၅၂၂၀၆၉၅၁ နှင့် ဦးဦးခင်မောင် ၀၉-၉၀၅၉၂၃၅၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**



## အသိပေးနှိုးဆော်ချက်

မကြာမီကာလအတွင်း သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလသို့ ရောက်ရှိပြီး အဆိုပါပွဲတော်များကို အကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ဗြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းများ ပြုလုပ်ကြခြင်းကြောင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေခြင်း၊ ပြည်သူလူထုနှင့် ကလေးသူငယ်တို့ ထိခိုက်အနာတရ ဖြစ်စေနိုင်သည့်အပြင် မသမာသူများ၊ အဖျက်အမှောင့် ဆောင်ရွက်လိုသူများကလည်း အခွင့်ကောင်းယူပြီး အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ရောနှော ဆောင်ရွက်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် မီးရှူးမီးပန်း၊ ဗြောက်အိုး၊ ရှူးဒိုင်းများကိုထုတ်လုပ်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ **မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၀ ရက်တွင် ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂ ဒသမ ၂၄၅ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇၂၂ သန်း) စုစုပေါင်းတားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၉၆၇ သန်း)ခန့် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၀ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးမြို့သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် တစ်စီးနှင့် Ipsum ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Barcelet တစ်ဖာ၊ အမျိုးသမီးဝတ် ဂျင်းဘောင်းဘီအထည် ၅၉၀ နှင့် လက်အိတ် ၂၂ ထုပ် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၂၄၅ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အလုံမြို့နယ်တွင် လမ်းဖြတ်ကူးသူတစ်ဦး ယာဉ်တိုက်သေဆုံး

**ရန်ကုန် အောက်တိုဘာ ၂၁**

အောက်တိုဘာ ၂၁ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ကြည့်မြင်တိုင်မြို့နယ်ဘက်မှ အလုံမြို့နယ်ဘက်သို့ ယာဉ်မောင်း ဟိန်းလင်းမောင် လက်ပံတန်းမြို့နယ်နေသူ မောင်းနှင်လာသော 3D/-----နစ်ဆန်းယာဉ်သည် အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် အမှတ် ၁၀၄/၁၀၈ ကမ်းနားလမ်းတွင် စက်ဘီးဖြင့် လမ်းဖြတ်ကူးသူ အသက် ၂၀ အရွယ် အမျိုးသားတစ်ဦးအား ဝင်တိုက်မိရာ ယာဉ်တိုက်ခံရသူမှာ ဦးခေါင်းပေါက်ပြဲ၊ ခြေထောက်ပေါက်ပြဲ၊ ဦးနှောက်ပွင့်ထွက်ဒဏ်ရာများရရှိပြီး အခင်းဖြစ်ရာနေရာတွင် သေဆုံးသွားသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဟိန်းလင်းမောင်အား အလုံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# အမြို့မြို့အနယ်နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**သထုံမြို့နယ်**

သထုံခရိုင်ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးဌာနမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ မော်တော်ယာဉ်တစ်စီးအား စစ်ဆေးရာမှ ဆေးခြောက်နှင့် ဆိုင်ကယ် ၁၀ စီးစာ အစိတ်အပိုင်းများကို အောက်တိုဘာ ၂၁ ရက်က သိမ်းဆည်းရမိကြောင်း သိရသည်။

မှုခင်းနှိမ်နင်းရေးဌာနအဖွဲ့ခေါင်းဆောင် ရဲအုပ်အောင်သူနှင့်တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၁ ရက် နံနက် ၆ နာရီခွဲခန့်က သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ဘားအံမှ သထုံသို့ သက်ထွန်းနိုင်မောင်းနှင်ပြီး သန်းဇော်ထိုက် လိုက်ပါလာသည့် YGN/CC ---- STAGEX –GRX ယာဉ်အား သထုံမြို့ ကြာပန်းကျေးရွာ ရွှေသံလွင် စစ်ဆေးရေးဂိတ်အနီးစစ်ဆေးရာ ထိုင်ခုံအောက်မှ ဆေးခြောက်ဟုယူဆသည့် အရိုး၊ အရွက်၊ အစေ့ သုံးကျပ်တစ်မတ်သားခန့်နှင့် ထိုင်းနိုင်ငံလုပ် YAMAHA နှင့် HONDA အမျိုးအစား ဆိုင်ကယ် ၁၀ စီးစာ အစိတ်အပိုင်းများကို တရားမဝင်တင်သွင်းလာကြောင်း တွေ့ရှိသဖြင့် သုဓမ္မဝတီနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**လှိုင်ထွန်းအောင်**

**ညောင်ရွှေမြို့နယ်**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်တွင် အောက်တိုဘာ ၂၀ရက် ညနေ ၅ နာရီက စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်းသိရသည်။

ရှမ်းပြည်နယ် မူးယစ်ဆေးဝါးဖမ်းဆီးရေးအထူးအဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သတင်းအရ ညောင်ရွှေမြို့နယ်တိလောကျေးရွာအုပ်စု စိုက်ပျိုး (ပအိုဝ်းကုန်း)ကျေးရွာရှိ ကိုညွှန့်ဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၅၈၉ ပြား၊ အစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ပြားနှင့် ငွေကျပ် ၁၅၀၈၀၀ ကို ရှာဖွေတွေ့ရှိခဲ့သည့်အတွက် ကိုညွှန့်ဝင်းအား ညောင်ရွှေမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**မောင်တောမြို့နယ်**

မောင်တောမြို့၌ အောက်တိုဘာ ၂၀ ရက် ည ၈ နာရီခန့်က မူးယစ်တပ်ဖွဲ့စု ၄၆ နှင့် ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် မြို့မ ကညင်တန်းအုပ်စု ဆီတလကျေးရွာနေ မာမတ်အာလီယန်၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ရှစ်ပြားနှင့် ဆေးပြားသုံးစွဲရာတွင် အသုံးပြုသည့် ပိုက်တပ်ထားသောအညိုရောင်ကော်ဘူး တစ်ဘူးတို့ကို ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ လက်ဝယ်ဖမ်းဆီးရမိသော မာမတ်အာလီယန်အား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**တာချီလိတ်မြို့နယ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် အောက်တိုဘာ ၂၀ ရက်က မူးယစ်ဆေးဝါးများ နှစ်ကြိမ်ဆက်တိုက် သိမ်းဆည်းရမိကြောင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ မိုင်းဟဲ(အောက်)ကျေးရွာအုပ်စု ယန်းခေါင်ကျေးရွာအနီး လမ်းမပေါ်တွင် စန်းလုကျေးရွာဘက်မှ ကျော်ကျော်(ခ) အသေးလေး မောင်းနှင်ပြီး အောင်ဇော်မိုး(ခ)ကိုမိုး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား စစ်ဆေးရာ ကျော်ကျော် (ခ) အသေးလေး လွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀ (ဒေသတန်ဖိုးငွေကျပ် ၅၄၀၀၀၀ ခန့်)၊ ထိုင်းဘတ်ငွေ ၃၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံး၊ အောင်ဇော်မိုး (ခ) ကိုမိုး ဝတ်ဆင်ထားသည့် အင်္ကျီအတွင်းမှ ဘိန်းဖြူမှုန့်အလေးချိန် သုည ဒသမ ၅ ဂရမ်ခန့် (ဒေသတန်ဖိုးငွေကျပ် ၈၀၀၀) တို့ကို သိမ်းဆည်းရမိသည်။

အလားတူ ဖန်မင်ကျေးရွာအုပ်စု ဇဒင်ကျေးရွာအနီး လမ်းမပေါ်တွင် လွယ်စတုံကျေးရွာဘက်မှ ကျဖူ(ခ)ကျဖ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ကျဖူ(ခ)ကျဖ ဝတ်ဆင်ထားသည့်အင်္ကျီအတွင်းမှ ဘိန်းဖြူမှုန့်အလေးချိန် ၂၅ ဂရမ်ခန့် (ဒေသတန်ဖိုးငွေကျပ် ၄၀၀၀၀၀) နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ ယာဉ်မောင်းလိုင်စင်တစ်ခုတို့ကို သိမ်းဆည်းရမိသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ လက်ဝယ်တွေ့ရှိသူ ကျော်ကျော်(ခ)အသေးလေး၊ အောင်ဇော်မိုး (ခ) ကိုမိုး နှင့် ကျဖူ(ခ)ကျဖတို့ သုံးဦးအား တာချီလိတ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝေယံလင်း(တာချီလိတ်)**

**မြဝတီမြို့**

မြဝတီခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၀ ရက် ညနေ ၆ နာရီခန့်တွင် မြဝတီမြို့ အမှတ်(၁)ရပ်ကွက် ကျောက်တန်းဂိတ်အနီး လမ်းမပေါ်တွင်တွေ့ရှိသူ ထိုင်းနိုင်ငံသား Mr. Jirasak SiSim အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၇ ပြားကို လည်းကောင်း။

**ပုသိမ်ကြီးမြို့**

အလားတူ ယင်းနေ့ နံနက် ၅ နာရီ ၁၅ မိနစ်တွင် မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် အောင်စန်းဝင်း မောင်းနှင်လာသည့် MITSUBISHI PICKUP အမျိုးအစားမော်တော်ယာဉ်ကို ရှာဖွေရာ အိုက်စ် ကီလို ၃၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

**ကျောက်တလုံးကြီးမြို့**

ထို့အတူ အောက်တိုဘာ ၁၉ ရက် ည ၉ နာရီခန့်က ကျောက်တလုံးကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့ ကက္ကူကျေးရွာအုပ်စု လွယ်ဆောင်းကျေးရွာအနီး တောင်ကြီး-ဆိုက်ခေါင်သွားကားလမ်းတွင် လင်းလင်းအောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများကို ဆီဆိုင်မြို့နယ် ဟိုခဲရပ်ကွက်နေ စောဖလှယ် (ခ) အောင်မင်းသူ (ခ) ကရင်က ပို့ဆောင်ခိုင်းခြင်းဖြစ်ပြီး လွယ်ဆောင်းကျေးရွာအနီး လာရောက်ယူဆောင်မည်ဟု သိရ၍ စောင့်ဆိုင်းနေစဉ် အငှားယာဉ်ဖြင့်ရောက်ရှိလာသည့် စောဖလှယ် (ခ) အောင်မင်းသူ (ခ) ကရင်အား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

**စေ့စပ်ဖျန်ဖြေခြင်း**

၁၁၈။ ပြန်လည်ထူထောင်ရေးအကြံပေးသည် အပိုင်း (၆) လုပ်ငန်းနှင့် မြီရှင် သို့မဟုတ် မြီစားများအကြား ပေါ်ပေါက်လာသည့် အောက်ပါအငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန်အတွက် စေ့စပ်ဖျန်ဖြေသူခန့်ထားနိုင်သည်-

(က) အပိုင်း (၆) လုပ်ငန်းက ရရန်ရှိသည့် သို့မဟုတ် အပိုင်း (၆) လုပ်ငန်းကပေးရန်ရှိသည့် ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများ၊

(ခ) ထပ်မံအဆိုပြုမည့်အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်။

**မြီရှင်များအစည်းအဝေး**

၁၁၉။(က) ပြန်လည်ထူထောင်ရေးအကြံပေးသည် အောက်ပါကိစ္စရပ်များတွင် မြီရှင်များ အစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည်-

(၁) ပုဒ်မ ၁၂၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) တွင်ပြဋ္ဌာန်းထားသည့် အချိန်ကာလအတွင်း ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ခုကို အတည်ပြုလိုခြင်း ရှိ-မရှိ ဆုံးဖြတ်ရန်ဖြစ်စေ၊

(၂) စုစုပေါင်းမြီရှင်အရေအတွက်၏ တစ်ဆယ်ရာခိုင်နှုန်း ထက်ကျော်သော မြီရှင်များမှ တောင်းဆိုလျှင်ဖြစ်စေ၊ စုစုပေါင်းကြွေးမြီ၏ တစ်ဆယ်ရာခိုင်နှုန်းကို ပိုင်ဆိုင်သည့် မြီရှင်များက တောင်းဆိုလျှင်ဖြစ်စေ။

(ခ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်အတွင်း မည်သည့်အချိန်တွင်မဆို မြီရှင်များနှင့် ဆွေးနွေးတိုင်ပင်သင့်သည်ဟု ထင်မြင်လျှင် အပိုင်း (၆) လုပ်ငန်းမြီရှင်များအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

(ဂ) အစည်းအဝေးကျင်းပခြင်းကို နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျင်းပရမည်။

**ပြန်လည်ထူထောင်ရေးအကြံပေး ပြောင်းလဲခန့်အပ်ခြင်း**

၁၂၀။(က) ပုဒ်မ ၁၈၁၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဃ)၊ ပုဒ်မ ၁၈၂၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် ပုဒ်မ ၁၈၃၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ရာထူးမှထုတ်ပယ်ခြင်း၊ ရာထူးနေရာလစ်လပ်ခြင်းနှင့် လစ်လပ်သော ရာထူးနေရာတွင် အစားထိုးခန့်ထားခြင်းနှင့် သက်ဆိုင်သည့်ပြဋ္ဌာန်းချက်များသည် ကယ်ဆယ်ရေးအဆင့်တွင် ပြန်လည်ထူထောင်ရေးအကြံပေးနှင့် စပ်လျဉ်း၍ အသုံးပြုနိုင်သည်။ ထို့ပြင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင် အသုံးပြုနိုင်သော ပြဋ္ဌာန်းချက်များသည် ကယ်ဆယ်ခြင်းအဆင့်တွင်လည်း အသုံးပြုနိုင်သည်။ သို့ရာတွင် မြီရှင်များအစည်းအဝေးတွင် ပြန်လည်ထူထောင်ရေးအကြံပေးကို အစားထိုးခန့်ထားခဲ့ခြင်းဖြစ်လျှင် ထိုသို့ခန့်အပ်ခဲ့သည့် အာမခံ အကျိုးခံစားခွင့်ရ မြီရှင်များ၏ သဘောတူညီချက်ရရှိရန် လိုအပ်သည်။

(ခ) ပုဒ်မခွဲ (က) အရ ပြန်လည်ထူထောင်ရေးအကြံပေးကို ခန့်အပ်ပြီးပါက ၎င်းသည် ထိုသို့ ခန့်အပ်ကြောင်းကိုမှတ်ပုံတင်အရာရှိထံသို့ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်းအကြောင်းကြားစာ ပေးပို့ရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်ရေးဆွဲခြင်းနှင့် ပါဝင်ရမည့်အချက်များ**

၁၂၁။(က) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို လုပ်ငန်းကဖြစ်စေ၊ လုပ်ငန်း၏ သဘောတူညီချက်ဖြင့် ပြန်လည်ထူထောင်ရေးအကြံပေးကဖြစ်စေ ရေးဆွဲရမည်။

(ခ) ပြန်လည်ထူထောင်ရေးအစီအစဉ်တွင် အောက်ပါအချက်များ ပါဝင်ရမည်-

(၁) အစီအစဉ်ကို မည်သူကကြီးကြပ်မည်၊

(၂) သက်ဆိုင်ရာဒါရိုက်တာများ၊ ပိုင်ရှင်များ၊ အစုဝင်များနှင့် အစီအစဉ် ကြီးကြပ်သူ၏အခန်းကဏ္ဍနှင့် တာဝန်များ၊

(၃) မြီရှင်များ၏တောင်းဆိုမှုများကို ကျေအေးညှိနှိုင်းထားသည့် အတိုင်းအတာနှင့် သဘောသဘာဝ၊ မည်သည့် နည်းလမ်းဖြင့် သို့မဟုတ် မည်သည့်ပစ္စည်းအပေါ်မှ ပေးချေမည်၊

(၄) မြီစားအပေါ် အရေးယူဆောင်ရွက်ခြင်းမှ ဆိုင်းငံ့ခြင်း သဘောသဘာဝနှင့် ယင်းအတွက် ခွင့်ပြုကာလ၊

(၅) လုပ်ငန်းကို ကြွေးမြီလျှော့ပေါ့ပေးမည့်အတိုင်းအတာ၊

(၆) လုပ်ငန်းသည် ကုမ္ပဏီတစ်ခုဖြစ်လျှင် အစုရှယ်ယာဝင်များ၏ အစုရှယ်ယာအကျိုးအမြတ်ကို ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း အတိုင်းအတာ၊

(၇) အစီအစဉ်၏တစ်စိတ်တစ်ဒေသကို ဆက်လက်ဆောင်ရွက်ချက်နှင့် သဘောတူစာချုပ်တစ်ရပ်လုံးအား ဆက်လက်ဆောင်ရွက်ချက်နှင့် ပတ်သက်သည့် စည်းကမ်းချက်များ (ရှိလျှင်)၊

(၈) အစီအစဉ်ကိုရပ်စဲမည့်အခြေအနေများနှင့် အစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ပြီးပါက လုပ်ငန်းကို ဒါရိုက်တာများ၊ ပိုင်ရှင်များ သို့မဟုတ် အစုဝင်များ၏အုပ်ချုပ်မှုအောက်တွင် ပြန်လည်ထားရှိမည် သို့မဟုတ် လုပ်ငန်းသည် ကုမ္ပဏီဖြစ်လျှင် မှတ်ပုံတင် ပယ်ဖျက်မည့်ဖော်ပြချက်၊ လုပ်ငန်းသည် အစုစပ်လုပ်ငန်းဖြစ်လျှင် ဖျက်သိမ်းမည့်ဖော်ပြချက်၊

(၉) အစီအစဉ်အား လိုက်နာရမည့် မြီရှင်များအကြား ကြွေးမြီများကို ခွဲဝေပေးမည့် အစီအစဉ်နှင့် ပတ်သက်သည့်ဖော်ပြချက်၊

(၁၀) အစီအစဉ်အရခွင့်ပြုပေးနိုင်သည့် တောင်းဆိုမှုများတွင် ထိုတောင်းဆိုခွင့် ပေါ်ပေါက်သည့်နေ့ရက် သို့မဟုတ် ယင်းမတိုင်မီနေ့ရက်၊ (ထိုရက်သည် ကယ်ဆယ်ခြင်းအဆင့် စတင်သည့်နေ့ရက်ထက် နောက်မကျစေရ)

(၁၁) အာမခံအကျိုးခံစားခွင့်ရမြီရှင်များ အဆိုပြုထားမှုအပေါ် အစီအစဉ်အရ အကျိုးသက်ရောက်စေနိုင်သည့်အတိုင်းအတာ၊

(၁၂) နည်းဥပဒေတွင် ဖော်ပြထားသည့် အခြားကိစ္စရပ်များ။

**အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို ဖြန့်ဝေခြင်း**

၁၂၂။(က) ပုဒ်မ ၁၂၁ နှင့်အညီ ပြုစုထားသည့် ပြန်လည်ထူထောင်ရေး အစီအစဉ်မိတ္တူကို မြီရှင်တိုင်း၏ နောက်ဆုံးလိပ်စာသို့ ပေးပို့ရမည်။ ထိုမိတ္တူတွင် အောက်ပါအချက်များ ထည့်သွင်း အသိပေးရမည်-

(၁) မိတ္တူရရှိသူသည် အကြောင်းကြားစာပေးပို့သည့်နေ့မှ ၂၁ ရက်အတွင်း အဆိုပြု ပြန်လည်ထူထောင်ရေး အစီအစဉ်ကို လက်ခံကြောင်း သို့မဟုတ် ကန့်ကွက်ကြောင်း မဲပေးရမည်ဖြစ်ကြောင်းနှင့် လက်ခံကြောင်း သို့မဟုတ် ကန့်ကွက်ကြောင်း ပြန်ကြားစာကို ပြန်လည်ထူထောင်ရေးအကြံပေးထံသို့ စာဖြင့်ရေးသား ပေးပို့ရမည်ဖြစ်ကြောင်း၊

(၂) အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပုဒ်မခွဲငယ် (၁) ပါအတိုင်း (၂၁) ရက်အတွင်း မြီရှင်အားလုံး ရရန်ရှိသော ကြွေးမြီ စုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသောမြီရှင်များနှင့် စုစုပေါင်း မြီရှင်အရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက စာဖြင့်ရေးသားကန့်ကွက်ခြင်းမရှိလျှင် အကြောင်းကြားစာပေးပို့သည့် နေ့မှ ၂၈ ရက် ကျော်လွန်က အတည်ဖြစ်မည်ဖြစ်ကြောင်း။

(ခ) မြီရှင်များသို့ပေးပို့သည့် အကြောင်းကြားစာ၊ အဆိုပြုပြန်လည်ထူထောင်ရေး အစီရင်ခံစာတို့နှင့်အတူ ပုဒ်မ ၁၀၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၅) တွင် ဖော်ပြထားသည့် ပြန်လည်ထူထောင်ရေးအကြံပေး၏အစီရင်ခံစာကိုလည်း ပူးတွဲပေးပို့ရမည်။

(ဂ) အပိုင်း (၆) လုပ်ငန်းတွင် ဤပုဒ်မအရ ဆောင်ရွက်ရာ၌ အောက်ပါကိစ္စရပ်များကို လိုက်နာရမည်-

(၁) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်စတင်ပြီးနောက် တတ်နိုင်သမျှ ဆောလျင်စွာ ဆောင်ရွက်ရန်၊

(၂) မည်သည့်ကိစ္စရပ်တွင်မဆို အပိုင်း ၆ လုပ်ငန်းစဉ်စတင်သည့်နေ့မှ ရက်သတ္တ (၁၀) ပတ်အတွင်း ဆောင်ရွက်ရန်။

(ဃ) အပိုင်း (၆) လုပ်ငန်းအတွက် ဤပုဒ်မအရ ပေးပို့ရမည့် စာရွက်စာတမ်းများကို အီလက်ထရောနစ်နည်းဖြင့် ပေးပို့ရန် နည်းလမ်းများကို နည်းဥပဒေတွင် ပြဋ္ဌာန်းနိုင်သည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန်အတွက် မြီရှင်များ အစည်းအဝေး ခေါ်ယူခြင်း**

၁၂၃။(က) ပြန်လည်ထူထောင်ရေးအကြံပေးသည် အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ်ကို ၂၁ ရက်အတွင်းပေးပို့၍ ပုဒ်မ ၁၂၂ နှင့်အညီ အသိပေးအကြောင်းကြားပြီးနောက် အောက်ပါအချက်များနှင့် ညီညွတ်မှုသာလျှင် မြီရှင်များ အစည်းအဝေးကို ခေါ်ယူရန် ဆင့်ဆိုနိုင်သည်-

(၁) အပိုင်း (၆) လုပ်ငန်း၏ကြွေးမြီစုစုပေါင်းတန်ဖိုး၏ သုံးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက အစည်းအဝေးခေါ်ပေးရန် တောင်းဆိုလျှင်၊

(၂) မြီရှင်များက အဆိုပြုပြန်လည်ထူထောင်ရေး အစီအစဉ်ကို ကန့်ကွက်ခဲ့သော်လည်း ထိုအစီအစဉ်ကို အတည်ပြုရန်အတွက် သင့်လျော်သည့် အလားအလာများရှိသည် သို့မဟုတ် အစီအစဉ်၏ အချက်အလက်အချို့အား ပြင်ဆင်သင့်သည်ဟု ပြန်လည်ထူထောင်ရေးအကြံပေးက ထင်မြင်လျှင်။

(ခ) အပိုင်း (၆) လုပ်ငန်း၏သဘောတူညီချက်အရ အစီအစဉ်ပါအချက်များကို မြီရှင်များ အစည်းအဝေးတွင် ပြင်ဆင်နိုင်ပြီး မြီရှင်များက အစီအစဉ် ပြင်ဆင်ချက်ကို အဆိုပါ အစည်းအဝေးတွင်ပင် မဲပေးဆုံးဖြတ်နိုင်သည်။

(ဂ) မဲခွဲဆုံးဖြတ်ရာတွင် လက်မြှောက်၍ မဲခွဲနိုင်သည်။ အစည်းအဝေး၏ သဘာပတိသည် အစည်းအဝေးသို့ တက်ရောက်လာသည့်မြီရှင်တိုင်းက မဲပေးရန်လိုအပ်ပြီး အဆုံးအဖြတ်ပြုရန်အတွက် လုံလောက်သည့် မဲအများစုရရှိခြင်း ရှိ-မရှိ သိရှိနိုင်ရန်အတွက် ထိုမဲများကို မှတ်တမ်းတင် ရေတွက်ရမည်။

(ဃ) ဤပုဒ်မအရ တင်ပြထားသည့် အပိုင်း (၆) လုပ်ငန်း၏ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို မြီရှင်များ အစည်းအဝေးက အောက်ပါအတိုင်း ဆုံးဖြတ်ရမည်-

(၁) ပြင်ဆင်ချက်မရှိဘဲ အတည်ပြုသည်၊

(၂) ပြင်ဆင်ချက်ဖြင့် အတည်ပြုသည်၊ သို့မဟုတ်

(၃) ပယ်သည်။

(င) အဆိုပြုပြန်လည်ထူထောင်ရေးအစီအစဉ် (ပြင်ဆင်ချက်များအပါအဝင်) ကို ပုဒ်မ ၁၂၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြီရှင်အများစုက သဘောတူညီပါက အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအကြံပေးသည် အစီအစဉ်ပါအချက်များကို တရားဝင်မှတ်တမ်းတင် ပြင်ဆင်ရမည်။ ထိုမှတ်တမ်းကို အပိုင်း (၆) လုပ်ငန်းကိုယ်စားနှင့် အဆိုပြုအစီအစဉ်ကြီးကြပ်သူတို့က လက်မှတ်ရေးထိုးနိုင်ရန် စီစဉ်ပေးရမည်။

**အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန် ပျက်ကွက်ခြင်း**

၁၂၄။(က) ဤအပိုင်းအရ လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်ကို အပိုင်း (၆) လုပ်ငန်းစဉ်စတင်ပြီး ရက်သတ္တ (၁၀) ပတ်အတွင်း အတည်ပြုနိုင်ခြင်းမရှိပါက ထိုအပိုင်း (၆) လုပ်ငန်းစဉ်ရပ်စဲသွားမည်ဖြစ်ပြီး ထိုသို့ရပ်စဲသွားကြောင်းကို အောက်ပါပုဂ္ဂိုလ်များထံ အကြောင်းကြားရမည်-

(၁) ပြန်လည်ထူထောင်ရေးအကြံပေး၊

(၂) မှတ်ပုံတင်အရာရှိ၊ နှင့်

(၃) ပုဒ်မ ၁၂၂၊ ပုဒ်မခွဲ (က) အရ ပြန်လည်ထူထောင်ရေးအစီအစဉ် မိတ္တူပေးပို့ထားသူများ။

(ခ) ပုဒ်မခွဲ (က) အရ ပေးပို့သည့် အကြောင်းကြားစာသည် နည်းဥပဒေတွင် ဖော်ပြထားသည့် ပုံစံအတိုင်းဖြစ်ရမည်။

(ဂ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ အကြောင်းကြားစာကိုလက်ခံရရှိလျှင် ၎င်းအား ခန့်အပ်မှုသည်ရပ်စဲစေရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ အကြောင်းကြားစာကို လက်ခံရရှိလျှင် ထိုစာကို မှတ်ပုံတင် စာရင်းသွင်းရမည်။

(င) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို ခိုင်လုံသော အကြောင်းမရှိဘဲ လိုက်နာရန် ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ယင်း လုပ်ငန်းနှင့် ပိုင်ရှင် သို့မဟုတ် ဒါရိုက်တာအား ကျပ်တစ်သိန်း ထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**အခန်း (၄)**

**ပြန်လည်ထူထောင်ရေးအစီအစဉ်**

**အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်ခြင်း**

၁၂၅။(က) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါအခြေအနေများတွင် စတင်အကျိုးသက်ရောက်စေရမည်-

(၁) အပိုင်း (၆) လုပ်ငန်းသည် ပုဒ်မ ၁၂၂ ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီးဖြစ်လျှင်၊ ထို့ပြင်

(၂) ပုဒ်မ ၁၂၃ အရ အစည်းအဝေးကိုမကျင်းပခဲ့လျှင်၊ ထို့ပြင် မြီရှင်အားလုံးရရန်ရှိသော ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များနှင့် စုစုပေါင်းမြီရှင်အရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက စာဖြင့်ရေးသား ကန့်ကွက်ခြင်းကို ပုဒ်မ ၁၂၂ အရ ၂၁ ရက်ကျော်သည်အထိ မရရှိလျှင်၊

(၃) ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အတည်ပြုရန်အတွက် ပုဒ်မ ၁၂၃ အရ မြီရှင်များအစည်းအဝေးကို ကျင်းပခဲ့ပြီး မြီရှင်အားလုံး ရရန်ရှိသော ကြွေးမြီ စုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များနှင့် စုစုပေါင်း မြီရှင်အရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်းထက်ပိုသော မြီရှင်များက ပြင်ဆင်ရေးဆွဲထားသည့် အစီအစဉ်အား မဲခွဲဆုံးဖြတ်ရာတွင် ကန့်ကွက်ခဲ့ခြင်း မရှိလျှင်။

(ခ) အပိုင်း (၆) လုပ်ငန်း၏ပြန်လည်ထူထောင်ရေးအကြံပေးသည် မြီရှင်များ၏ ဆုံးဖြတ်ချက်ကို မှတ်ပုံတင်အရာရှိနှင့် နည်းဥပဒေတွင် ဖော်ပြထားသူများထံသို့ အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အစီရင်ခံ တင်ပြရမည်။

(ဂ) အပိုင်း (၆) လုပ်ငန်း၏ပြန်လည်ထူထောင်ရေးအကြံပေးသည် အစည်းအဝေးတွင် မဲပေးခဲ့သည့် မှတ်တမ်းမိတ္တူကို မြီရှင်များက တောင်းခံလာပါက ထုတ်ပေးရမည်။

(ဃ) ပြန်လည်ထူထောင်ရေးအကြံပေးသည် ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်များကို ခိုင်လုံသောအကြောင်းမရှိဘဲ လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**စာမျက်နှာ ၁၆ သို့**

**စာမျက်နှာ ၁၅ မှ**

(င) ပြန်လည်ထူထောင်ရေးအစီအစဉ်ပါ တရားဝင်စာရွက်စာတမ်းကို ၁၄ ရက်အတွင်း သို့မဟုတ် တရားရုံးက တိုးမြှင့်သတ်မှတ်သည့်ကာလအတွင်း အပိုင်း (၆) လုပ်ငန်းနှင့် အစီအစဉ်ကြီးကြပ်သူတို့က လက်မှတ်ရေးထိုးရမည်။ ထိုသို့ လက်မှတ်ရေးထိုးပြီးနောက် စတင်အကျိုးသက်ရောက်သည်။

**ခန့်အပ်ခြင်းကို အကြောင်းကြားခြင်း**

၁၂၆။(က) ခန့်အပ်ခြင်းခံရသည့် အစီအစဉ်ကြီးကြပ်သူသည် ၎င်းအား ခန့်အပ်ပြီး အလုပ်လုပ်ကိုင်ရက် ၂ ရက်အတွင်း အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) ၎င်းအား ခန့်အပ်ပြီးကြောင်းကို အပိုင်း (၆) လုပ်ငန်းသို့ အကြောင်းကြားရမည်။ ထို့နောက် နည်းဥပဒေပါ နည်းလမ်းအတိုင်း အများသိစေရန် ကြေညာရမည်။

(၂) ၎င်းအား ခန့်အပ်ပြီးကြောင်းကို မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။ မှတ်ပုံတင်အရာရှိသည် တတ်နိုင်သမျှဆောလျင်စွာ မှတ်ပုံတင်စာရင်း ရေးသွင်းရမည်။

(၃) ၎င်းအား ခန့်အပ်ပြီးကြောင်းကို လိပ်စာသိသမျှသော ကုမ္ပဏီ၏ မြီရှင်များထံ အကြောင်းကြားရမည်။

(ခ) အစီအစဉ်ကြီးကြပ်သူသည် ခိုင်လုံသောအကြောင်းမရှိဘဲ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိသည် ၎င်းအား ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်၏ နောက်ဆက်တွဲအကျိုး သက်ရောက်မှုများ**

၁၂၇။(က) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီအစဉ်ကြီးကြပ်သူသည် အပိုင်း (၆) လုပ်ငန်းနှင့် မြီရှင်များ၊အစုရှယ်ယာရှင်များအကြား ကျေအေးညှိနှိုင်းမှုကို ဖြစ်စေသည်။

(ခ) ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ အပိုင်း (၆) လုပ်ငန်း ပြန်လည်ထူထောင်ရေး အစီအစဉ်သည် အောက်ပါတို့အပေါ်တွင် အကျိုးသက်ရောက်မှုရှိသည်-

(၁) ပါဝင်မဲပေးခဲ့ခြင်းမရှိစေကာမူ အစုရှယ်ယာဝင်များ၏ အစုရှယ်ယာ အခွင့်အရေးများ၊ ထို့အပြင်

(၂) အစည်းအဝေးကျင်းပသည်ဖြစ်စေ၊ မကျင်းပသည်ဖြစ်စေ၊ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်ဖြစ်စေ၊ မတက်ရောက်ခဲ့သည်ဖြစ်စေ၊ အစီအစဉ်ကို ထောက်ခံမဲပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ မြီရှင်များ၏ အခွင့်အရေးများ။

(ဂ) ပြန်လည်ထူထောင်ရေးအစီအစဉ် စတင်အကျိုးသက်ရောက်သည့်အချိန်တွင် တရားရုံး၌ စာရင်းရှင်းလင်းဖျက်သိမ်းရန် သို့မဟုတ် လူမွဲခံရန်အတွက် သမ္မာန်စာကို ဆိုင်းငံ့ထားလျှင် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းသည့် အမှု သို့မဟုတ် လူမွဲခံသည့်အမှုကို စတင်စွဲဆိုခဲ့ပြီး ပြန်လည်ထူထောင်ရေး အဆင့်တွင် ဆိုင်းငံ့ထားလျှင်-

(၁) အစီအစဉ်ကြီးကြပ်သူသည် စာရင်းရှင်းလင်း ဖျက်သိမ်းသည့်အမှု သို့မဟုတ် လူမွဲခံသည့်အမှုတွင် ၎င်းအား ထိုသို့ခန့်အပ်ကြောင်းကို တင်ပြရမည်။

(၂) တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း စာရင်းရှင်းလင်း ဖျက်သိမ်းရန် သို့မဟုတ် လူမွဲခံရန်အတွက် လျှောက်လွှာကို ပလပ်ရမည် သို့မဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းသည့်အမိန့် သို့မဟုတ် လူမွဲခံသည့် အမိန့်ကို ပယ်ဖျက်ရမည်။

**အကျိုးသက်ဆိုင်သူများအပေါ် ပြန်လည်ထူထောင်ရေးအစီအစဉ်၏ သက်ရောက်မှု**

၁၂၈။(က) ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ကို မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်သည် ကယ်ဆယ်ခြင်းအဆင့်စတင်သည့်နေ့တွင်ဖြစ်စေ၊ မစတင်မီဖြစ်စေ ပေါ်ပေါက်ခဲ့သော မြီရှင်များ၏ တောင်းဆိုမှုများအားလုံးအပေါ် စည်းနှောင်အားရှိသည်။

(ခ) ပုဒ်မခွဲ (က) သည် အောက်ပါအချက်များမှအပ အာမခံအကျိုးခံစားခွင့်ရ မြီရှင်များက ၎င်းအာမခံရရှိထားသောပိုင်ဆိုင်မှုကို ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားနည်း စီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(၁) အစီအစဉ်ကို အတည်ပြုရန်အတွက် အာမခံအကျိုးခံစားခွင့်ရ မြီရှင်များက ထောက်ခံမဲပေးခဲ့ပြီး ထိုအစီအစဉ်တွင်လည်း ၎င်းအတွက် ထည့်သွင်းဖော်ပြထားလျှင် သို့မဟုတ်၊

(၂) တရားရုံးက ပုဒ်မ ၁၂၉ ပါ ပြဋ္ဌာန်းချက်အတိုင်း အမိန့်ချမှတ်ခဲ့လျှင်။

(ဂ) ပုဒ်မခွဲ (က) သည် အောက်ပါအချက်များမှအပ ပိုင်ရှင် သို့မဟုတ် အငှားချထားသူ၏ ပစ္စည်းနှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို ထိခိုက်ခြင်းမရှိစေရ-

(၁) အစီအစဉ်ကို အတည်ပြုရန်အတွက် ပိုင်ရှင် သို့မဟုတ် အငှားချထားသူက ထောက်ခံမဲပေးခဲ့ပြီး ထိုအစီအစဉ်တွင်လည်း ၎င်းအတွက် ထည့်သွင်းဖော်ပြထားလျှင်၊ သို့မဟုတ်

(၂) တရားရုံးက ပုဒ်မ ၁၂၉ ပါ ပြဋ္ဌာန်းချက်အတိုင်း အမိန့်ချမှတ်ခဲ့လျှင်။

(ဃ) ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အောက်ပါတို့ အပေါ်တွင်လည်း စည်းနှောင်အားရှိသည်-

(၁) အပိုင်း (၆) လုပ်ငန်း၊

(၂) အပိုင်း (၆) လုပ်ငန်း၏ သက်ဆိုင်ရာအရာရှိများ၊ ပိုင်ရှင်များနှင့် အစုဝင်များ၊ ထို့ပြင်

(၃) ပုဒ်မခွဲ (င) နှင့် မဆန့်ကျင်စေဘဲ အပိုင်း (၆) လုပ်ငန်းသည် ကုမ္ပဏီဖြစ်လျှင် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ။

(င) ပြန်လည်ထူထောင်ရေးအစီအစဉ်သည် အစုရှယ်ယာရှင်များ၏ အကျိုးကို ထိခိုက်နစ်နာစေမည့် ရှယ်ယာများ ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း မပြုလုပ်ရ။

(စ) ထိုရှယ်ယာများတွင် တန်ဖိုးအလျှော့တွက်နုတ်ပြီးနောက် တန်ဖိုးမရှိတော့လျှင် ပုဒ်မခွဲ (င) ၏ ရည်ရွယ်ချက်များအရ ရှယ်ယာများကို ညှိနှိုင်းလျှော့ပေါ့ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းသည် အစုရှယ်ယာရှင်များ၏ အကျိုးကို ထိခိုက်နစ်နာသည်ဟု မှတ်ယူခြင်းမရှိစေရ။

**တရားရုံးသည် အာမခံအကျိုးခံစားခွင့်ရမြီရှင်များ သို့မဟုတ် ပိုင်ရှင် သို့မဟုတ် အငှားချထားသူ၏ အခွင့်အရေးများကို ကန့်သတ်နိုင်ခြင်း**

၁၂၉။(က) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ပြန်လည်ထူထောင်ရေးအစီအစဉ်ပါ အချက်များနှင့်အညီ တရားရုံး၏ ခွင့်ပြုထားသည်မှတစ်ပါး အပိုင်း (၆) လုပ်ငန်း၏ အာမခံအကျိုးခံစားခွင့်ရမြီရှင်များအပေါ် အာမခံပစ္စည်းကို ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားနည်းစီမံခန့်ခွဲခြင်းမပြုရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ တရားရုံးသည် ပြန်လည်ထူထောင်ရေး အစီအစဉ်အရ သဘောတူထားသည်မှတစ်ပါး တစ်ဦးတစ်ယောက်က ပိုင်ဆိုင်ပြီး သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ ငှားရမ်းထားပြီး အပိုင်း (၆) လုပ်ငန်းက အသုံးပြုနေသော သို့မဟုတ် နေထိုင်လုပ်ကိုင်သော သို့မဟုတ် လက်ဝယ်ရယူထားသောပစ္စည်းကို တရားရုံး၏ အမိန့်အရ ခွင့်ပြုထားသည်မှလွဲ၍ ထိုသူတို့က လက်ဝယ်ထားရှိခြင်း သို့မဟုတ် အခြားနည်းဖြင့် ပြန်လည်ရယူခြင်း မပြုရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) တရားရုံးသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ အမိန့်ချရာတွင် အောက်ပါအချက်များနှင့် ညီညွတ်ကြောင်း ကျေနပ်မှသာလျှင် ထိုအမိန့်ကို ချမှတ်နိုင်သည်-

(၁) ထိုအမိန့်ကို ချမှတ်ခြင်းမပြုပါက အစီအစဉ်၏ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် ကြီးမားသော ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများရှိနိုင်ခြင်း၊ နှင့်

(၂) ထိုအမိန့်ပါအချက်အလက်များနှင့် အခြားသက်ဆိုင်သော ကိစ္စရပ်များတွင် အာမခံအကျိုးခံစားခွင့်ရမြီရှင်၊ ပိုင်ရှင် သို့မဟုတ် အငှားချထားသူတို့၏ အကျိုးစီးပွားကို လုံလောက်စွာ အကာအကွယ်ပေးခြင်း။

**အစီအစဉ်ကြီးကြပ်သူ၏အခန်းကဏ္ဍ**

၁၃၀။(က) အစီအစဉ်ကြီးကြပ်သူ၏ အပိုင်း (၆) လုပ်ငန်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အစီအစဉ်ချမှတ်ခြင်း၊

(၂) အခန်း (၅) တွင် ပြဋ္ဌာန်းထားသော အစီအစဉ်ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်းဆိုင်ရာတာဝန်များ။

(ခ) ဤအပိုင်းအရ အစီအစဉ်ကြီးကြပ်သူ ဆောင်ရွက်ရမည့်အပိုင်း (၆) လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည်-

(၁) အပိုင်း (၆) လုပ်ငန်း၏အေးဂျင့်အဖြစ် ဆောင်ရွက်ခြင်း၊ ထို့ပြင်

(၂) အစီအစဉ်ကို တတ်နိုင်သမျှ ဆောလျင်စွာနှင့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

**တရားရုံးက ညွှန်ကြားနိုင်သည့်အာဏာ**

၁၃၁။(က) အစီအစဉ်ကြီးကြပ်သူသည် ယင်း၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသည့် ကိစ္စရပ်တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ တရားရုံးမှ ညွှန်ကြားပေးရန် လျှောက်ထားနိုင်သည်။

(ခ) အစီအစဉ်ကြီးကြပ်သူ၊ အပိုင်း (၆) လုပ်ငန်း သို့မဟုတ် ရှယ်ယာဝင် သို့မဟုတ် မြီရှင်သည် အစီအစဉ်အဆင့်တွင် ပေါ်ပေါက်လာသည့် မည်သည့် ပြဿနာကိုမဆို အဆုံးအဖြတ်ပေးရန်အတွက် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် ညွှန်ကြားချက်ပေးရာတွင် သို့မဟုတ် ပြဿနာကို အဆုံးအဖြတ်ပေးရာတွင် တရားမျှတ၍ အကျိုးရှိမည်ဟု ထင်မြင်လျှင် သင့်တော်သည့် စည်းကမ်းချက်တစ်စုံတစ်ရာ သတ်မှတ်၍ လျှောက်ထားမှု အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ခွင့်ပြုနိုင်သည် သို့မဟုတ် အခြား သင့်တော်သည့်အမိန့်ကိုလည်း ချမှတ်နိုင်သည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်ဆောင်ရွက်နေကြောင်း အသိပေးကြေညာခြင်း**

၁၃၂။(က) ပြန်လည်ထူထောင်ရေး အစီအစဉ်အဆင့်တွင် အပိုင်း (၆) လုပ်ငန်းသည် အောက်ပါကိစ္စရပ်များ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်း လုပ်ဆောင်နေကြောင်း ဖော်ပြပါရှိရမည် -

(၁) အပိုင်း (၆) လုပ်ငန်း၊ အပိုင်း (၆) လုပ်ငန်းကိုယ်စား သို့မဟုတ် ပြန်လည်ထူထောင်ရေးမန်နေဂျာတို့၏ ငွေတောင်းခံလွှာများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများအားလုံး၊

(၂) အပိုင်း (၆) လုပ်ငန်း၏ဝက်ဘ်ဆိုဒ်များအားလုံး။

(ခ) ပုဒ်မခွဲ (၁) အရ ငွေတောင်းခံလွှာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှာစာများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပေးပို့စာများ သို့မဟုတ် အမှာစာများ ဆိုသည်မှာ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ ဖော်ပြသည့်ပုံစံကိုဆိုသည်။

(ဂ) ဤပုဒ်မပါ ဆောင်ရွက်ရန်အချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှုကို သိလျက်နှင့်ဖြစ်စေ၊ တမင်ဖြစ်စေခွင့်ပြုသည့် အပိုင်း (၆) လုပ်ငန်း၏ အရာရှိနှင့် အပိုင်း (၆) လုပ်ငန်း၏ အစီအစဉ်ကြီးကြပ်သူအား မှတ်ပုံတင်အရာရှိသည် ကျပ်တစ်သိန်းထက်မပိုသည့် ဒဏ်ကြေးငွေကို တပ်ရိုက်နိုင်သည်။

**အစီအစဉ်ကြီးကြပ်သူအားအစားထိုးခြင်း**

၁၃၃။(က) ပုဒ်မ ၁၈၁၊ ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဃ)၊ ပုဒ်မ ၁၈၂ ပုဒ်မခွဲ (ခ)နှင့် (ဂ) နှင့် ပုဒ်မ ၁၈၃၊ ပုဒ်မခွဲ (ခ)၊ (ဂ)နှင့် (ဃ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအား ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးနေရာလစ်လပ်ခြင်းနှင့် လစ်လပ်သော ရာထူးနေရာတွင် အစားထိုးခန့်ထားခြင်းတို့နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် အပိုင်း (၆) လုပ်ငန်းအစီအစဉ်အဆင့်တွင် အစီအစဉ်ကြီးကြပ်သူနှင့် စပ်လျဉ်း၍လည်း အသုံးပြုနိုင်သည်။ ထို့ပြင် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းတွင် အသုံးပြုနိုင်သော ပြဋ္ဌာန်းချက်များသည် အပိုင်း (၆) လုပ်ငန်း အစီအစဉ်အဆင့်တွင်လည်း အသုံးပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အစီအစဉ်ကြီးကြပ်သူကို ခန့်အပ်ပြီးပါက ၎င်းသည် ထိုသို့ ခန့်အပ်ကြောင်းကို မှတ်ပုံတင်အရာရှိထံသို့ အလုပ်လုပ်ကိုင်ရက် ၂ ရက် အတွင်းအကြောင်းကြားစာ ပေးပို့ရမည်။

## အခန်း (၅)
## ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲခြင်း သို့မဟုတ် ရပ်စဲခြင်း

**မဲခွဲရာတွင် မဲအများစုကို သတ်မှတ်ခြင်း**

၁၃၄။ ဤအခန်းပါ ရည်ရွယ်ချက်များအလို့ငှာ

(က) **ထပ်ဆင့်မဲအများစု** ဆိုသည်မှာ အောက်ဖော်ပြပါနည်းနှစ်မျိုးစလုံးဖြင့် ရရှိသည့်မဲအများစုကို ဆိုလိုသည်-

(၁) အစည်းအဝေးတွင် မဲပေးသူမြီရှင်တို့၏ ကြွေးမြီစုစုပေါင်းတန်ဖိုး၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းပမာဏထက်ပိုသော ကြွေးမြီ ပိုင်ဆိုင်သူမြီရှင်များ၊ နှင့်

(၂) အစည်းအဝေးတွင် မဲပေးသူမြီရှင်စုစုပေါင်းအရေအတွက်၏ ငါးဆယ်ရာခိုင်နှုန်း သို့မဟုတ် ယင်းအရေအတွက်ထက်ပိုသော မြီရှင်များ။

(ခ) **အုပ်စုတစ်စုတည်းမဲအများစု** ဆိုသည်မှာ မဲခွဲရာတွင် ထပ်ဆင့်မဲအများစု တွင်ပါဝင်သော အုပ်စုနှစ်စုအနက် တစ်စုက မဲအများစုရရှိခြင်းကို ဆိုသည်။

**ရည်ရွယ်ချက်အောင်မြင်ပါက ပြန်လည်ထူထောင်ရေးအစီအစဉ် ရပ်စဲခြင်း**

၁၃၅။ (က) အပိုင်း (၆) လုပ်ငန်းပြန်လည်ထူထောင်ရေးအစီအစဉ် သို့မဟုတ် ထိုအစီအစဉ်နှင့် သက်ဆိုင်သော အခြားသူများ၏ တာဝန်ဝတ္တရားများအား အပြည့်အဝ ဆောင်ရွက်ပြီးသည့်အပြင် အစီအစဉ်အရ မြီရှင်များ၏ တောင်းဆိုမှုများကို ဆောင်ရွက်ပြီးဖြစ်ပါက အစီအစဉ်ကြီးကြပ်သူသည် အစီအစဉ်အားရပ်စဲကြောင်း အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ယင်းအကြောင်းကြားစာတွင် အထက်ဖော်ပြပါကိစ္စရပ်များကို ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြရမည်။

(ခ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ပြီးပါက ၎င်းအား ခန့်အပ်ထားမှုသည် ရပ်စဲပြီးဖြစ်သည်။

(ဂ) အစီအစဉ်ကြီးကြပ်သူသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို ခိုင်လုံသော အကြောင်းမရှိဘဲ မှတ်ပုံတင်အရာရှိထံ ပေးပို့ရန်ပျက်ကွက်လျှင် မှတ်ပုံတင်အရာရှိက ၎င်းအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

(ဃ) အစီအစဉ်ကိုအောင်မြင်စွာ အကောင်အထည်ဖော်ပြီးပါက ကုမ္ပဏီမှတ်ပုံတင်ခြင်းမှ ပယ်ဖျက်မည် သို့မဟုတ် အစုစပ်လုပ်ငန်းကို ဖျက်သိမ်းမည်ဟု အစီအစဉ်တွင် ဖော်ပြပါရှိလျှင် အစီအစဉ်ကြီးကြပ်သူသည် ကုမ္ပဏီ သို့မဟုတ် အစုစပ်လုပ်ငန်းကို ပယ်ဖျက်ပေးရန် တစ်ချိန်တည်းတွင် လျှောက်ထားရမည်။ ထိုသို့လျှောက်ထားမှုအပေါ် ပုဒ်မ ၂၁၂ ပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မခွဲ (က) တွင်ဖော်ပြထားသည့် အစီအစဉ်ကြီးကြပ်သူက တင်သွင်းရန် အချက်အလက်များနှင့် သက်ဆိုင်စေရမည်။

**ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ခြင်း**

၁၃၆။ (က) အစီအစဉ်ကြီးကြပ်သူသည် အောက်ပါအခြေအနေများတွင် ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ပြောင်းလဲပြင်ဆင်ရန်အတွက် အစည်းအဝေးခေါ်ယူရမည်-

(၁) အပိုင်း (၆) လုပ်ငန်းက တောင်းဆိုသည့်စာကို လက်ခံရရှိလျှင်၊ သို့မဟုတ်

**(ဆက်လက်ဖော်ပြပါမည်)**

# မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

၂၄။ ကော်ပိုရေးရှင်း၏လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများအတွက် ဝန်ဆောင်ခများ၊ ကွန်ရက် ချိတ်ဆက်ခများ၊ အခြားအခကြေးငွေနှုန်းထားများကို ဆက်သွယ်ရေးဥပဒေနှင့်အညီ သတ်မှတ်နိုင်ရန်အတွက် အဆိုပြုခြင်း၊

(ခ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပမှဝန်ထမ်းများ၊ အကြံပေးများ၊ ကျွမ်းကျင်သောပညာရှင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ခြင်း၊ ငှားရမ်းခြင်း၊ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ခြင်း၊

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်စေရန် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို လွတ်လပ်စွာဆုံးဖြတ်ချက်ချမှတ်၍ ဆောင်ရွက်ခြင်း၊

(ဃ) ဝန်ထမ်းများအတွက်အလုပ်ချိန်များ၊ ခွင့်ရက်ခံစားခွင့်များ၊ အလုပ်ခွင်စည်းမျဉ်းနှင့် စည်းကမ်းများကိုအလုပ်သမားဆိုင်ရာ ဥပဒေများနှင့်အညီ သတ်မှတ်ဆောင်ရွက်ခွင့်ရှိခြင်း၊

(င) သက်တမ်းအရ ပယ်ဖျက်ရမည့် ကော်ပိုရေးရှင်းပိုင်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းပယ်ဖျက်ခြင်း၊

(စ) ကော်ပိုရေးရှင်း ပိုင်ဆိုင်သော သို့မဟုတ် ခွင့်ပြုချက်ရရှိထားသော အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်များ ( Intellectual Property Rights ) အား ကော်ပိုရေးရှင်း၏ ခွင့်ပြုချက်မရှိဘဲ အသုံးပြုသူကို တရားစွဲဆိုခြင်း။

**အခန်း (၇)**

**ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ လုပ်ကိုင်ခြင်း**

၂၅။ ကော်ပိုရေးရှင်းသည် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်ရပ်ကို ဆက်သွယ်ရေး ဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင်ရယူ၍ ဆောင်ရွက်နိုင်သည်။

၂၆။ ကော်ပိုရေးရှင်းသည် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(က) လက်အောက်ခံကုမ္ပဏီ သီးခြားတည်ထောင်၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်ဆက်စပ်သည့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း၊

(ခ) မိမိပိုင်ပစ္စည်းများနှင့် လုပ်ကိုင်ခွင့်ရရှိသောပစ္စည်းများကို စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုနှင့်ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း။

၂၇။ ကော်ပိုရေးရှင်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် အလို့ငှာ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် သဘောတူစာချုပ် ချုပ်ဆို၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကို တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်း (Build Operate Transfer- BOT) စနစ်စသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်သည့် စနစ်တစ်မျိုးမျိုးဖြင့် လုပ်ကိုင်ရန် စီမံချက်ရေးဆွဲ၍ ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူပြီး ဆောင်ရွက်နိုင်သည်။

**အခန်း(၈)**

**ဝန်ထမ်းရေးရာကိစ္စများ**

၂၈။ ကော်ပိုရေးရှင်းသည် မိမိဝန်ထမ်းများ၏အရည်အချင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းအမျိုးအစား၊ ဝန်ထမ်းတစ်ဦးချင်း တာဝန်ခွဲဝေပုံနှင့် တာဝန်ခံမှုတို့ကို ဖွဲ့စည်းပုံအရ လိုအပ်သလို သတ်မှတ်ထားရှိရမည်။

၂၉။ ဝန်ကြီးဌာနသည် -

(က) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများက ဤဥပဒေအရဖွဲ့စည်းသော ကော်ပိုရေးရှင်းသို့ ၎င်းတို့ ဆန္ဒအရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်အခါ ယင်းဝန်ထမ်းများ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရာထူးတာဝန်နှင့်ရပိုင်ခွင့်အောက် လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ခ) ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့ထမ်းဆောင်ရန် ဆန္ဒမပြုသော ဝန်ထမ်းများကို မိမိ၏ ဝန်ကြီးဌာနလက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခြားပြည်ထောင်စုဝန်ကြီးဌာနလက်အောက်ရှိ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ ပြောင်းရွှေ့နေရာချထားပေးနိုင်သည်။

(ဂ) ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသည့်အပြင် ပုဒ်မခွဲ (ခ) အရ သင့်လျော်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုလျှင်သော်လည်းကောင်း၊ အခြားဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းရွှေ့နေရာချထားခြင်း မပြုနိုင်လျှင်သော်လည်းကောင်း ထိုဝန်ထမ်းများအား တည်ဆဲဥပဒေနှင့်အညီ လျော်ကြေးပင်စင် ခံစားခွင့်ပြုရမည်။

၃၀။ ဝန်ကြီးဌာနသည် -

(က) အောက်ပါကိစ္စရပ်များအတွက် ကော်ပိုရေးရှင်း၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရန်စီစဉ်ဆောင်ရွက်ပေးရမည်-

(၁) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ပင်စင် ခံစားခွင့်များ၊

(၂) ဤဥပဒေအရဖွဲ့စည်းသည့် ကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် လုပ်သက်ဆုငွေ၊ ချီးမြှင့်ငွေ၊ အငြိမ်းစားလစာနှင့် အငြိမ်းစားယူမှုဆိုင်ရာကိစ္စများ၊

(၃) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်ပချေးငွေ ပြန်လည်ပေးဆပ်ရန် တာဝန်များ။

(ခ) ကော်ပိုရေးရှင်းအတွက် လုပ်ငန်းလည်ပတ်ရန် လိုအပ်သော ကနဦးမတည်ရင်းနှီးငွေကို ကော်ပိုရေးရှင်းက အဆိုပြုတင်ပြစေပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တောင်းခံရမည်။

၃၁။ အမှုဆောင်အရာရှိချုပ်သည် စီမံခန့်ခွဲရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ -

(က) ဝန်ထမ်းများအား ခန့်အပ်ရာတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုခြင်းကို တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဝန်ထမ်းဖွဲ့စည်းပုံအရခန့်အပ်တာဝန်ပေးခြင်း၊ အရည်အချင်းသတ်မှတ်ခြင်း၊ ဝန်ထမ်းများ၏ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများ၊ ဝန်ထမ်းစည်းကမ်းများ၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ အနားယူခွင့်ပေးခြင်း၊ နုတ်ထွက်ခွင့်ပြုခြင်း၊ အရေးယူအပြစ်ပေးခြင်းနှင့် ရာထူးမှဖယ်ရှားခြင်းစသည့် ဝန်ထမ်းရေးရာကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၂။ ကော်ပိုရေးရှင်းသည် -

(က) ကော်ပိုရေးရှင်း ဝန်ထမ်းများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ဥပဒေနှင့်အညီ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။

(ခ) ကော်ပိုရေးရှင်းဝန်ထမ်းများအား ခေတ်မီဆန်းသစ်သော ဆက်သွယ်ရေးဝန်ဆောင်မှု နည်းပညာများ တတ်မြောက်စေရေးအတွက် ပြည်တွင်းပြည်ပ၌ ကျင်းပသော အခမ်းအနားများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများ တက်ရောက်လေ့လာဆည်းပူးစေရန် စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ ကော်ပိုရေးရှင်း ဝန်ထမ်းများကို မှတ်ပုံတင်၍ ထည့်ဝင်ကြေး ငွေပေးသွင်းပြီး အာမခံထားရှိရေး၊ အလုပ်တွင်ထိခိုက်မှု အာမခံအကျိုးခံစားခွင့်ရရှိရေးနှင့် အခြားလူမှုဖူလုံရေး အကျိုးခံစားခွင့်တို့အတွက် လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ကော်ပိုရေးရှင်း၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဌာနအသီးသီးရှိ တာဝန်ခံဝန်ထမ်းများက ၎င်းတို့တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်း၏အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို တာဝန်ခံစေရန် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

**အခန်း(၉)**

**ဆုကြေးငွေချီးမြှင့်ခြင်း**

၃၃။ အမှုဆောင်အရာရှိချုပ်သည် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်အပေါ်တွင်လည်းကောင်း၊ ကော်ပိုရေးရှင်း၏ လုပ်ငန်းအောင်မြင်မှုအပေါ်တွင်လည်းကောင်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ တွက်ချက်ထားသော ဆုကြေးကို စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆုကြေးရန်ပုံငွေမှ ခံစားခွင့်ပြုနိုင်သည်။

**အခန်း (၁၀)**

**ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စာရင်းများ**

၃၄။ ကော်ပိုရေးရှင်းသည် အောက်ပါရငွေများဖြင့် မိမိ၏ဘဏ္ဍာရန်ပုံငွေကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထူထောင်ထားရှိရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများ၊

(ခ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင် ပြည်တွင်းပြည်ပရှိငွေကြေးများ၊ ရန်ပုံငွေများ၊ နိုင်ငံခြားသုံးငွေများ၊ သက်ဆိုင်ရာလုပ်ငန်းများသို့ ကြိုတင်ထုတ်ပေးငွေများ၊ ကြွေးမြီများ၊ ငွေကြေးဆိုင်ရာ အခြားအခွင့်အရေးများ၊ အဆိုပါပိုင်ဆိုင်မှုများမှ ဆင့်ပွားဖြစ်လာသည့် အတိုးရငွေနှင့် အကျိုးအမြတ်များ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ရှယ်ယာများ၊ ချေးငွေစာချုပ်များ၊ ချေးငွေပေးထားသည့် ဒီဗင်ချာများ၊ အာမခံလုပ်ငန်းနှင့် သက်ဆိုင်သည့်ငွေများ၊

(ဂ) စုဆောင်းငွေမှ အတိုးရငွေများ၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းတစ်ခုခုတွင် ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်ရာမှရရှိသော အကျိုးအမြတ်များ။

၃၅။ ကော်ပိုရေးရှင်းသည် -

(က) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လွှဲပြောင်းရယူမည့် နိုင်ငံတော်ပိုင် ပုံသေပစ္စည်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ စာရင်းရှိတန်ဖိုး (Book Value) ဖြင့်ခန့်မှန်းတန်ဖိုးတွက်ချက်၍ နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများတွင် ထည့်သွင်းဖော်ပြထားရမည်။

(ခ) မိမိပိုင်မတည်ငွေရင်းများဖြင့် အများနှင့်မသက်ဆိုင်သောကုမ္ပဏီ (Private Company) ကိုဖြစ်စေ၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Public Company) ကိုဖြစ်စေ၊ ဖက်စပ်ကုမ္ပဏီ ( Joint-venture Company )ကိုဖြစ်စေ တည်ထောင်သည့်အခါ မိမိထည့်ဝင်သည့် မတည်ငွေရင်းများကို ကာလပေါက်ဈေးတန်ဖိုး ( Market Value ) ဖြင့် တန်ဖိုးသင့်၍ထည့်ဝင်ရမည်။

(ဂ) နှစ်စဉ် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းစီမံချက်နှင့် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတို့ကိုရေးဆွဲပြီး စီမံခန့်ခွဲရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့ ပေးပို့၍ စီမံချက်နှင့်အညီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

(ဃ) ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်း ရငွေသုံးငွေများအား ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးခန့်မှန်းခြေငွေစာရင်းတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေနှင့်အညီ သီးခြားထည့်သွင်း၍ ဖော်ပြရမည်။

(င) ရငွေသုံးငွေများကို ပြည်တွင်းပြည်ပဘဏ်များတွင် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘဏ်စာရင်းများကို ဖွင့်လှစ်ထားရှိရမည်။

(စ) မိမိရရှိသော နိုင်ငံခြားသုံးငွေကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ယူသုံးစွဲခွင့်ရှိသည်။

(ဆ) မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက်လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက်လည်းကောင်း ရငွေသုံးငွေအခြေအနေများပေါ်လွင်စေရန် သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိရမည်။

(ဇ) တည်ဆဲအခွန်အကောက်ဥပဒေအရ မိမိ၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအတွက် ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ခွင့်မပြုသော ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။

၃၆။ ကော်ပိုရေးရှင်းသည် အခွန်အကောက်များနှင့် နိုင်ငံတော်သို့ အမြတ်ငွေခွဲဝေပေးသွင်း ပြီးနောက် အောက်ပါရန်ပုံငွေများကို မိမိအသားတင်ပိုလျှံငွေထဲမှ လျာထားသတ်မှတ်၍ သီးခြားစီ ထူထောင်ထားရှိနိုင်သည် -

(က) ဆုကြေးရန်ပုံငွေ၊

(ခ) ဖွံ့ဖြိုးမှုရန်ပုံငွေ၊

(ဂ) တန်ဖိုးယုတ်လျော့မှုရန်ပုံငွေ၊

(ဃ) အိုနာစာရန်ပုံငွေ၊

(င) သက်သာချောင်ချိရေးရန်ပုံငွေ၊

(စ) အခြားလိုအပ်သောရန်ပုံငွေ။

၃၇။ ကော်ပိုရေးရှင်းသည် -

(က) ဝန်ကြီးဌာနက သတ်မှတ်ထားသည့်အတိုင်း သာမန်အသုံးစရိတ်အောက်တွင် ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ဂ)အရ ထူထောင်သည့် တန်ဖိုးယုတ်လျော့မှု ရန်ပုံငွေကို နှစ်စဉ်သီးခြားလျာထား သတ်မှတ်ထားရှိရမည်။

(ခ) ဝန်ထမ်းများ၏ စုဆောင်းငွေများနှင့် မိမိ၏ အသားတင်ပိုလျှံငွေထဲမှ အချိုးကျထည့်ဝင်ငွေဖြင့် ဝန်ထမ်းများအလုပ်မှ အနားယူသည့်အခါ အထောက်အပံ့ပေးနိုင်ရန် ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ဃ) အရထူထောင်သည့် အိုနာစာရန်ပုံငွေဖြင့် စီမံဆောင်ရွက်နိုင်သည်။

၃၈။ ကော်ပိုရေးရှင်းသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် -

(က) နိုင်ငံတော်ပိုင်ဘဏ်မှ သက်သာသော အတိုးနှုန်းဖြင့် ချေးယူသုံးစွဲနိုင်သည်။

(ခ) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ပြည်တွင်းပြည်ပ ပုဂ္ဂလိကဘဏ်များ၊ အဖွဲ့အစည်းများထံမှ ငွေချေးယူပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

၃၉။ ကော်ပိုရေးရှင်းသည် အောက်ပါစာရင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည် -

(က) ဝန်ထမ်းအင်အားစာရင်း၊

(ခ) ငွေသားအခြေအနေ၊

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းစာရင်း၊

(ဃ) ပိုင်ဆိုင်သည့်ပစ္စည်းစာရင်းနှင့်တန်ဖိုးစာရင်း၊

(င) အရှုံးအမြတ်စာရင်း၊

(စ) လက်ကျန်ရှင်းတမ်း။

၄၀။ ကော်ပိုရေးရှင်းသည် -

(က) ဌာနတွင်း ဘဏ္ဍာရေးကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်း၍ ဝင်ငွေထွက်ငွေနှင့်စပ်လျဉ်းပြီး စစ်ဆေးကြီးကြပ်စေရမည်။

(ခ) ဌာနတွင်းစာရင်းစစ်အဖွဲ့ဖွဲ့စည်း၍ ကော်ပိုရေးရှင်း၏ ဘဏ္ဍာရေးအရအသုံး စာရင်းများကို ပုံမှန်စစ်ဆေးမှုများ ပြုလုပ်စေရမည်။ ထို့ပြင် ဌာနတွင်းစာရင်းစစ်အဖွဲ့၏ စာရင်းစစ်ဆေးမှုအစီရင်ခံစာကို ပြင်ပမှ စာရင်းစစ်ဆေးမှုမပြုလုပ်မီ ဌာနတွင်း ဘဏ္ဍာရေးကြီးကြပ်ရေးအဖွဲ့က စိစစ်ပြီး စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြစေရမည်။

(ဂ) မိမိ၏နှစ်ချုပ်စာရင်းစစ် အစီရင်ခံစာကို စီမံခန့်ခွဲရေးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ နှစ်စဉ်တင်ပြရမည်။

၄၁။ ကော်ပိုရေးရှင်းသည် မိမိ၏ ဘဏ္ဍာငွေအရ အသုံးစာရင်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး သို့မဟုတ် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့ သို့မဟုတ် နိုင်ငံတကာ အသိအမှတ်ပြု စာရင်းစစ်အဖွဲ့၏စစ်ဆေးမှုကိုခံယူရမည်။

၄၂။ ကော်ပိုရေးရှင်းသည် နိုင်ငံတော်က ရာခိုင်နှုန်းပြည့်ပိုင်ဆိုင်သဖြင့် မိမိလုပ်ငန်းမှရရှိလာသော အသားတင်အမြတ်ငွေအနက်မှ ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ်သတ်မှတ်ပေးသည့် အမြတ်ဝေစုကိုလည်းကောင်း၊ တည်ဆဲဥပဒေအရ ကျသင့်သည့်အခွန်အခများကိုလည်းကောင်း နိုင်ငံတော်သို့ ပေးသွင်းရမည်။

**စာမျက်နှာ ၁၈ သို့**

စာမျက်နှာ ၁၇ မှ

### အခန်း (၁၁)
### အထွေထွေ

၄၃။ အမှုဆောင်အရာရှိချုပ်သည် ဤဥပဒေအရ ကော်ပိုရေးရှင်းက ဆောင်ရွက်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် အခြား စီးပွားရေး လုပ်ငန်းအဝဝကို စီမံခန့်ခွဲရေးအဖွဲ့သို့ တာဝန်ခံ၍ ဆောင်ရွက်ရမည်။
၄၄။ စီမံခန့်ခွဲရေးအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ကော်ပိုရေးရှင်း၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံပေးရမည်။
၄၅။ စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် ကော်ပိုရေးရှင်း၏ အရာထမ်း၊ အမှုထမ်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပေးအပ်သော တာဝန်ကို ဆောင်ရွက်နေသည့်အချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။
၄၆။ ကော်ပိုရေးရှင်းကဖြစ်စေ၊ ကော်ပိုရေးရှင်းနှင့် ပူးပေါင်းဖွဲ့စည်းသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ ရရန်ပိုင်ခွင့်နှင့် တရားဝင်ဆောင်ရွက်ပိုင်ခွင့်တို့အတွက် တရားမကြောင်းဖြင့် စွဲဆိုသောအမှုများသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယား၊ အပိုဒ် ၁၄၉ နှင့် သက်ဆိုင်စေရမည်။
၄၇။ ကော်ပိုရေးရှင်းပိုင် ငွေကြေးနှင့်ပစ္စည်းများသည် နိုင်ငံတော်ပိုင် ပစ္စည်းဖြစ်သည်ဟု မှတ်ယူရမည်။
၄၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -
(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဝန်ကြီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။
(ဂ) စီမံခန့်ခွဲရေးအဖွဲ့နှင့် ကော်ပိုရေးရှင်းတို့သည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲတက်ရောက်

**အောင်မြေသာစံ အောက်တိုဘာ ၂၁**
မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၂ လမ်းရှိ အောင်သမာဓိစိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်းမိသားစုက ဆောက်လုပ်လှူဒါန်းသော စဉ့်ကူးမြို့နယ် လက်ပံလှ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်၊ ကျည်တောက်ပေါက် အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်၊ သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်း အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲနှင့် ပရိဘောဂများ၊ သင်ထောက်ကူပစ္စည်းများ လှူဒါန်းပွဲကို အောက်တိုဘာ ၂၀ ရက်က အဆိုပါ ကျောင်းများတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်သည်။

အဆိုပါ ကျောင်းခန်းမများတွင် ဖွင့်ပွဲကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး အလှူရှင် ဦးအောင်ဆန်းဝင်းက လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ကျောင်းဆောင်သစ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးများထံ လွှဲပြောင်းပေးအပ်ပြီး သင်ထောက်ကူပစ္စည်းများအား ကျောင်းအုပ်ကြီးများထံ လှူဒါန်းသည်။

အောင်သမာဓိစိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်းမိသားစုမှ ဆောက်လုပ်လှူဒါန်းသော လက်ပံလှ အခြေခံပညာအထက်တန်းကျောင်း ဆောင်သည် အလျားပေ ၁၀၀၊ အနံ ၃၆ ပေရှိပြီး ကျည်တောက်ပေါက် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သည် အလျားပေ ၁၃၀၊ အနံ ၃၈ ပေရှိသည်။ ဇရပ်ကွင်းအခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သည် အလျားပေ ၆၀၊ အနံ ၃၆ ပေရှိသည်။ ဆရာ ဆရာမစားပွဲနှင့် ထိုင်ခုံ၊ White Board၊ စတိတ်ခုံနှင့် သင်ထောက်ကူပစ္စည်း စုစုပေါင်းငွေကျပ် ၄၂၉၁ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ (မန္တလေး)**

---

## ကယားအမျိုးသားစုပေါင်း အဲဒိုပေါ်မီပွဲတော် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

**ပဲခူး အောက်တိုဘာ ၂၁**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကြူဇောင်း၊ မအူတောကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း၌ အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက (၃) ကြိမ်မြောက် ကယားအမျိုးသားစုပေါင်း အဲဒိုပေါ်မီပွဲတော် အခမ်းအနားကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ယခုကျင်းပသည့် အဲဒိုပေါ်မီပွဲတော်သည် ကယားလူမျိုးများ၏ အလွန်အရေးပါသည့် ရိုးရာယဉ်ကျေးမှု ပွဲတော်တစ်ခုဖြစ်သလို ကယားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေးတို့နှင့်လည်း ဆက်စပ်လျက်ရှိကြောင်း၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို အလေးထားပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့လူမျိုး၊ မိမိတို့ရိုးရာ၊ မိမိတို့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ကြသလို တိုင်းပြည်၏ အပြောင်းအလဲ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်ဆေးနှင့် ကယားလိပ်ပုလူငယ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားခဲ့ကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော အလှူငွေကျပ် ၁၀ သိန်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်ဆေးတို့က ပေးအပ်ခဲ့ရာ ကယားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါပွဲတော်ကို ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ထိန်းသိမ်းမြှင့်တင်ရန်နှင့် ကယားအမျိုးသားများအကြား အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ရပ်ဝန်းတစ်ခု စုပေါင်းဖန်တီးနိုင်ရန်၊ အမျိုးသားရေးနှင့် ယဉ်ကျေးမှု အမှတ်လက္ခဏာများ ပြန်လည်ဖော်ထုတ်ရန်၊ ကယားအမျိုးသားတို့၏ ရပ်တည်ချက်ဆိုင်ရာ ဘုံသဘောတူညီမှုများ ချမှတ်နိုင်ရေး အစပျိုးခြင်းလုပ်ငန်းများ လုပ်ဆောင်သွားရန် ရည်ရွယ်ပြီး ပဲခူးတိုင်းဒေသကြီး ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့မှ ကယားတိုင်းရင်းသားများစုပေါင်း၍ အောက်တိုဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

---

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် အောင်ချက်အကောင်းဆုံးကျောင်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**ပုသိမ် အောက်တိုဘာ ၂၁**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံး ခရိုင်၊ မြို့နယ်ကျောင်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က လူတော်လူကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးမြှင့်တင်မှု အစီအစဉ်နှင့်ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ၊ အမျိုးသားပညာရည်မြှင့်မားရေးလုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ‘ပညာမြင့်မှ လူမျိုးတင့်မည်’ ဟူသော ဆောင်ပုဒ်အတိုင်း ပညာရေးသည် တိုင်းပြည်တစ်ပြည်၏ အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်ကြောင်း၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ‘ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာအောင်ကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က အောင်ချက်အကောင်းဆုံးခရိုင်နှင့် မြို့နယ်ကျောင်းများမှတာဝန်ရှိသူများအားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးများက နိုင်ငံတော်အဆင့် (၁ မှ ၁၀ ထိ)ဆုရရှိကြသူများအား လည်းကောင်း၊ တာဝန်ရှိသူများက ခြောက်ဘာသာနှင့် ငါးဘာသာဂုဏ်ထူးရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ခဲ့ကြသည်။

ထို့နောက် ပုသိမ်မြို့ အထကများနှင့် အမကများမှ ကလေးငယ်များက သီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ပညာရေးမှူးများ၊ ဆရာ ဆရာမများနှင့် ဌာနဆိုင်ရာများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**ပုသိမ်ခရိုင် (ပြန်/ဆက်)**

---

## ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ဒီမောဆို အောက်တိုဘာ ၂၁**
ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာများတွင် ကဏ္ဍအလိုက် လုပ်ငန်းများ ဖော်ဆောင်ရာတွင် အမှန်တကယ်လိုအပ်သည့် ကျေးရွာများ၊ ပြည်သူများမှ ဆောင်ရွက်ပေးစေလိုသည့် ကဏ္ဍများအားဘဏ္ဍာရေးမူဘောင်နှင့်အညီ လျာထားဆောင်ရွက်ပေးနိုင်ရေး၊ လတ်တလောဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဒေသခံပြည်သူလူထုများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက လွိုင်ကော်ခရိုင် ဒီမောဆိုမြို့နယ် ဒေါ်ညေးခူကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှမျိုးဆွေ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အစိုးရ၊ လွှတ်တော်၊ ဌာနဆိုင်ရာနှင့် ပြည်သူလူထုများပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် တူညီသောအမြင်များဖြင့် ကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်ရေးအရွေ့တစ်ခုကိုဟန်ချက်ညီညီ ဖော်ဆောင်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ အသံ၊ ပြည်သူများ၏ လိုအပ်ချက်၊ ဒေသလိုအပ်ချက်များကို အပြုသဘောဆန်ဆန် ဆွေးနွေးတင်ပြကာ တင်ပြချက်အပေါ် အခက်အခဲများကိုဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်သွားရန်လိုအပ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေးကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ မိမိအနေဖြင့် ပြည်နယ်ဝန်ကြီးချုပ် တာဝန်ယူသောကာလအတွင်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေါ်ညေးခူ အခြေခံပညာအထက်တန်းကျောင်း၊ ဒေါ်တမကြီးအခြေခံပညာ အလယ်တန်းကျောင်း၊ ဒေါ်လျားခူကျေးရွာတွင် ၃၃/၁၁ KV၊ ၅ MVA ထီးဖိုးကလိုးဓာတ်အားခွဲရုံတည်ဆောက်ရန် လျာထားသောမြေနေရာ၊ ဖဲလျားကျေးရွာ ရေလွှဲဆည် ရေပေးမြောင်း ကွန်ကရစ်လိုင်နီစီခြင်း လုပ်ငန်းဆောင်ရွက်လိုသည့်နေရာနှင့် ထီးဖိုးကလိုးကျေးရွာအုပ်စု ဘောလုံးကွင်းကြမ်း ဖော်ထုတ်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီမောဆို)**

---

## ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဖွင့်လှစ်ပေး

**ငဖဲ အောက်တိုဘာ ၂၁**
မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ဥပဒေပညာရပ်များအတိုင်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကိုယ်ကျင့်သိက္ခာ ပြည့်စုံစွာဖြင့် ပြည်သူ့အကျိုးသယ်ပိုးဆောင်ရွက်ရန် ပြောကြားသည်။

တိုင်းဒေသကြီး ဥပဒေချုပ် ဦးဆန်းလင်းက မြို့နယ်ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားကာ မကွေး အောင်မင်းဆောက်လုပ်ရေး ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်မင်းခန့်က အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

မြို့နယ်ဥပဒေရုံးနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဥပဒေရုံးဆိုင်းဘုတ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ အထိမ်းအမှတ်သစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ဥပဒေရုံးသစ် အဆောက်အအုံ(ရုံး) မှာ (၃၉ပေ × ၄၅ ပေ) ရှိ RC တစ်ထပ်နှင့် ဝန်ထမ်းအိမ်ရာမှာ (၃၀ ပေ × ၃၀ ပေ ) ရှိ RC နှစ်ထပ် အမျိုးအစားဖြစ်ပြီး မြေအကျယ်အဝန်းမှာ (၈၀ပေ × ၁၀၀ ပေ ) ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ပေါင်းတည်မြို့နယ်တွင် ဆည်မြောင်းစီမံခန့်ခွဲမှုဆိုင်ရာ လွှဲပြောင်းပေးအပ်ခြင်း သဘောတူညီချက်လက်မှတ်ရေးထိုး

**ပေါင်းတည် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဝဲကြီးရေလှောင်တမံ လက်ဝဲလက်တံမြောင်းအမှတ်(၄) ရေအသုံးချသူများအသင်းကြား ဆည်မြောင်းစီမံခန့်ခွဲမှုဆိုင်ရာ လွှဲပြောင်းပေးအပ်ခြင်း သဘောတူညီချက်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက မှတ်တိုင်အုပ်စု ကုန်းသာကျေးရွာအနီး ရေခွဲအဆောက်အအုံရှင်းလင်းဆောင်၌ ကျင်းပသည်။




ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂) ညွှန်ကြားရေးမှူး ဦးကျော်သူက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တည်ဆောက်ရေး(၂) လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဝေက ပူးပေါင်းစီမံခန့်ခွဲခြင်းနှင့် လွှဲပြောင်းပေးအပ်ခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်က စိုက်ပျိုးမြေဧက တိုးတက်လာမည့် အခြေအနေအား ဆွေးနွေးပြောကြားသည်။

ထို့နောက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ ဆည်မြောင်းမူဝါဒဆိုင်ရာ အကြံပေး Mr.Hiromichi KITADA က နှုတ်ခွန်းဆက်စကားပြောကြားကာ တိုင်းဒေသကြီး (အနောက်ပိုင်း) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦးနှင့် LDY4 ရေအသုံးချရေးအသင်းဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးသည်။

အဆိုပါ LDY4 လက်တံမြောင်းအား လွှဲပြောင်းရယူခြင်းကြောင့် ကျေးရွာအုပ်စုငါးအုပ်စုမှ ဒေသခံတောင်သူ ၃၁၀ ပါဝင်သည့် ရေအသုံးပြုသူအသင်းဝင်များအနေဖြင့် ဆည်မြောင်းအဆောက်အအုံများကို အသုံးပြုတတ်လာပြီး ဆည်ရေများ အလေအလွင့်နည်းပါးလာကာ စနစ်တကျ စီမံခန့်ခွဲမှုများကြောင့် စိုက်ပျိုးကဏ္ဍမှာ သိသိသာသာ ဖွံ့ဖြိုးအောင်မြင်လာမည်ဖြစ်ပြီး ကျေးလက်လူမှုစီးပွားတိုးတက်လာမည်ဖြစ်ကြောင်းနှင့် စိုက်ဧက ၁၃၁၀ အား အချိုးကျ အညီအမျှရေသွင်းစိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း အသင်းအတွင်းရေးမှူး ဦးသန်းနိုင်ဦးက ပြောကြားသည်။

**ဝ၄၉**

# အသက် ၅၀ ကျော်လျှင် အရိုးပွခြင်းကြောင့် အရိုးကျိုးမှုဖြစ်နိုင်

**ရန်ကုန် အောက်တိုဘာ ၂၁**

ကမ္ဘာပေါ်တွင် အမျိုးသမီးသုံးဦးလျှင် တစ်ဦး၊ အမျိုးသားငါးဦးလျှင်တစ်ဦး အသက် ၅၀ ကျော်လျှင် အရိုးပွခြင်းကြောင့်ဖြစ်သော အရိုးကျိုးမှုကို ခံစားနေရကြောင်း အရိုးဆေးပညာရှင်အသိုင်းအဝိုင်းက ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ပူးပေါင်း၍ အောက်တိုဘာ ၂၀ ရက်တွင်ကျရောက်သော ကမ္ဘာ့အရိုးပါး၊ ပွရောဂါကာကွယ်ရေးနေ့ (World Osteoporosis Day)အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၂၀ နံနက်ပိုင်းက ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်၌ ကျင်းပသည်။

Osteoporosis ဆိုတာ အရိုးပါးခြင်းဖြစ်ပါတယ်။ အရိုးထုရဲ့ ၉၉ ရာခိုင်နှုန်းဟာ ကယ်လ်စီယမ်ဓာတ်နဲ့ ဖွဲ့စည်းထားပါတယ်။ သွေးအတွင်းလိုအပ်တဲ့ ကယ်လ်စီယမ်ဓာတ်ပမာဏကို အစားအသောက်တွေက အလုံအလောက်မရတဲ့အခါ အရိုးထုထဲက ကယ်လ်စီယမ်ဓာတ်ပမာဏကို ထုတ်ပေးရပါတယ်။ ဒီလိုနဲ့ အရိုးထုထဲမှာရှိတဲ့ ကယ်လ်စီယမ်ပမာဏတွေဟာ လျော့နည်းလာပြီး သာမန်လဲကျရုံနဲ့ အရိုးကျိုးသွားနိုင်ပါတယ်” ဟု အရိုးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာမြင့်သောင်းက ပြောသည်။

အသက်အရွယ်ကြီးလာသည်နှင့်အမျှ အရိုးပွနှုန်း ပိုမိုများပြားလာနိုင်ကြောင်း၊ အမျိုးသမီးများသည် အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် အရိုးပွနှုန်း ပိုမိုများပြားကြောင်း၊ အမျိုးသမီးများသည် ဓမ္မတာပြီးဆုံးချိန်တွင် အရိုးပွဆက်နွယ် အရိုးကျိုးခြင်း ပိုမိုဖြစ်ပွားနိုင်ကြောင်း၊ ၂၅ ရာခိုင်နှုန်းသော ပေါင်ကျိုးခြင်းကို အသက်ကြီးသော အမျိုးသားများတွင်လည်း တွေ့ရပြီး ဝေဒနာပြင်းထန်စွာခံစားရကာ သေဆုံးသည်အထိ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အရိုးကျန်းမာပြီး အရိုးကျိုးခြင်းကင်းသောဘဝကို ပိုင်ဆိုင်နိုင်ရန်အတွက် လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်း၊ ကယ်လ်စီယမ်၊ ဗီတာမင်ဒီနှင့် ပရိုတင်း၊ အသားဓာတ်ပါဝင်သော အရိုးအားဖြည့် အာဟာရပါဝင်မှုများသော အစားအစာများကိုစားသုံးခြင်း၊ အရိုးကျန်းမာခြင်းကို ထိခိုက်စေမည့် ဆေးလိပ်နှင့်အရက်ကို သောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရိုးပွနိုင်ခြေနှုန်း ရှိ-မရှိကို ရှာဖွေစစ်ဆေးခြင်း၊ ကိုယ်အလေးချိန်ထိန်းခြင်းတို့ကို အလေးထားဆောင်ရွက်သင့်ကြောင်း သိရသည်။

စတီးရိုက်ပါသောဆေးများ၊ ခန္ဓာကိုယ် ခုခံအားကိုနည်းစေသောဆေးများ၊ ဝက်ရူးပြန်ရောဂါအတွက်သုံးသောဆေးများ၊ စတီးရိုက်ပါသောဟော်မုန်းဆေးများ၊ ရင်သားကင်ဆာတွင်အသုံးပြုသောဆေးများ၊ စိတ်ကျန်းမာရေးဆေးများ၊ အတက်ကျစေသောဆေးများ၊ လည်ပင်းဟော်မုန်းဆေးများ၊ လီသီယမ်ဆေးများနှင့် အစာအိမ်ဆေးများသည် အရိုးကိုထိခိုက်စေနိုင်သည့်အတွက် ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ သုံးစွဲသင့်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသူများအား အရိုးပွ၊ ပါး ရောဂါ ရှိ-မရှိ အခမဲ့စစ်ဆေးပေးခြင်း၊ ဆရာဝန်ကြီးများ အရိုးပွခြင်း သိကောင်းစရာများအကြောင်း ဟောပြောပေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်မောင်စိုး**



# ရန်ကုန်မြို့တော်ခန်းမရှေ့တွင် သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံတွင် သီတင်းကျွတ်မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်(၄) ဒေါ်မေမေသွယ်က ပြောသည်။

အဆိုပါမီးထွန်းပွဲတော်ကို BMB Entertainment Group မှ ဆောင်ရွက်ခြင်းဖြစ်ပြီး ပန်းခြံတွင် ဆီမီးခွက်များထွန်းညှိခြင်း၊ အလှမီးပုံးများချိတ်ဆွဲခြင်းတို့ကို အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်ထိ ညနေ ၃ နာရီမှ ည ၁၀ နာရီထိ ထွန်းညှိသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်မြို့တော်ခန်းမကြီးကိုလည်း ရောင်စုံအလှမီးများဖြင့် အလှဆင်မည်ဖြစ်ကြောင်း သိရသည်။

**စာနည်းမောင်**

တိုတိုထွာထွာဖတ်စရာ

## သီတင်းကျွတ်ပွဲတော်ကာလ ရန်ကုန်–နေပြည်တော်–မန္တလေး အထူးရထားများပြေးဆွဲမည်

**မန္တလေး အောက်တိုဘာ ၂၁**

သီတင်းကျွတ်ပွဲတော်ကာလအတွင်း နေရပ်သို့ပြန်ကြမည့် ခရီးသွားပြည်သူများနှင့် ဝန်ထမ်းများ သွားလာမှုအဆင်ပြေစေရေးအတွက် မြန်မာ့မီးရထားမှ အထူးရထားများ ပြေးဆွဲပေးမည်ဖြစ်သည်။

အထူးရထားများကို နေပြည်တော်မှ အောက်တိုဘာ ၂၂ ရက် ည ၉ နာရီခွဲတွင် ထွက်ခွာပြီး ရန်ကုန်သို့ အောက်တိုဘာ ၂၃ ရက် နံနက် ၇ နာရီတွင် ရောက်ရှိမည်။ ရန်ကုန်မှ အဆန်ရထားသည် အောက်တိုဘာ ၂၃ ရက် ည ၆ နာရီတွင် ထွက်ခွာပြီး မန္တလေးသို့ အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရောက်ရှိမည်။

မန္တလေးမှ အစုန်ရထားသည် အောက်တိုဘာ ၂၄ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး ရန်ကုန်သို့ အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ရောက်ရှိမည်။ ရန်ကုန်မှ အဆန်ရထားသည် အောက်တိုဘာ ၂၅ ရက် ည ၉ နာရီခွဲတွင် ထွက်ခွာပြီး နေပြည်တော်သို့ အောက်တိုဘာ ၂၆ ရက် နံနက် ၇ နာရီတွင် ရောက်ရှိမည်။

ရထားလက်မှတ်များကို အောက်တိုဘာ ၂၁ ရက်မှစ၍ ရန်ကုန်ဘူတာကြီး၊ နေပြည်တော်ဘူတာကြီးနှင့် မန္တလေးဘူတာကြီးတို့တွင် ဝယ်ယူနိုင်ပြီး လက်မှတ်ခမှာ ယခင်နှုန်းထားအတိုင်းဖြစ်သည်။ အထူးရထားသည် ပဲခူး-တောင်ငူ-ပျဉ်းမနား-နေပြည်တော်-သာစည် ဘူတာများတွင် ရပ်တန့်ပေးမည်ဖြစ်သည်။ **သီဟကိုကို(မန္တလေး)**

## စလင်း၌ စီမံကိန်းကျေးရွာများ ရွေးချယ်ပွဲပြုလုပ်

**စလင်း အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် ကျေးရွာရွေးချယ်ပွဲအခမ်းအနားကို စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် အောက်တိုဘာ ၁၈ ရက်က ကျင်းပသည်။

ကံကုန်းကျေးရွာ၊ သရက်ကုန်းကျေးရွာ၊ သန်းပင်ကုန်းကျေးရွာ၊ အရှေ့ဇီကုန်းကျေးရွာ၊ စနေချောင်ကျေးရွာ၊ လေးရွာကျွန်းကျေးရွာနှင့် ကူရင်းချောက်ကျေးရွာတို့အား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်ရန် ရွေးချယ်ခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## မိုးနဲမြို့တွင် ရင်ခွင်မဲ့ကလေးကာကွယ်စောင့်ရှောက်ရေးအသင်းဖွဲ့

**မိုးနဲ အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်တွင် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း မြို့နယ်အဆင့် အထောက်အကူပြုကော်မတီ ကိုးဦးနှင့် အသင်းဝင် ၁၄ ဦး စုစုပေါင်း ၂၅ ဦး ပါဝင်သော ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **၆၆ၥ**

## မယ်စဲ့မြို့နယ်တွင် စတုတ္ထအကြိမ်ငွေထုတ်ချေး

**မယ်စဲ့ အောက်တိုဘာ ၂၁**

ကယားပြည်နယ် မယ်စဲ့မြို့နယ် လမ်းဆုံကျေးရွာ မြစိမ်းရောင်ရန်ပုံငွေ စတုတ္ထအကြိမ်ပြန်လည်ထုတ်ချေးမှုကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက လမ်းဆုံကျေးရွာခန်းမဆောင်၌ ကျင်းပသည်။

ဘော်လခဲခရိုင် ကျေးလက်ဦးစီးမှူး ဦးစိုးလင်းနှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမိုးအောင်တို့က မြို့နယ်အဆင့်ကော်မတီမှ အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးအား စုစုပေါင်းချေးငွေကျပ် ၃၉၁ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## မူဆယ်တွင် ဆိုင်ကယ်ရောင်ပြန်စတစ်ကာများကပ်ပေး

**မူဆယ် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီတွင် သိန်းသန်းချီအဝေးပြေးကားဝင်းရှေ့ဘက် လမ်းမကြီးပေါ်တွင် ဆိုင်ကယ်ဦးထုပ်များတွင် ရောင်ပြန်စတစ်ကာများကပ်ထားပေးခြင်းကို ဆောင်ရွက်ခဲ့သည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်(မထသ) ဥက္ကဋ္ဌဦးဆောင်သောအဖွဲ့ဝင်များက နံနက် ၈ နာရီမှ ၉ နာရီခွဲအတွင်း ရောင်ပြန်စတစ်ကာများကို မော်တော်ဆိုင်ကယ်နှင့် ဆိုင်ကယ်စီးဦးထုပ်များတွင် ကပ်ပေးပြီး အသိပညာပေးခဲ့ကြောင်း သိရသည်။ **ယု(ဟီးရိုး)ပြန်/ဆက်**

## စစ်တွေ၌ ရခိုင်ရိုးရာအရုပ်ကြီးများ စတင်လှည့်လည်

**စစ်တွေ အောက်တိုဘာ ၂၁**

ရခိုင်ရိုးရာအစဉ်အလာမပျက် သီတင်းကျွတ်လပြည့်နေ့တွင် ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် ဆီမီးထွန်းပွဲတော်များကို စည်ကားသိုက်မြိုက်စွာကျင်းပရန်အတွက် မြို့ပေါ်ရပ်ကွက်အသီးသီးတွင် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းမှစတင်ကာ ရခိုင်ရိုးရာအရုပ်ကြီးများ လှည့်လည်လျက်ရှိသည်။

သီတင်းကျွတ်လပြည့်နေ့တွင် စစ်တွေမြို့ ဝက်ပါကွင်းကြီး၌ နံနက် ၉ နာရီတွင် ပင့်သံဃာတော်အပါး ၅၅၀ အား ဆွမ်း၊ ငါးပါးထုပ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# လေဖြတ်ရောဂါသတိပြုပါ

**ဒေါက်တာစိမ်းမြမြအေး (ဦးနှောက်နှင့်အာရုံကြော အထူးကုဆရာဝန်)**

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့အဖြစ် သတ်မှတ်ထားသော အောက်တိုဘာ ၂၉ ရက်သို့ မကြာမီ ရောက်ပြန်တော့မည်။ ရာသီစက်ဝန်း တစ်ပတ်လည်သွားသည်မှာ မြန်ဆန်လှသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာတွင် ကြေးမုံသတင်းစာ၌ "လေမဖြတ်စေချင်ပါ" ဆောင်းပါးနှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် "လေဖြတ်ပြီးလျှင်" ဆောင်းပါးများ ရေးသားတင်ပြခဲ့သည်မှာ ဘာမျှမကြာသေးဟု ထင်ရသည်။ အဆိုပါ ဆောင်းပါးများကို ဖတ်မိသူများရှိသကဲ့သို့ ကိစ္စများမြားမြောင်လှ၍ မဖတ်မိသူများလည်းရှိမည်။ ဖတ်လိုက်သော်လည်း မေ့သွားသည့်အချက်များလည်း ရှိမည်။ ထို့ကြောင့် မဖတ်ရသေးသူများနှင့် ဖတ်ပြီးသူများအတွက်ပါ လေဖြတ်ရောဂါနှင့်ပတ်သက်သည့် သိထားသင့်၊ လိုက်နာသင့်သည်များကို လိုတိုရှင်းရေးပြီး တင်ပြရလျှင် အကျိုးများစွာရှိမည်ဟု ယုံကြည်သဖြင့် ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။

## လေဖြတ်ရောဂါ

လေဖြတ်ခြင်းဆိုသည်မှာ ဦးနှောက်အတွင်း သွေးကြောပေါက်၍ဖြစ်စေ၊ ပိတ်၍ဖြစ်စေ ဦးနှောက်၏အစိတ်အပိုင်းများကို အထောက်အပံ့ပေးသော သွေးအလုံအလောက်မရသဖြင့် ၎င်းအစိတ်အပိုင်းများမှ ထိန်းချုပ်ထားသောလုပ်ငန်းများကို ခန္ဓာကိုယ်မှ မလုပ်နိုင်တော့ဘဲ ရောဂါလက္ခဏာများ ခံစားရခြင်းဖြစ်ပါသည်။

## လေဖြတ်ခြင်းနှစ်မျိုး

ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းနှင့် ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းဟူ၍ အခြေခံအားဖြင့် နှစ်မျိုးရှိပါသည်။

လေဖြတ်ခြင်းကိုဖြစ်စေသော အဓိကအကြောင်းတရားများမှာ -

(၁) သွေးတိုးရောဂါရှိခြင်း
(၂) ဆီးချို၊ သွေးချိုရောဂါရှိခြင်း
(၃) သွေးတွင်းအဆီဓာတ်များခြင်း
(၄) နှလုံးခုန်မမှန်ခြင်း၊ နှလုံးရောဂါရှိခြင်း
(၅) အဝလွန်ခြင်း
(၆) ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးသုံးစွဲခြင်း (ကွမ်းကို ဆေးရွက်ကြီးဖြင့်စားခြင်း၊ ဆေးရွက်ကြီးငုံခြင်း)
(၇) အရက်အလွန်အကျွံသောက်ခြင်း
(၈) ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်စားခြင်း
(၉) ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ အားကစားမလုပ်ခြင်း

## လေဖြတ်ရောဂါလက္ခဏာများ

အဖြစ်များသောရောဂါလက္ခဏာများမှာ -

- မျက်နှာတစ်ခြမ်း ထုံကျဉ်ခြင်း၊ ရွဲ့သွားခြင်း၊
- လက်၊ ခြေတစ်ဖက် (သို့မဟုတ်) နှစ်ဖက် ထုံကျဉ်ခြင်း၊ လေးလံခြင်း၊ လုံးဝမလှုပ်ရှားနိုင်တော့ခြင်း၊
- လမ်းလျှောက်ရာတွင် ဒယိမ်းဒယိုင်ဖြစ်ခြင်း၊ ထိန်းချုပ်မှုအားနည်းခြင်း၊
- စကားမပြောနိုင်ခြင်း၊ အမေးတခြား အဖြေတခြားဖြစ်ခြင်း၊
- စကားဗလုံးဗထွေးဖြစ်ခြင်း၊ မိမိပြောသောစကားကို သူများနားမလည်ခြင်း၊
- ရုတ်တရက် အမြင်အာရုံချို့ယွင်းခြင်း၊
- ရုတ်တရက် မှတ်ဉာဏ်ချို့ယွင်းခြင်းနှင့် အာရုံစူးစိုက်မှုအားနည်းခြင်း၊
- အစာ၊ ရေ မျိုရခက်ခြင်း၊
- ဆီး၊ ဝမ်း မထိန်းနိုင်ခြင်း၊
- ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ တက်ခြင်း၊
- သတိလစ်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊

## FAT သတိပေးစာတန်း

လေဖြတ်ရောဂါလက္ခဏာများထဲမှ အဖြစ်အများဆုံးလက္ခဏာများကို လွယ်ကူစွာမှတ်မိပြီး အလျင်အမြန် ကုသမှုခံယူရန် FAT ဟု အတိုကောက် သတိပေးစာတန်းကို ကမ္ဘာနှင့်အဝှမ်းတွင် လေဖြတ်ရောဂါ ပညာပေးရာတွင် အသုံးပြုလေ့ရှိပါသည်။ (ပုံတွင်ကြည့်ပါ)

သတိပြုစရာ လေဖြတ်ရောဂါလက္ခဏာ




F - Face drooping (မျက်နှာရွဲ့ခြင်း)
A - Arm weakness (လက်၊ ခြေ လေးခြင်း)
S - Speech difficulty (စကားပြော၍မရခြင်း၊ မပီမသဖြစ်ခြင်း)
T - Time to act (အလျင်အမြန် ကုသမှုခံယူခြင်း)

**"ရုတ်တရက်၊ မျက်နှာရွဲ့၍**
**ခြေလက်လေးကာ၊ စကားပြောရခက်ပါက**
**အလျင်အမြန်ကုသကြ"** ဟုလည်း အတိုကောက်မှတ်သားနိုင်ပါသည်။

## လေဖြန်းခြင်း

လူနာသည် အကောင်းပကတိမှ ရုတ်တရက် မျက်နှာရွဲ့သွားခြင်း၊ လက်ခြေလေးခြင်း၊ ထုံကျဉ်ခြင်း၊ စကားမပြောနိုင်ခြင်းတို့ ခေတ္တခဏ ဖြစ်သွားခြင်းဖြစ်သည်။ အဆိုပါလက္ခဏာများသည် မိနစ်အနည်းငယ်မျှသာဖြစ်ပြီး ပျောက်သွားတတ်သော်လည်း လေဖြတ်ခြင်းအဆင့်သို့ မရောက်စေရန် အရေးတကြီးကုသမှု ခံယူသင့်ပါသည်။

## လေဖြတ်လျှင် ကုသမှုခံယူခြင်း

လေဖြတ်ရောဂါခံစားရပြီဆိုပါက ဆေးမြီးတိုဖြင့် မကုသဘဲ ဆေးရုံတွင် စနစ်တကျ စမ်းသပ်၊ ကုသမှုများ ခံယူရပါမည်။ သို့မှသာ ကွန်ပျူတာဓာတ်မှန်ရိုက်ခြင်း၊ သွေးစစ်ဆေးခြင်း၊ လေဖြတ်ရောဂါအမျိုးအစားအလိုက် ဆေးကုသမှုခံယူခြင်း၊ ပြန်လည်သန်စွမ်းအောင်လေ့ကျင့်ခြင်း၊ စိတ်ပိုင်းဆိုင်ရာမြှင့်တင်ပေးခြင်းတို့ကို တတ်ကျွမ်းနားလည်သော ဆရာဝန်၊ သူနာပြုများမှ ကုသမှုပေးနိုင်ပြီး လေဖြတ်ခြင်းကြောင့်ဖြစ်နိုင်သော နောက်ဆက်တွဲပြဿနာများကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

## ကာကွယ်ခြင်း

လေမဖြတ်မီ ကြိုတင်ကာကွယ်ခြင်းသည် ဖြစ်လာမှကုသခြင်းထက် ငွေအကုန်အကျနည်းပြီး သူတစ်ပါးအပေါ် မှီခိုရသည့်ဘဝမှ ကင်းလွတ်မည်ဖြစ်ပါသည်။ မိမိ၌ လေဖြတ်စေနိုင်သောအကြောင်းအရင်း (ရောဂါများ) ရှိ-မရှိ ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်း၊ ရောဂါရှိလျှင်လည်း ထိရောက်စွာကုသခြင်းများ ပြုလုပ်ရပါမည်။

## လေမဖြတ်အောင်လိုက်နာရမည့်အချက်များ

ဆောင်ရန်အချက်များ -

(၁) လေဖြတ်စေနိုင်သည့်ရောဂါများရှိလျှင် ကုသမှုခံယူပါ။
သွေးတိုး၊ ဆီးချို သွေးချို၊ နှလုံးရောဂါနှင့် အဆီဓာတ်များသော ရောဂါများရှိပါက စနစ်တကျ ကုသမှုခံယူပါ။ ယေဘုယျအားဖြင့် -
သွေးပေါင်ချိန် - 140/90 မကျော်ရပါ။
ဆီးချို၊ သွေးချို - HbA1 c (7) မကျော်ရပါ။
သွေးတွင်းအဆီဓာတ် - LDL – 100 mg မကျော်ရပါ။

(၂) ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာကိုစားသုံးပါ။



အမျှင်ဓာတ်ပါဝင်မှုများသော အသီးအရွက်၊ အဆီထုတ်ထားသော နွားနို့၊ ဥ၊ ငါး၊ သံလွင်ဆီ၊ ပဲ၊ အစေ့အဆန်များ၊ ဂျုံ လုံးတီးဆန် အစရှိသည်တို့ကို မျှတစွာစားသုံးပါ။

(၃) လေ့ကျင့်ခန်းမှန်မှန်လုပ်ပါ။



တစ်ပတ်လျှင် အနည်းဆုံးငါးရက်၊ တစ်ရက်လျှင် နာရီဝက်ခန့် ချွေးစို့ပြီး နှလုံးခုန်မြန်စေသည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း မှန်မှန်လုပ်ပါ။

(၄) ကိုယ်အလေးချိန်ကိုထိန်းသိမ်းပါ။




မိမိ၏ခါးအတိုင်းအတာကို တင်အတိုင်းအတာဖြင့် အချိုးချပါက အမျိုးသားများတွင် (၀ ဒသမ ၉) နှင့် အမျိုးသမီးများတွင် (၀ ဒသမ ၈၅) ထက် များနေလျှင် ကိုယ်အလေးချိန်လျှော့ချရန် လိုပါသည်။
ဥပမာတွက်နည်း - ခါး - ၃၄ လက်မ = ၁. ၀၃
တင် - ၃၃ လက်မ

(၅) လေဖြတ်စေနိုင်သောအကြောင်းရင်း (ရောဂါများ) ရှိ-မရှိ စစ်ဆေးခြင်း
ကျန်းမာရေးစစ်ဆေးခြင်း မှန်မှန်ပြုလုပ်ပါ။

ရှောင်ရန်အချက်များ -

(၁) ဆေးလိပ်သောက်ခြင်း
(၂) ဆေးရွက်ကြီးသုံးစွဲခြင်း (ဆေးရွက်ကြီးဖြင့် ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း)






(၃) အရက်အလွန်အကျွံသောက်ခြင်း
(၄) ဆီကြော်များ၊ အဆီများသော အစားအစာများ၊ အချိုဓာတ်၊ အငန်ဓာတ်များသော အစားအသောက်စားခြင်း






## ၂၀၁၈ ခုနှစ် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ နှိုးဆော်ချက်

လေဖြတ်ရောဂါသည် ကမ္ဘာတစ်ဝန်း အသေအပျောက်အများဆုံး ရောဂါတစ်ခုဖြစ်နေပါသေးသည်။ လေဖြတ်ခြင်းကြောင့် အသက်မသေဘဲ ကျန်သောလူနာအများစုမှာ မသန်မစွမ်းဘဝသို့ ရောက်ကြရသော်လည်း ၎င်းတို့ကို မှန်ကန်သောကုသမှုနှင့် ပံ့ပိုးမှုများပြုလုပ်ပေးပါက အဓိပ္ပာယ်ရှိသော ဘဝတစ်ခုကို ပြန်လည်ပိုင်ဆိုင်နိုင်ပါသည်။ ယခုနှစ် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ဆောင်ပုဒ်မှာ "Up Again after Stroke" ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လေဖြတ်ပြီးသော်လည်း စိတ်ဓာတ်မကျဘဲ ပြန်လည်ထူထောင်ရန် ကြိုးစားကြပါဟု အားပေးတိုက်တွန်းလိုက်ရပါသည်။

**လေဖြတ်ပြီးဘဝ တစ်ဖန်နိုးထ**
**ထူထောင်ဖို့အရေး ကြိုးပမ်းပေး။**

UP AGAIN after stroke

ကိုးကား - ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့
(World Stroke Organization)


10% to 60% Off
Grace Collection
(၂၃)လမ်းနှင့်မဟာဗန္ဓုလလမ်းထိပ်
သိမ်ကြီးဈေးမီးပွိုင့်အနီး
၂၃-၁၀-၂၀၁၈ မှ ၁၃-၁-၂၀၁၉ အထိ
သိန်းပေါင်း(၃၀၀၀)ကျော်ချီးမြှင့်ပေးမည့် ကံစမ်းမဲအထူးအစီအစဉ်
Toyota Brand New ကား (၃)စီးနှင့် ရွှေသားဆုမဲများစွာ
နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်
GRAND OPENING
23-10-2018 (အင်္ဂါနေ့) နံနက်(၁၀)နာရီ
(၂၃-၁၀-၂၀၁၈) မှ (၃၁-၁၀-၂၀၁၈)အထိ
ဝယ်ယူသူတိုင်းအတွက်ဝယ်ယူသည့် တန်ဖိုးပေါ်မူတည်၍
ကျပ်(၃)သောင်းမှ(၅)သိန်းအထိ
ရွှေဆွဲပြားနှင့် ရွှေဆွဲကြိုးများချက်ချင်းလက်ဆောင်ချီးမြှင့်ပေးမည်။
ချက်ခြင်းပေါက်ချက်ချင်းယူ ဗလာမပါကံစမ်းမဲအစီအစဉ်
(၁)ကျပ်သားရွှေဆွဲကြိုး - (၅)ကျပ်နှင့်အခြားရွှေသားဆုမဲများ
တီဗွီ၊ ရေခဲသေတ္တာ၊အဝတ်လျှော်စက်နှင့် ငွေသားကံစမ်းမဲများ
Grace Collection
ပြေတီဦး၊ နေတိုး၊ မြင့်မြတ်၊ ဇေရဲထက်၊ ကျော်ထက်အောင်
ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ စိုင်သင်းကြည်၊ ဝတ်မှုန်ရွှေရည်၊ ဖွေးဖွေး၊ အေးမြတ်သူ၊ အေးဝတ်ရည်သောင်း
Rဇာနည်၊ ရွှေထူး၊ ထွန်းအိန္ဒြာဗို၊ ပြုံးပြုံးကျော်သိန်း၊ နီနီခင်ဇော်၊ (Rose Quartz) တို့ဖြင့် ထူးခြားဆန်းပြားစမ်းနားရင်ခုန်ဖွယ် ဖွင့်လှစ်ပေးပါမည်။










ကျိုးပေါင်းရောဂါအမျိုးမျိုးအတွက်

**အောင်ထိပ်တန်း** အမှတ်တံဆိပ်

**သက်ရင်းကြီး လိမ်းဆေးရည်**

ဒူး၊ ခါး၊ ဇက်၊ ဖနောင့်တို့တွင် ဖြစ်သော ကျိုးပေါင်းရောဂါအမျိုးမျိုးနှင့် ကျိုးပေါင်းရောဂါကြောင့်ဖြစ်သော အာရုံကြောညှပ်ဝေဒနာများ၊ ဒူးနာ၊ ခါးနာ၊ ဖနောင့်နာ၊ ထုံကျဉ်ညောင်းကိုက်အကြောတင်း၊ အကြောတက်၊ လက်ကောက်နှင့် လေငန်း စသည့်ရောဂါတို့အတွက်ဆေးကို အသားထဲစိမ့်ဝင်အောင် လိမ်းပေးပါကသက်သာမှု မြန်ဆန်စေပါသည်။

ဖော်ပြပါရောဂါများကို အောက်ပါဆေးဆိုင်များတွင် ဆရာနှင့်တိုင်ပင်ဆွေးနွေးကုသနိုင်ပါသည်။

ပင်ရင်း **အောင်ထိပ်တန်း** အရိုးအကြောတိုင်းရင်းဆေးခန်း

အမှတ်(၁၀၇)၊ အဝိုင်း(၁)၊ ဓနိရိပ်(၇)လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
အမှတ်(၄၁)၊ မြေညီထပ်၊ ဦးဝိစာရလမ်း၊ မဟာမြိုင်အိမ်ရာ၊ အကြောဝဲမှတ်တိုင်၊ မ/ဒုံ။

၀၉ ၅၁၈၅၁၀၈၊ ၀၉ ၇၃၀၃ ၂၈၆၅၊
၀၉ ၄၂၀၀၄ ၂၆၈၀

အသီးများ၍ ဗိုက်ချင်လို့သူများ၊ ဝမ်းချုပ် ဝမ်းမှန်လို့သူများအတွက် ...

**သတ္တိမောင်**

အထူးထုတ် အမှတ်တံဆိပ်

**ရှားစောင်းလက်ပပ် ဝမ်းပျော့ဝမ်းမှန်ဆေး**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR012605(0320) တာဆေဆာ စာနယ်ဇင်း ၂၂၃/၁၈၀၀

**စုဝေတာနာ** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မဥ္ဇူလမ်း၊ ဆက်မှုရှန်၊ ပုသိမ်မြို့။


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၅ရပ်ကွက်၊ တကောင်းလမ်းသွယ်၈၊ အမှတ်(၁၂၁)တွင် တည်ဆောက်ထားသည့် (၆)ထပ်တိုက်၊ ရင်ခွဲ၊ မြေညီပါ(သုံးလွှာ)(ခေါင်းရင်း)၊ အကျယ်အဝန်း ပေ(၁၉×၅၄)တိုက်ခန်းအား ကျွန်မဒေါ်အေးမင်းမြတ်[၁၂/ကမရ(နိုင်)၀၄၇၁၀၁]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ(တစ်ဝက်)ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ **ဒေါ်အေးမင်းမြတ်[၁၂/ကမရ(နိုင်)၀၄၇၁၀၁]**

**အမှတ်(၆၅-၄ဘီ)၊ အိုးဘို(အထက်)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်**

**ဖုန်း-၀၉-၄၂၈၀၁၉၉၈၆**

GS GRAND STYLE
LIGHTING EXPO' 18
10/10 - 11/11
GREATEST DISCOUNT
Event of the year for Lighting, Bulbs, Accessories and more.

Light Bulb Set for
Donation

လှူကြီးမင်းတို့မှ မီးလုံး ၅ လုံးဝယ်၊ ၄လုံးဖိုးပဲပေး။
ကျန် ၁လုံးကို ကျန်တော်တို့
Grand Style မှ ဘုန်းကြီးကျောင်း၊
ဘုရားများသို့ လှူဒါန်းသွားပါမည်

Thiri Yadanar Wholesale Market Compound
Building Zone G3, Unit G46-G52, Thudhamma Road, North Okkalapa Township, Yangon, 11031
www.grandstylemm.com Tel. +95-9785088488,+95-95088488 GrandStyleMM




KAUNG KAUNG
ရုံးခွင့်ရက်ရှည်ခရီးစဉ် ဘုရားဖူးခရီးစဉ်
သာယာဝတီ ... 120000
ရွှေကျင်ဖိုးသျှောင် ... 28000
09-777700472, 09-796116062

ရွှေလမ်းညွှန်
... 52000 Nov-9
... 52000 Nov-16
... 85000 Nov-20
09-420087371, 09-262705136

ဒီဇယ်တာတ်ဆီ
စက်ပြင်သင်တန်း
(နေ့ထိုင်စရာအခမဲ့)
၀၁-၄၀၀၆၁၃၄
၀၉-၇၇၂၄၆၁၃၂၄
၀၉-၂၅၈၈၄၀၅၀၀
၂၁ အနောက်မြင်းခြံလမ်း၊ တာမွေလမ်းဆုံ၊ မီးပွိုင့်အနီး၊ ရန်ကုန်မြို့။




CROWN EDUCATION
ROYAL ACADEMIC INSTITUTE
+95 (1) 527 838, +95 (9) 44 55 66 702

23
မဆလာ
(စင်္ကာပူအစားအစာ)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

ရွှေစံဒို
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊
ဇွယ်တော်လေးဆူ Hotel 75000
Oct-26, Nov-2 ထွက်မည်
09-420420761, 09-420420762

AUTRON Family Day
(23.10.2018) ရက်နေ့ တစ်ရက်တည်းသာ
AUTRON "Family Day" အထိမ်းအမှတ်အနေဖြင့် နားကြားကိရိယာ လာရောက်ဝယ်ယူအားပေးသူ မိတ်ဟောင်းမိတ်သစ်များအား အထူးကံစမ်းမဲ အစီအစဉ်များနှင့် တကွ 10% လျှော့ဈေး အစီအစဉ်များကို 23.10.2018 တစ်ရက်တည်းတွင် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။
အမှတ် (၃၇၇)၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ - ၂၄၃၆၄၄၊ ၃၈၅၂၄၅
အမှတ် (၄၃၂)၊ ပြေညီထပ်၊ ဗညားဒလလမ်း၊ (သျှင်ပါကူဆေးရုံ မျက်စောင်းထိုး)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၅ ၅၂၀ ၇၄၄၀

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက်.....

မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?
Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?
ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တက်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်ချင်ပါသလား ?
ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ယူကြစို့ !
IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏
IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည် Only One School in Myanmar



IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင် !

Japan Style Career Education
- System Creator Course ( 2 years )
- Web Engineer Course ( 2 years )

2018 December 7 ရက်တွင်ဖွင့်လှစ်မည့်
IT Course တန်းခွဲသစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ
09-262007800, 09-262007900

METRO IT & Japanese Language Centre
7th Japan Expo 2018 Yangon
Metro Education ပြခန်း
Oct 27th ~ 29th , 2018
Tatmadaw Exhibition Hall, Yangon.
ဂျပန်ထုတ်ကုန်ပစ္စည်းများကို လာရောက်ဝယ်ယူရင်းနဲ့ Metro ကျောင်း၏ ပညာရေးဆိုင်ရာများကို လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။
Metro ပြခန်းသို့ ဝင်ရောက်လေ့လာကြသူများအတွက်လည်း အမှတ်တရလက်ဆောင်များ၊ ကျောင်းသားကျောင်းသူများအတွက်
Free Trial Lecture များကို တက်ရောက်သင်ယူနိုင်ရန်လည်း စီစဉ်ထားရှိပါသည်။

Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ www.facebook.com/metrogroupmyanmar

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးသာစိန်

**အသက် (၉၈)နှစ်**

**(တွံတေး)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မစိုးရိမ်ကျောင်းလမ်း၊ လမ်းသွယ် (၃)၊ အမှတ် (၂-က)နေ (ဦးသောင်းရ-ဒေါ်ငွေရင်)တို့၏သား၊ (ဒေါ်မြရီ) (တွံတေး၊ ရှမ်းစုကြီး)၏ခင်ပွန်း၊ (ဦးတင်ထွန်း-ဒေါ်စုစုသာ)၊ ဦးစိုးသာ-ဒေါ်ကြူကြူဝင်း၊ ဒေါက်တာချိုစစ်-ဒေါက်တာနုနုသာ၊ ဦးအောင်မင်း-ဒေါက်တာဝေဝေသာ၊ ဦးစံသာ-ဒေါ်မေဦးခင်၊ ဦးအောင်သာ-ဒေါ်ဝေဝေမြင့်တို့၏ဖခင်ကြီး၊ မြေး ၁၇ယောက်တို့၏အဘိုး၊ မြစ် ၁၂ယောက်တို့၏ ဘိုးဘိုးကြီး ဦးသာစိန် အသက်(၉၈)နှစ်အား နာမကျန်းဖြစ်စဉ်က အထူးဂရုစိုက် ပြုစုစောင့်ရှောက်ပေးခဲ့ကြသော ဝိတိုရိယဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ သူနာပြုနှင့် ဝန်ထမ်းများ၊ အနီးကပ်ပြုစုစောင့်ရှောက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ နာရေးကိစ္စတွင် နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ နာရေးကိစ္စတွင် ပါဝင်ကူညီဆောင်ရွက်ပေးသူများ အားလုံးကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများနှင့် ပန်းခြင်းများ ပေးပို့ကူညီပေးကြသူများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ သတင်းမေးအားပေးနှစ်သိမ့်ခဲ့ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများနှင့် သတင်းစာများတွင် ဝမ်းနည်းကြောင်း ထည့်သွင်းဖော်ပြသော မိတ်ဆွေသင်္ဂဟများ၊ အဖွဲ့အစည်းများအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ပခုက္ကူမြို့နယ်၊ အထက ကျွန်းချောင်း

## သတ္တမအကြိမ်မြောက်

## အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

စာသင်နှစ်တစ်နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကျင်းပပြီး ဂါရဝပြု ကန်တော့ကြပါမည်။

သို့ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်အချိန်** - ၂၇-၁၀-၂၀၁၈ ရက်၊ ညစာစားပွဲ ၁၈း၀၀ နာရီ
၂၈-၁၀-၂၀၁၈ ရက်၊ ဂါရဝပြု ကန်တော့ပွဲ၊ ၈း၀၀ နာရီ

**ကျင်းပမည့်နေရာ** - ကျွန်းချောင်းလုပ်သားခန်းမ၊ ပခုက္ကူမြို့နယ်။

**ပူဇော်ပွဲကျင်းပရေးကော်မတီ**

---

### ရဲမှူး ဟန်စိန်

**အသက်(၈၂)နှစ်**

**ခရိုင်ရဲတပ်ဖွဲ့မှူး(ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့၊ (G1A-302) တစ်မိုင်မြို့သစ်နေ ဒေါ်လှရွှေ၏ခင်ပွန်း၊ သားသမီးငါးယောက်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုး ဦးဟန်စိန် သည် ၂၀-၁၀-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၈ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၈ (သောကြာနေ့)တွင် တိုက်ကြီးမြို့၊ တစ်မိုင်မြို့သစ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (G1A-302) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း အလှူဒါယကာကြီး**

### ဦးကျော်ညွှန့်(တောပြား) (၆၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့နယ်၊ တောပြားကျေးရွာနေ (ဦးဖေရင်-ဒေါ်ရွှေသစ်)တို့၏ သား၊ အမှတ်(၄၆)၊ လှော်ကားလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ အလုံမြို့နယ်နေ (ဦးဘပြုံး)-ဒေါ်သိန်းမြင့်တို့၏ သားသမက်၊ ကိုထူးဖော်-မရင်ရင်ဦး၊ ကိုဝင်းငွေ-မနုနုခိုင်၊ မောင်ထွန်းထွန်းနိုင်၊ မခိုင်ဝင်းမော်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ငြိမ်းငြိမ်းဝင်း၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၁-၁၀-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၄၆)၊ လှော်ကားလမ်း၊ လွတ်လပ်ရေးရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## (၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

### ကိုထွန်းမင်းလတ် (LL.B)

**ပန်းတနော်**

သားလေး ဖေဖေ-မေမေ၊ မကြီးချောတို့နဲ့ ခွဲခွာသွားတာ ၂၃-၁၀-၂၀၁၈ရက်နေ့ဆိုရင် (၃)နှစ်ပြည့်ပြီ သားရေ. . . ၂၃-၁၀-၂၀၁၈ရက်မှာ သားလေးအတွက် ရည်စူးပြီး ပင့်သံဃာအပါး(၅၀၀)ကျော်နဲ့ သီလရှင်များကို ဆွမ်းခဲဘွယ်နဲ့ သင်္ကန်းဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းမှာဖြစ်ပါတယ်။ နေ့စဉ်လှူဒါန်းသော ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါတယ်။ သားလေးတစ်ယောက် မြင့်မြတ်သော ဘဝဘုံဌာနကို ရောက်ရှိပြီးသိပါစေ။ မြင်ပါစေ၊ ကြားပါစေ၊ သာဓုခေါ် ဆိုနိုင်ပါစေ။

**သားလေးရေ အမျှ-အမျှ-အမျှ**

**ဖေဖေ-မေမေ၊ မကြီးချောနှင့် ဆွေမျိုးတစ်စု**

---

### ဒေါ်မြတင်(ထားဝယ်)

**အလယ်တန်းပြဆရာမ(ငြိမ်း)**

**ABM ကျောင်း**

**အထက-၃၊ ထားဝယ်**

**အထက-၁၊ ထားဝယ်**

**အလက-၂၊ ကမာရွတ်**

**အသက်(၇၅)နှစ်**

ထားဝယ်မြို့နေ (ဦးဘိုးခ-ဒေါ်လှမင်း)တို့၏ သမီး၊ (ဦးစိုးစိုး)၏ ဇနီး၊ (ဦးသောင်းညွှန့်)၏ညီမ၊ (ဒေါ်အုန်းကြည်)၊ (ဒေါ်တင်သိန်း)၊ (ဒေါ်ခင်ညို)၊ (ဦးသောင်းတင်)၊ ဦးစန်းလှတို့၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၁၅၉)၊ မာဃလမ်း၊ (၄၀)ရပ်ကွက်၊ မ/ဒဂုံမြို့နယ်နေ ဦးဆန်းမြင့်-ဒေါ်ဥမ္မာစိုး၊ ဦးငွေမိုးအောင်-ဒေါ်ငြိမ်းအေးစုတို့၏ မိခင်၊ မလမင်းသော်တာအိမ်၊ မသွန်းမိုးဝဿန်၊ မထက်ဆုလင်းလက်တို့၏ အဘွားသည် ၂၀-၁၀-၂၀၁၈(စနေနေ့) နံနက် ၉း၃၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟ များအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၁၈ (သောကြာနေ့) နံနက် ၆ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးသာစိန် (တွံတေး)

**အသက်(၉၈)နှစ်**

ဦးစိုးသာ-ဒေါ်ကြူကြူဝင်းတို့၏ဖခင် ဦးသာစိန် အသက်(၉၈)နှစ်သည် ၁၇-၁၀-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**ဝန်ထမ်းမိသားစု**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးသာစိန်

**အသက်(၉၈)နှစ်**

ဦးအောင်မင်း-ဒေါက်တာဝေဝေသာ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း)တို့၏ ချစ်လှစွာသော ဖခင်ကြီးသည် ၁၇-၁၀-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၃ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရားဒါယကာ၊ ရဟန်းဒါယကာ၊ ကျောင်းဒါယကာကြီး**

### ဦးသာစိန် (၉၈)နှစ်

**တွံတေး**

ဦးအောင်မင်း-ဒေါ်ဝေဝေသာ [ဥက္ကဋ္ဌ-မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း MWCDF]၏ ဖခင်ကြီး ဦးသာစိန် (၉၈)နှစ် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအမျိုးသမီးများနှင့်**
**ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း [MWCDF]**
**ပဲခူးတိုင်းဒေသကြီး**

---

## အထူးကျေးဇူးတင်ရှိခြင်း

### ဒေါက်တာ စုစုခိုင် (ကလေးဆေးရုံအုပ်-ရန်ကုန်)

**အသက် (၄၀)**

၁၄-၁၀-၂၀၁၈ ရက် နံနက် ၁း၃၀ နာရီတွင် ICU. NYGH ၌ ကွယ်လွန်သွားခဲ့သော ဒေါက်တာစုစုခိုင် ဆေးရုံတက်ရောက်စဉ် စေတနာမေတ္တာအပြည့်ဖြင့် နေ့ညမရွေး ကူညီစောင့်ရှောက်ပေးခဲ့သော ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ဆေးရုံအုပ်ကြီးနှင့် ရုံးဝန်ထမ်းများ၊ သမားတော်ကြီးများ၊ ရင်ခေါင်းခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာတင့်ဇော်ဦး၊ မေ့ဆေးအထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးနှင့် ICU ဌာနမှ ဆရာဝန်/ဆရာမများ၊ သူနာပြုနှင့် ဝန်ထမ်းများအားလုံး၊ နာရေးတွင် လာရောက်မေးမြန်းနှစ်သိမ့်ပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ လုပ်ဖော်ကိုင်ဖက်များ ဆွေမျိုးမိတ်ဆွေများ၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်း၊ လူမှုရေးကွန်ရက်ဖြင့် ဆက်သွယ်မေးမြန်းသူများ၊ နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ပေးကြသူများ၊ ပြန်တမ်းဖတ်ကြားပေးပါသော ဒု-ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွန်းဦးနှင့် ဆေးရုံအုပ် ဒေါက်တာအောင်သူထက်အားလည်းကောင်း၊ နာမကျန်းဖြစ်စဉ် ကူညီစောင့်ရှောက်ပေးခဲ့သော ကလေးဆေးရုံအုပ်ကြီး ဒေါက်တာစုစုဒွေးနှင့် ဆေးရုံဝန်ထမ်းများ၊ ထန်းတပင် အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်နိုင်၊ ဒေါက်တာမြဝတ်ရည်၊ ဒေါက်တာအိဇင်ငြိမ်း၊ လ/ထ ဆရာဝန်များ၊ သူနာပြုဆရာမကြီးများနှင့် ဆေးရုံဝန်ထမ်းများ၊ ၅/၉၉ ဆေးမန်းမှ သူငယ်ချင်းများ၊ နာရေးကိစ္စအဝဝတွင် စိတ်ရောကိုယ်ပါ ဝိုင်းဝန်းကူညီပေးကြသော (၁၁)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ မြောက်ဒဂုံမှ ရပ်မိရပ်ဖများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဆရာမကြီး ဒေါ်စိန်အေး (၉၃)နှစ်

**လက်ပံတန်း(ညောင်ဝိုင်း)**

**အထက်တန်းပြဆရာမ(ငြိမ်း)**

သူငယ်ချင်း Dr. မြင့်မြင့်စန်း (ပါမောက္ခ၊ ဌာနမှူး၊ သွားရောဂါကုဆေးပညာဌာန၊ သွား/ဆေးတက္ကသိုလ်၊ ရန်ကုန်)၏ ချစ်လှစွာသောမိခင်ကြီး ဆရာမကြီး ဒေါ်စိန်အေး အသက်(၉၃)နှစ်သည် ၁၈-၁၀-၂၀၁၈ (ကြာသပတေးနေ့) ည ၇း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**13th BDS မှ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဆရာမကြီး ဒေါ်စိန်အေး

**အသက် (၉၃) နှစ်**

**အထက်တန်းပြဆရာမ (ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၂၄)၊ အခန်း(၃၀)နေ (ဦးစံတင်ရ-ဒေါ်စု)တို့၏ သမီး၊ နတ်တလင်းမြို့နယ်အသင်း (ရန်ကုန်)၏ နာယကကြီး [ဦးအေး(တိုင်းပညာရေးမှူး-ငြိမ်း)]၏ဇနီး ဒေါ်စိန်အေးသည် ၁၈-၁၀-၂၀၁၈ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နတ်တလင်းမြို့နယ်အသင်း (ရန်ကုန်)**
**အမှုဆောင်အဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမင်းကြည်

**အသက် (၅၈) နှစ်**

**(တောင်စွန်း)**

**တိုင်းရင်းဆေးသိပ္ပံ အပတ်စဉ်(၉)**

တိုင်းရင်းဆေးသိပ္ပံ အပတ်စဉ်(၉)မှ ဦးမင်းကြည် အသက်(၅၈)နှစ်သည် ၁၉-၁၀-၂၀၁၈ (သောကြာနေ့)တွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အပတ်စဉ်(၉)မှ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာမြညွှန့် (၈၈) နှစ်

**B.Sc, MRCVS (Edin), M.Sc (Guelph)**

**ပါမောက္ခချုပ်(ငြိမ်း) တိ-မွေးကုတက္ကသိုလ်**

ချစ်ခင်လေးစားရပါသော ဆရာကြီး ဒေါက်တာမြညွှန့် (ပါမောက္ခချုပ်-ငြိမ်း၊ တိ-မွေးကုတက္ကသိုလ်)သည် ၁၃-၁၀-၂၀၁၈ ရက်တွင် အမေရိကန်နိုင်ငံ Los Angeles မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**1982 - 91 batch B.V.S မှ**
**ချစ်တပည့်များ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မြသန်း(ရေစကြို)

**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ(ဦးဉာဏ်ထွန်း-ဒေါ်အုန်း)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ (ဦးဘသိန်း-ဒေါ်သေးသေး)တို့၏သမီးချွေးမ၊ ဒုရဲမှူးကိုကိုကြီး (ရန်ကုန်တိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူးရုံး)-ဒုရဲမှူးနီနီဝင်း (ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ လုံခြုံရေးရဲတပ်ဖွဲ့၊ ရန်ကုန်)တို့၏ မိခင်သည် ၂၀-၁၀-၂၀၁၈ (စနေနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ၂၂-၁၀-၂၀၁၈ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကျိစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရေစကြိုမြို့နယ်သူ၊ မြို့နယ်သားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားပါသည်။ [စိုက်ပျိုးမွေးမြူရေး(၁)ရပ်ကွက်၊ အမှတ်(၂/၆/၁၆) နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ပါမည်။]

**အမှုဆောင်အဖွဲ့၊ ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နှင်းရီ (ခ) စောဝေရောင်

**အသက် (၇၅)နှစ်**

အောင်ဆန်း(၇) တရားရေးအရာရှိသင်တန်းဆင်း သူငယ်ချင်း ဦးလှဝင်း၏ဇနီး ဒေါ်နှင်းရီ(ခ) စောဝေရောင်သည် ၁၆-၁၀-၂၀၁၈ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း (၇) တရားရေးအရာရှိ**
**သင်တန်းဆင်းသူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ**

### ဦးချစ်မြ(ခ)ဦးဝေမင်းဦး

**အသက် (၅၀)**

**သီတဂူ အပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့၊ အဖွဲ့ဝင်**

**ပန်းဘဲတန်းမြို့နယ်၊ မလွန်ဆန်လှူအသင်းထောက်အဖွဲ့၊ စာရင်းကိုင်ချုပ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ယင်းတိုက်လမ်း၊ အမှတ်(၁)၊ မြောက်လွှာနေ ဦးချစ်မြ(ခ)ဦးဝေမင်းဦးသည် ၁၉-၁၀-၂၀၁၈ ရက် (သောကြာနေ့) နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြုအဖွဲ့.**

---

### LUCKY WEALTH ကုမ္ပဏီမှ

### ဝန်ထမ်း ဦးသူရထွန်း[၅/ရဥန(နိုင်)၀၇၁၉၅၅]

### သိစေရန်

ကုမ္ပဏီမှ လေလံဆွဲရယူထားသော သစ်လပ်ပုံအမှတ်(၀၄၅၅)၊ ကညင်သစ် သီးသန့် (၉၀)လုံး၊ (၇၅. ၂၀၂)တန်၏ ငွေသွင်းပြေစာမူရင်း (မုံရွာပြည်သူ့သစ်ဆိုင်အမှတ်-၃၉)တို့ကို ယူဆောင်ပြီး ဆက်သွယ်ခြင်းမရှိတော့ပါသဖြင့် ယနေ့မှ (၇)ရက်အတွင်း ကုမ္ပဏီသို့ဖြစ်စေ၊ ကျွန်ုပ်တို့ထံသို့ဖြစ်စေ လာရောက်ဆက်သွယ်ပေးအပ်ပါရန် သိစေအပ်ပါသည်။

အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် ကျွန်ုပ်တို့အား လွှဲအပ်ထားပြီးဖြစ်ပါကြောင်း။

ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B,DBL,DML,DIL,DLP,WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon (IC),HGP, R.L, DBL
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄

---

# သစ်တော

# သစ်ပင်

# ဒို့ချစ်ခင်

# အစဉ်

# စိုက်ပျိုး

# အလှတိုး

---

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာခင်ခင်လွင် 3rd Batch UDMY Alumnus မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်အသင်း၏ ဗဟိုအမှုဆောင်ဟောင်း (၂၀၁၄-၂၀၁၆) အသက် (၇၂)နှစ်သည် ၁၆-၁၀-၂၀၁၈ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးသန်းထွေး

**အသက်(၅၉)နှစ်**

**(စီမံ/ညွှန်ကြားရေးမှူး-ငြိမ်း၊ ပြည်ထောင်စုတရားလွှတ်တော်)**

သူငယ်ချင်း ဒေါ်ခင်မွေး (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း)၏ ခင်ပွန်း ဦးသန်းထွေး အသက်(၅၉)နှစ်သည် ၁၈-၁၀-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၁ ခုနှစ် ဥပဒေဘွဲ့ရသူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာသဇင်ဘုန်း (မျက်စိရောဂါကုပညာဌာန၊ မြောက်ဥက္ကလာပဆေးရုံ)၏ ချစ်လှစွာသော ညီမငယ် မနီနီလွင်ဘုန်း အသက်(၂၄)နှစ်သည် ၂၀-၁၀-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ထွဋ်-ဒေါက်တာ ဒေါ်ခင်သိုက်ဝင်း၊**
**မဖြူဖြူမာ၊ ကိုရဲထွန်းလင်း၊ ကိုနေမျိုးထွဋ်**

# ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ



အောက်တိုဘာ ၂၁ ရက် ညပိုင်းတွင် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်မြို့တွင် နှစ်စဉ်ပုံမှန်ကျင်းပမြဲဖြစ်သည့် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို ယနေ့ညနေပိုင်းမှ စတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို ပုဇွန်တောင်မြို့နယ်ရှိ ၇ ရပ်ကွက်၊ ၉ ရပ်ကွက်၊ ၁၀ ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကျိုက်တော်ရပ်ကွက်နှင့် ဗိုလ်တထောင်မြို့နယ်ရှိ ၁၀ ရပ်ကွက်တို့တွင် ကျင်းပနေခြင်းဖြစ်ပြီး ပုဇွန်တောင်မြို့နယ်ရှိ ၇ ရပ်ကွက်နှင့် ၉ ရပ်ကွက်တို့တွင် ဖျော်ဖြေပွဲများပါဝင်ကာ ကျန်ရပ်ကွက်များတွင် စျေးရောင်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများပါဝင်ကြောင်း သိရသည်။

စျေးရောင်းပွဲတော်အတွင်း ဆိုင်ခန်းပေါင်း ၄၀၀ ခန့်မှ အစားအသောက်အပါအဝင် လူသုံးကုန်ပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချလျက်ရှိပြီး တေးသရုပ်ဖော်အဖွဲ့၊ အငြိမ့်အဖွဲ့ အပါအဝင် လိပ်ကန်လမ်း မိသားစုများ၏ ပထမအကြိမ် ကာတွန်းပြပွဲများကြောင့်ပွဲတော်လာပြည်သူများ အထူးနှစ်ခြိုက်လျက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်ရောက်ရှိ မြစ်ဝကျွန်းပေါ်ဒေသသို့ ဖြတ်ကျော်ဝင်ရောက်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၁**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

လေဖိအားနည်းရပ်ဝန်းသည် နောက် ၁၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပြီး နောက် ၁၈ နာရီအတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့ ဖြတ်ကျော်ဝင်ရောက်နိုင်မည်ဟု ခန့်မှန်းရသည်။

လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ညမှ နောက် ၁၈ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ❍**

## အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့် မြန်မာနိုင်ငံ၌ ကျင်းပခွင့်ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၁**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်တွင် မြန်မာအသင်းပါဝင်သော အုပ်စုအား မြန်မာနိုင်ငံ၌ ကျင်းပခွင့်ပေးရန် ဆုံးဖြတ်ခဲ့သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပထမအဆင့်ခြေစစ်ပွဲ အောင်မြင်ထားသောကြောင့် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် လေ့ကျင့်မှုပြုလုပ်နေပြီဖြစ်ပြီး ကစားသမား ၃၀ ရွေးချယ်ထားသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက ကိုင်တွယ်နေသည်။ မြန်မာအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများနှင့် ပြည်ပလေ့ကျင့်ရေးခရီးစဉ်များ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ဒုတိယအဆင့် ခြေစစ်ပွဲကို ပထမအဆင့်မှ တက်ရောက်လာသည့် အသင်းရှစ်သင်းဖြင့် **စာမျက်နှာ ၅ ကော်လံ ၅ သို့ ✪**



မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းကို ပထမအဆင့်ခြေစစ်ပွဲမတိုင်မီ တွေ့ရစဉ်။




## (၂၀)ကြိမ်မြောက် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဓမ္မဇုတသုံးထပ်စာသင်သံဃာဆောင်ပန္နက်တင်မင်္ဂလာပွဲ သာသနာ့ကျက်သရေဂုဏ်ဆောင် စာအောင်သံဃာပူဇော်ပွဲ ဖိတ်ကြားလွှာ

ရွှေဥမင်ဆရာတော်ကြီး တည်ထောင်တော်မူခဲ့၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ (ယော)ဆရာတော်ကြီးမှ ဦးစီးပဓာနနာယကအဖြစ် စီမံအုပ်ချုပ်တော်မူသော ရွှေဥမင်ဓမ္မသုခတောရရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်၌ ပုရိမဝါမှ ထတော်မူကြကုန်သော သံဃာတော်(၁၁၀)ပါးနှင့် ပင့်သံဃာ(၅၀)ပါးတို့အား (၂၀)ကြိမ်မြောက် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဓမ္မဇုတသုံးထပ်စာသင်သံဃာဆောင် ပန္နက်တင်မင်္ဂလာပွဲ၊ ပိဋကတ်တစ်ပုံဆောင် "ဝိနယဓရ"ဘွဲ့ရ အရှင်ဇဝနာလင်္ကာရ၊ "အဘိဓမ္မဝိဒူ"ဘွဲ့ရ အရှင်ပညာဝံသ (တိုက်ကြပ်ဆရာတော်)၊ "သံယုတ္တနိကာယဝိဒူ"ဘွဲ့ရ အရှင်သာသနာလင်္ကာရာဘိဝံသ၊ "အင်္ဂုတ္တရနိကာယဝိဒူ"ဘွဲ့ရ အရှင်သိရိန္ဒာလင်္ကာရ အစိုးရပထမပြန်စာမေးပွဲအောင် ရဟန်း၊ သာမဏေ(၂၀)ပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲတို့ကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ (၁၃၈၀ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်) ၂၇-၁၀-၂၀၁၈ (စနေနေ့) နံနက် ၈ နာရီတွင် ပန္နက်တင်မင်္ဂလာအခမ်းအနားစတင်၍ နံနက် ၉း၃၀ နာရီတွင် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းတို့ကို ကျင်းပမည်ဖြစ်ပါ၍ ကျောင်းတိုက်၏ပစ္စည်း(၄)ပါး ဒါယကာ၊ ဒါယိကာမများ၊ ကုသိုလ်ရှင်များကြွရောက်၍ အနုမောဒနာတရား စုပေါင်းနာယူ၊ ကုသိုလ်အမျှရယူကြပါရန် လေးမြတ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ရိပ်သာအကျိုးတော်ဆောင်အဖွဲ့**

## တည်ဆောက်မှုလုပ်ငန်းကန်ထရိုက်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာသစ်ဆိပ် မြန်မာ့သစ်လုပ်ငန်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ ရွှေပြည်သာသစ်ဆိပ်တွင် သံပန်းဂိတ်တံခါး (၄)ပေါက်အပါအဝင် အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။ အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါခေါ်ယူလိုသည့်ဌာန | မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန |
| တာဝန်ခံအရာရှိ | ဦးအောင်ဇော်မိုး(လက်ထောက်အထွေထွေမန်နေဂျာ)၊ ၀၁-၃၅၂၈၇၅၆၊ ၀၁-၃၅၂၈၇၅၈၊ ၀၉-၅၁၅၀၃၁၇ |
| တည်ဆောက်မည့်လုပ်ငန်းဖော်ပြချက် | အုတ်ခြံစည်းရိုးကာရံခြင်း၊ (ပေ ၄၂၉၀×၉လက်မ×၆ပေ) သံပန်းဂိတ်တံခါး(၄)ပေါက်၊ (ပေ၂၀×၆ပေ)အပါအဝင် |
| တည်ဆောက်မည့်နေရာ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာသစ်ဆိပ် (မြန်မာ့သစ်လုပ်ငန်း) |
| အရည်အသွေးစံချိန်စံညွှန်းများ | အုတ်ခြံစည်းရိုး (ပေ ၄၂၉၀×၉လက်မ×၆ ပေ)၊ သံပန်းဂိတ်တံခါး(၄)ပေါက် ပေ(၂၀×၆) အပါအဝင်အတွက် ကွန်ကရစ်ခံနိုင်ရည်အားသည် အဆောက်အအုံ သုတေသနဌာနမှ သတ်မှတ်ထားသော စံညွှန်းနှင့်ကိုက်ညီစေရန် ကုမ္ပဏီမှ တာဝန်ယူ၍ စစ်ဆေးခံပြီး တင်သွင်းပေးရမည်။ |
| အရည်အချင်းသတ်မှတ်ချက် | - ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည်။<br>- ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။<br>- အရည်အချင်းမီ အင်ဂျင်နီယာဝန်ထမ်းများရှိရမည်။<br>- အလားတူ ကန်ထရိုက်အနည်းဆုံး (၂)ခုကိုဆောင်ရွက်ဖူးရမည်။<br>- ဘဏ္ဍာရေးတည်ငြိမ်မှု ရှိရမည်။<br>- (၂၀၁၇-၂၀၁၈)ဘဏ္ဍာနှစ်၏ ဝင်ငွေခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ထားရမည်။<br>- တင်ဒါစာရွက်စာတမ်းထဲရှိ အခြားလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရမည်။ |
| တင်ဒါလျှောက်လွှာများနှင့်တင်ဒါ အသေးစိတ်အချက်အလက်များ ကြည့်ရှုစုံစမ်းနိုင်မည့်နေရာ(ရုံးချိန်အတွင်း) | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ ကြို့ကုန်းသစ်တောဝင်း |
| တင်ဒါစာရွက်စာတမ်းများဝယ်ယူနိုင်မည့် အချိန်(ရုံးချိန်အတွင်း) | (၂၂-၁၀-၂၀၁၈)ရက်မှ (၂၀-၁၁-၂၀၁၈)ရက်အထိ |
| တင်ဒါစာရွက်စာတမ်းကျသင့်ငွေ | ကျပ်-၁၀၀၀၀ |
| တင်ဒါတင်သွင်းရမည့်နေရာ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ ကြို့ကုန်းသစ်တောဝင်း |
| တင်ဒါတင်သွင်းရမည့် နောက်ဆုံးအချိန် | ၂၀-၁၁-၂၀၁၈ ရက်၊ နံနက်(၁၀း၀၀)နာရီ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**ရွှေပြည်သာသစ်ဆိပ်၊ အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း**
**ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**
**မြန်မာ့သစ်လုပ်ငန်း**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၏ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအတွက် ဈေးပြိုင်ပေးသွင်းသူများအား ဖိတ်ခေါ်အပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘောဇရိပ်သာဝင်းအတွင်းတွင် ပန်းချီပန်းပုဌာန သင်ကြားဆောင်(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း (RC၂ ထပ်)၊ ပေ(၇၀×၁၁၀×၂၈)

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ယဉ်ကျေးမှုဝင်းအတွင်း အာဇာနည်ဝန်ထမ်းအိမ်ရာ(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း ပေ(၁၁၀×၃၆) (RC၂ထပ်)

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘောဇရိပ်သာတွင် အနုပညာပြတိုက်ဖွင့်လှစ်ရန်အတွက် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း (၈'×၇' board 306PCS ပြုလုပ်၊ ပတ်တီး၊ ဆေးသုတ်၊ ၅၇၄၄၅စတုရန်းပေဆေးသုတ်)

(ဃ) အာဇာနည်ဝန်ထမ်းအိမ်ရာနှင့် သူရဲကောင်းဗိမာန်ကြား အုတ်တံတိုင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၄၃၀အရှည်၊ ၆အမြင့်၊ RCတိုင်၊ အုတ်ကာ)

(င) ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အာဇာနည်ဝန်ထမ်း အိမ်ရာဝင်းအတွင်း သန့်စင်ခန်း၅ခန်းတွဲ ၂လုံးဆောက်လုပ်ခြင်းလုပ်ငန်း (၂၄'×၁၀'×၁၀'၊ သွပ်မိုးအုတ်ကာ)

၂။ သို့ဖြစ်ပါ၍ တင်ဒါလျှောက်လွှာများအား အောက်ဖော်ပြပါအတိုင်း ဝယ်ယူနိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်-

| | |
|---|---|
| (က) တင်ဒါစတင်ရောင်းချမည့်ရက် | - ၁-၁၀-၂၀၁၈ရက် |
| (ခ) တင်ဒါပိတ်မည့်ရက် | - ၃၁-၁၀-၂၀၁၈ရက် |
| (ဂ) တင်ဒါပိတ်မည့်အချိန် | - မွန်းတည့် ၁၂း၀၀နာရီ |
| (ဃ) တင်ဒါပုံစံရောင်းချမည့်နေရာ/ တင်ဒါတင်သွင်းရန်နေရာ | - အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| (င) လုပ်ငန်း(က)နှင့် (ခ)တို့အတွက် တင်ဒါပုံစံ(၁)စောင်လျှင် ကျသင့်တန်ဖိုး | - ၁၀၀၀၀/-ကျပ် |
| (စ) လုပ်ငန်း(ဂ)၊ (ဃ)နှင့် (င)တို့အတွက် တင်ဒါပုံစံ(၁)စောင်လျှင် ကျသင့်တန်ဖိုး | - ၂၀၀၀/-ကျပ် |

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၆၇၃-၄၀၈၀၃၄၊ ၀၆၇၃-၄၀၈၁၆၅၊ ၀၁-၅၅၅၆၄၂၊ ၀၁-၃၈၂၄၈၉**

**မှတ်ချက်။ တင်ဒါဖွင့်မည့်နေ့ရက်နှင့်အချိန်အား ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တနင်္သာရီတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး၊ လျှပ်စစ်အင်ဂျင်နီယာရုံးမှ တိုင်းဒေသကြီးအတွင်းတွင် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးငွေရင်းရန်ပုံငွေဖြင့် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ အစားထိုးတည်ဆောက်ခြင်း၊ ဓာတ်အားပေးစက်နှင့် စက်ရုံများတည်ဆောက်ခြင်း၊ ရုံး/ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများ၊ လုပ်ငန်းသုံးယာဉ်ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| (က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ၂၂-၁၀-၂၀၁၈ရက် |
| (ခ) တင်ဒါလျှောက်လွှာ ရောင်းချတင်သွင်းမည့်နေရာ | - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ရေးလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့၊ |
| (ဂ) တင်ဒါပိတ်ရက်နှင့်အချိန် | -၂၀-၁၁-၂၀၁၈ရက်၊ ညနေ(၄း၀၀)နာရီ |

၂။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်-၀၅၉-၂၃၄၉၅၊ ၀၉-၄၂၅၂၈၂၇၇၂၊ ၀၉-၂၅၁၀၀၁၆၉၀၊ ၀၉-၈၅၆၈၅၅၈၊ ၀၉-၇၉၇၅၈၇၄၇၇၊ ၀၉-၄၂၉၈၇၁၄၁၈သို့ တိုက်ရိုက်ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းနှင့် ဝယ်ယူရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တည်ဆောက်ရေးလုပ်ငန်း (Lot-1) -ဝန်ထမ်းအိမ်ရာ (၆၁' ၆"×၅၁')၊ ၄ခန်းတွဲ RC-၃ထပ်(လေးဖက်လှ) တည်ဆောက်ခြင်း

(ခ) ဝယ်ယူရေးလုပ်ငန်းများ

| | | |
|---|---|---|
| (၁) ဓာတ်ခွဲခန်းသုံးစက်ပစ္စည်း | Lot-2 | (၂)မျိုး |
| (၂) သင်တန်းသုံးစက်ပစ္စည်း | Lot-2 | (၅)မျိုး |
| (၃) ပရိဘောဂပစ္စည်း(Lot-3) | | (၃)မျိုး |

| | |
|---|---|
| ၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | -၂၆-၁၀-၂၀၁၈ရက် |
| ၃။ တင်ဒါပိတ်မည့်ရက် | -၂၆-၁၁-၂၀၁၈ရက် |
| ၄။ တင်ဒါပုံစံရောင်းချမည့်နေရာ | -အမှတ်(၁၃၇/ခ)၊ သုဓမ္မာလမ်းမကြီး (မယ်လမုဘုရားအနီး)၊ မြောက်ဥက္ကလာပမြို့နယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး |

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၆၆၅၈၀၆၊ ၀၁-၆၆၃၈၅၀၊ ၀၉-၉၇၂၇၇၂၇၉၇၊ ၀၉-၂၅၂၈၄၇၅၁၈များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (တနင်္သာရီတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်(၂၀၁၈ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ခုနှစ် စက်တင်ဘာလအထိ) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၁၀)မြို့နယ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| (က) ကုန်ထုတ်လမ်း | (၁၂)လမ်း (၁၀မိုင်/၆ဖာလုံ) |
| (ခ) ကွန်ကရစ်တံတား | (၁)စင်း၊ (၄၀)ပေ |
| (ဂ) Box Culvert | (၄)စင်း၊ (၂၄)ပေ |
| (ဃ) တွင်းတိမ် | (၂)တွင်း |
| (င) စိမ့်စမ်း | (၂၀)ခု |
| (စ) အခြား(ရေပေးရေး) | (၁)ခု |

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ငန်းစံချိန်စံညွှန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက် တင်ပြရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်းနံပါတ်၊ ၀၅၉-၂၄၀၆၆၊ ၀၉-၅၃၅၀၆၉၂၊ ၀၉-၂၅၀၄၄၇၅၃၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - ၁၉-၁၀-၂၀၁၈ရက် |
| တင်ဒါလျှောက်လွှာနောက်ဆုံးထား တင်သွင်းရမည့်ရက်နှင့်အချိန် | - ၁၉-၁၁-၂၀၁၈ရက်(၁၆း၃၀)နာရီ |
| တင်ဒါလျှောက်လွှာဝယ်ယူ/ တင်သွင်းရမည့်နေရာ | - ခရေလမ်း၊ ဆိပ်ကမ်းသာလမ်းသွယ်၊ ဆန်းချီရပ်ကွက်၊ ထားဝယ်မြို့။ |

iGREEN PILE ရိုက်သည် ☎ 09 54 05 79 9

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ခ၊ မြေကွက်အမှတ်-၁၉၁/က၊ မြေကွက်တည်နေရာအမှတ်(၁၉၁/က)၊ မြရတနာ(၆)လမ်း၊ (ခ)ရပ်ကွက်၊ ဦးထွန်းခင် [၁၂/ဥကမ(နိုင်)၀၄၁၂၅၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ဖခင်) ဦးထွန်းခင်သည် ၅-၆-၁၉၉၈ ရက်တွင်လည်းကောင်း၊ (မိခင်) ဒေါ်သန်းမြင့်သည် ၂၅-၅-၂၀၀၄ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်ချိုချိုဝင်း[၁၂/ဥကမ(နိုင်)၀၄၁၃၉၅]၊ ဒေါ်အေးအေးသန်း[၁၂/ဥကမ(နိုင်)၀၄၁၄၁၄]တို့မှ သမီးတော်စပ်ကြောင်း မြောက်ဥက္ကလာပမြို့နယ် တရားရုံးကျမ်းကျိန်လွှာအမှတ်-၇/၁၀၂/၁၈၊သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဦးထွန်းခင်အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် (၁)ထပ်အုတ်နံကပ်ဖြင့် လျှောက်ထားသူများ နေထိုင်ကြောင်း တွေ့ရှိရပါသဖြင့် အဆိုပါ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၃၂)လမ်း(အထက်)၊ အမှတ်(၂၃၁)၊ (၂)လွှာနေ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမောင်မောင်ခင်[၁၂/ပဘတ(နိုင်)၀၁၃၅၈၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးမောင်မောင်ခင်သည် ဦးမောင်မောင်(ကွယ်လွန်)နှင့် ဒေါ်ပီရိဂျန်ဘီ(ကွယ်လွန်)တို့မှ မွေးဖွားသောတရားဝင် သားတစ်ဦးဖြစ်ပါသည်။ ဖခင်ဦးမောင်မောင် ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့သည့် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်ဈေးတန်းလမ်း၊ အိမ်အမှတ်(၉၈)၊ အခန်းအမှတ်(၂၂)၊ (၄)လွှာဟုခေါ်တွင်သော တိုက်ခန်းတွင် ကျွန်ုပ်၏ မိတ်ဆွေ ဦးမောင်မောင်ခင်မှ အမွေဆိုင်တစ်ဦးအဖြစ် ပါဝင်ပတ်သက်လျက်ရှိပါသည်။

အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ဦးမောင်မောင်ခင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းဝယ်ခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်း၊ အာမခံထားခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ပြောင်းလဲခြင်းများ မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ ဦးမောင်မောင်ခင်၏ ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** | |
|---|---|---|
| **ဦးမောင်မောင်ခင်** | **ဒေါ်ညွှန့်ဟေမာသိန်း** | **ဦးလှသိန်း(15)** |
| **[၁၂/ပဘတ(နိုင်)၀၁၃၅၈၉]** | **LL.B,DL-101 WIPO** | **B.Sc,H.G.P,R.L,D.B.L** |
| | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၄၈၂၉၃)** | **(စဉ်-၁၃၂၅၆)** |

**အမှတ်(၂၁၅)၊ (၅)လွှာ(ယာ)၊ (၇)လမ်း (အနောက်)၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**Ph;09-421097904, 09-972455814**




Ks 5,000
ကမ္ဘာ့နိုင်ငံအသီးအသီးတွင်ဖြစ်ပွားလျက်ရှိသော ကင်ဆာရောဂါများအနက် ကမ္ဘာ့အဖြစ်အများဆုံး နံပါတ်(၁) အဆုတ်ကင်ဆာ၏ ဖြစ်ပွားရသည့်အကြောင်းအရင်းများ၊ ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို ဆေးပညာရှုထောင့်ဖြင့် ပြည့်စုံရှင်းလင်းစွာ ရေးသားဖော်ပြထားသည့်
ဒေါက်တာခင်မောင်လွင် (FAME)
ရေးသားထားသော
အဆုတ်ကင်ဆာ စာအုပ်
ထွက်ပြီ
စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
Ph: 09 96555 9860, 01-368 2199, 368 5083

## စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်ဘုရားကြီး အလှူခံနိုးဆော်လွှာ

စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်မြတ်ကြီးအား စစ်ကိုင်းတိုင်းဒေသကြီး၊ ခွင့်ပြုမိန့်ဖြင့် ကျေးဇူးတော်ရှင် တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု သီတဂူအဓိပတိဆရာတော် ဘဒ္ဒန္တဉာဏိဿရ၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုကို ခံယူလျက် အများပြည်သူလိုလားတောင့်တသည့် သမ္မာဆန္ဒနှင့် သဒ္ဓါကို ဖြည့်ဆည်းရန်အလို့ငှာလည်းကောင်း၊ ရှေးမူမပျက် တင့်တယ်သပ္ပာယ်စွာ ကြည်ညိုဖူးမြော်နိုင်ရန် အလို့ငှာလည်းကောင်း၊ အဖြူရောင်သက်နိုးတော်ပြန်ကပ်လှူမည့် သမိုင်းဝင်မဟာကုသိုလ်တော်လုပ်ငန်းကြီးကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် သဒ္ဓါနည်းများမဆို ပါဝင်ပူဇော်ပါရန် နိဗ္ဗာန်ကို အကျိုးမျှော်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဂေါပကအဖွဲ့**

ဆက်သွယ်ရန်လိပ်စာများ

| | | |
|---|---|---|
| ကောင်းမှုတော်ဂေါပကရုံးခန်း | | ၀၇၂-၂၁၅၅၅ |
| ဦးတင်မျိုးလွင် | ဥက္ကဋ္ဌ | ၀၉-၇၈၇၃၀၀၃၀၁ |
| ဦးနီတင် | ဒုဥက္ကဋ္ဌ | ၀၉-၇၇၉၁၀၀၄၈၆ |
| ဦးခင်မောင်တင့် | ဘဏ္ဍာရေးမှူး | ၀၉-၄၂၅၀၀၃၄၆၂ |

စစ်ကိုင်းကမ္ဘောဇဘဏ်ခွဲ(၁)
Account No -05830205800441001

ဥက္ကဋ္ဌ
ကောင်းမှုတော်ဘုရားဂေါပကအဖွဲ့




FEDERATION OF MYANMAR
MCEA
CONSTRUCTION ENTREPRENEURS ASSOCIATION

# ဒုတိယအကြိမ်မြောက် အသင်းသူအသင်းသားများ စုံညီညစာစားပွဲ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်(Federation of Myanmar Construction Entrepreneur's Association)မှ အသင်းသူ/အသင်းသားများအားလုံး (မည်သည့်အသင်းသားမဆို) ဆောက်လုပ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အချင်းချင်း စည်းလုံးညီညွတ်ချစ်ကြည်မှုရရှိပြီး ပူးပေါင်းဆောင်ရွက်မှသာ လိုအပ်သောပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးစွာအသင်းသူ/အသင်းသားများအားလုံး၊ မိတ်ဖက်အဖွဲ့အစည်းများအားလုံး စုံညီတွေ့ဆုံရန် ဒုတိယအကြိမ်မြောက် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ (ဆောက်လုပ်ရေးဆိုင်ရာ နယ်ပယ်အသီးသီးမှ ရင်းနှီးမြှုပ်နှံသူများ၊ ကန်ထရိုက်တာများ၊ အင်ဂျင်နီယာများ၊ ပညာရှင်များ၊ ပစ္စည်းရောင်းချသူများ၊ လုပ်အားကန်ထရိုက်တာများအနေဖြင့် အသင်းသားအသစ်ဖြင့် ပါဝင်တက်ရောက်နိုင်ပြီး အသင်းနှင့်အဆက်ပြတ်လျက်ရှိသော အသင်းသားဟောင်းများအနေဖြင့်လည်း အသင်းသား သက်တမ်းတိုး၍ တက်ရောက်နိုင်ပါသည်။)

**အစီအစဉ်**

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၉-၁၁-၂၀၁၈ ရက် (သောကြာနေ့) |
| ကျင်းပမည့်အချိန် | - | ညနေ ၅ နာရီမှ ည ၈ နာရီအထိ |
| ကျင်းပမည့်နေရာ | - | MCEAခန်းမ၊ အမှတ်(၃)၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊ သုဝဏ္ဏလမ်းဆုံ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |

**ဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များ**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်**
**Federation of Myanmar Construction Entrepreneur's Association**

## မှတ်ပုံတင်စိုက်ပျိုးရေးဆေးများ လွှဲပြောင်းဖြန့်ဖြူးခြင်း

ပြည်ပထုတ်လုပ်သူ Shandong Weifang Rainbow Chemical Co.,Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Rainbow Agrosciences Co.,Ltd မှ Agro Green Land Chemical Co.,Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူး ရောင်းချမည်ဖြစ်ပါသည်။

| ကုန်သွယ်မှုမြန်မာအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမျိုးအစား/အမှတ် |
|---|---|---|
| အေမင်းစဂရေး 860 SL | 2,4-D DMA 860 g/L SL | Provisional: 2015-2509 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**RAINBOW AGROSCIENCES CO.,LTD**
**Add:Building No(C), Room No(402), Level-4, Dagon Center (1),**
**Bargayar Road, Sanchaung Township,Yangon, Myanmar**
**Phone;09-456060160, 09-456060180**

## ဒေါင်-တီးဟောက်စ်မှ ဝန်ထမ်းလျှောက်လွှာ ခေါ်ယူခြင်း

| | | |
|---|---|---|
| (၁) ဆိုင်ဝန်ထမ်း | ကျား | (၂၀)ဦး |
| (၂) နံနက်စာကျွမ်းကျင်စွာ ချက်ပြုတ်နိုင်သူ | ကျား/မ | (၅)ဦး |
| (၃) မုန့်ဆရာ | ကျား | (၃)ဦး |
| (၄) သန့်ရှင်းရေး၊ ပန်းကန်ဆေး | ကျား/မ | (၅)ဦး |

ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၉၇၀၀၀၇၀
နေရပ်လိပ်စာ-အမှတ်(၂၂)၊ သစ်ရာပင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏလမ်းဆုံ ကားမှတ်တိုင်အနီး

ရန်ကုန်မြို့ အလုံမြို့နယ်၊ ဓနော/မြောက်ရပ်ကွက်၊ ဥဒေါလမ်း၊ တိုက်အမှတ် (၂၀၃)ဟုခေါ်တွင်သော ၆-ထပ် ကန်ထရိုက်တိုက်၏ ၅-လွှာ(ခေါင်းရင်း) ဘက်ခြမ်း(ခအ) တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

[illegible]

ရွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ထိုက်ထိုက်နိုး | ဒေါ်အေးအေးသိန်း |
| (LL.B) | (B.A, H.G.P) |
| အထက်တန်းရှေ့နေ (စဉ်-၃၃၆၃၀) | အထက်တန်းရှေ့နေ (စဉ်-၆၅၂၂) |
| Ph-09-421087849 | Ph-01-222918,09-250043550 |

အမှတ် (၄၅)၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

